# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၈၂)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လားရှိုးမြို့၌ ပြုလုပ်သည့် ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး **H.E. Mr. Huang Kunming** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

## တရားစီရင်ရေးကဏ္ဍတွင် ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူနှင့် ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့မှ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးလေဆိပ်သို့ ရောက်ရှိကြရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီး ဦးညီညီအောင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီးနှင့် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍတို့တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆


C B BANK

SME LOAN
- CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
- JICA TSL LOAN (ကာလရှည်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)

SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....

Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

## မြန်မာ့အလင်း

# ပြည်သူတို့၏ မျှော်လင့်ချက်များအတွက် ညီညွတ်ခြင်းနှင့် ပေါင်းစည်းခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (တတိယ အစည်းအဝေး)ကို ယနေ့(ဇူလိုင် ၁၁ရက်)မှစ၍ ဇူလိုင် ၁၆ ရက်အထိရက် သတ္တတစ်ပတ်နီးပါး ကျင်းပတော့မည်။ ယခုအစည်းအဝေးဆီသို့ NCA ခေါ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် **(Nationwide Ceasefire Agreement)** လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့တို့ သာမက မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခုနစ်ဖွဲ့တို့ပါ တက်ရောက်လာကြခြင်းဖြစ်ရာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီး ပိုမို၍ပြည့်စုံခြင်းအဖြစ် ပြည်သူများက ဝမ်းမြောက်ဝမ်းသာ နှစ်ထောင်းအားရ ခံစားမိကြသည်။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးရှိသည်ဟု သတ်မှတ်ထားသည်။ စင်စစ်အားဖြင့် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများသည်လည်း လူမျိုးတစ်မျိုးတည်း မဟုတ်မူဘဲ တိုင်းရင်းသားမျိုးနွယ်များစုပေါင်းနေထိုင်ကြခြင်းသာ ဖြစ်သည်။ မိမိတို့နိုင်ငံကို ကမ္ဘာ့အောက်ခြေ အဆင့်ဆီသို့ ကျရောက်စေခဲ့သော အကြောင်းရင်းများအနက် နိုင်ငံလွတ်လပ်ရေး ရပြီးချိန်မှ စတင်ခဲ့သော ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများက အဓိက အကြောင်းတစ်ရပ် ဖြစ်နေသည်။ သမိုင်းကြောင်းတစ်လျှောက် နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုရရှိသည့်အခါတိုင်း အင်အားတောင့်တင်းကာ မြန်မာ နိုင်ငံ၏မြေပုံသည်လည်း ကျယ်ပြန့်ခဲ့ဖူးသည်ကို လေ့လာတွေ့ရှိနိုင်သည်။ စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ချိန်တွင်မူ ကျူးကျော်ခံရကာ နိုင်ငံ့လွတ်လပ်ရေးလည်း ပျောက်ဆုံးခဲ့ရသည်ကို သင်ခန်းစာယူနိုင်သည်။ သည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်ကာ လွတ်လပ်သော နိုင်ငံဘဝကို ပြန်လည်ရောက်ရှိစေခဲ့သည့် "ပင်လုံစိတ်ဓာတ်"ကိုလည်း ပြန်လည်အမှတ်ရကြဖို့လိုပါသည်။

"ပြည်သူလူထုအားလုံးရဲ့လွတ်လပ်ရေးအတွက် မျှော်လင့်ချက်တွေကို ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့ ပင်လုံစိတ်ဓာတ်ဟာဆိုရင် ကျွန်မတို့လက်ရှိရောက်ရှိနေတဲ့ (၂၁)ရာစု အတွက်လည်းမရှိမဖြစ်လိုအပ်ချက် ဖြစ်နေပါတယ်" ဟု ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၂၁) ရာစုပင်လုံ ပထမအစည်းအဝေး၌ ပြောကြားခဲ့သည်။ ပြည်သူအားလုံး၏ မျှော်လင့်ချက်များအတွက် ညီညွတ်ခြင်းနှင့် ပေါင်းစည်းခြင်းတို့က ပင်လုံစိတ်ဓာတ်ဖြစ်သည်။ မိမိတို့အားလုံး မျှော်မှန်းကြသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မည်ဆိုလျှင် တိုင်းရင်းသားများအားလုံး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တန်းတူညီတူစုပေါင်းဆွေးနွေး ညှိနှိုင်းအဖြေရှာနိုင်စေမည့် (၂၀) ရာစုပင်လုံညီလာခံနှင့် တူညီသည့် (၂၁) ရာစု ညီလာခံတစ်ခု ကျင်းပနိုင်ရန် အထူးလိုအပ်ကြောင်းလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ရာ (၂၁)ရာစု ပင်လုံသည် ပွင့်လင်းမှု၊ ရင်းနှီးမှု၊ တန်းတူရည်တူရှိမှုတို့ဖြင့် စုပေါင်းဆွေးနွေး အဖြေရှာကြရာ ညီလာခံကြီးတစ်ရပ်ပင် ဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

ယနေ့ နိုင်ငံတော်အတွက် အလိုအပ်ဆုံးအရာနှင့် နိုင်ငံသူနိုင်ငံသားပြည်သူများ၏ အလိုလားဆုံးအရာမှာ "ငြိမ်းချမ်းရေး"ပင် ဖြစ်သည်။ နိုင်ငံတွင် ငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလှမ်းဝေးနေဦးမည်။ ပြည်သူတို့၏ ဘဝမှာလည်း လူလုံးမလှ နိမ့်ကျမြဲနိမ့်ကျနေဦးမည်။ နှစ်ပေါင်း ၇၀ ခန့်ကြာမြင့်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းသွားရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်မှာ ခက်ခဲနက်ရှိုင်းလွန်းသည် မှန်ပါ၏။ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားလျှင်၊ နိုင်ငံနှင့် ပြည်သူတို့အပေါ် စိတ်စေတနာမှန်ကန်လျှင်မူခက်ခဲသည့် ငြိမ်းချမ်းရေးမှာ မြန်မြန်ဆန်ဆန်အောင်မြင်မှု ရရှိနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ (တတိယအစည်းအဝေး) ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံ

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ဦးတည် ရည်ရွယ်ချက်ဖြင့် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ တတိယအစည်းအဝေးကို ငြိမ်းချမ်းရေးမြတ်နိုးသည့် မြန်မာနိုင်ငံစာရေးဆရာအသင်းက လှိုက်လှဲစွာထောက်ခံကြိုဆိုကြောင်း ကြေညာချက်ထုတ်ပြန်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# ဂျပန်-မြန်မာဓာတ်ပုံပြိုင်ပွဲ မြန်မာမှ မာလာဝင်းက Grand Prize ဆုရရှိ



**ရန်ကုန် ဇူလိုင် ၁၀**

နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ ဆုကြီးများနှင့် အခြားဆုများ ဆက်တိုက်ရရှိနေကြသည်။

ယခုထပ်မံ၍ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် ဂျပန်-မြန်မာ ချစ်ကြည်ရေး ဓာတ်ပုံပြိုင်ပွဲ၌ ရန်ကုန်မြို့မှ အမျိုးသမီး ဓာတ်ပုံဆရာမ မာလာဝင်းက Grand Prize ဆုကြီး ထပ်မံရရှိခဲ့သည်။ မာလာဝင်း ဆုရရှိသော ဓာတ်ပုံမှာ သီလရှင်လေးများ ပြုံးပျော်နေသောပုံ **(အပေါ်ပုံ)** ဖြစ်ပြီး ပေးထားသောခေါင်းစဉ်မှာ ပျော်ရွှင်ချိန် (Happy Times for us) ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဆုများလည်း ရရှိကြသည်။

ဂျပန်-မြန်မာ ချစ်ကြည်ရေး ဓာတ်ပုံပြိုင်ပွဲကို ဂျပန်ဝန်ကြီးချုပ်၏ ဇနီး ကိုယ်တိုင်ကြီးမှူး၍ တိုကျိုရှိ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ ဂျပန်မြန်မာ ယဉ်ကျေးမှုအသင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဂျပန်ရောက်မြန်မာများက ပူးပေါင်းပါဝင်ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ ယခုနှစ်ကျင်းပသည့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Grand Prize ဆုနှင့် အထူးဆု ၁၄ ဆုနှင့် အခြားဆုများရရှိရာ Grand Prize ဆုအတွက် ဂျပန်ယန်းငွေ တစ်သိန်းနှင့် အခြားဆုများအတွက် ဂျပန်နိုင်ငံမှ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

# မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၀**

အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန် သင်တန်းဌာန(နေပြည်တော်)တွင် မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှုသင်တန်းကို ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး အဆိုပါသင်တန်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်း၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံ၏ ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေစွာ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းအားဖြင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပွဲကျင်းပမည်

**ပြည် ဇူလိုင် ၁၀**

ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၃၈၀ ပြည့်နှစ် ပုရိမဝါဆိုတော်မူကြမည့် နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍာလ ဇောတိမဟာထေရ်မြတ် အမှူးပြုသော နာယက စာချစာသင်သံဃာတော် အပါး ၃၀၀ ကျော်တို့အား ပရိယတ္တိသာသနာ နုဂ္ဂဟအဖွဲ့မှ ကြီးမှူး၍ ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပွဲကို ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဝါဆိုသင်္ကန်းလှူဒါန်းလိုသူများသည် နာယကဆရာတော်များထံ၌ ဖြစ်စေ၊ ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့ အမှုဆောင်များထံ ဖြစ်စေ၊ ဖုန်း- ၀၉-၄၂၀၇၀၃၃၇၄၊ ၀၉-၅၃၁၂၆၃၀၊ ၀၉-၄၂၃၆၅၆၄၁ တို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# မြို့သစ်မြို့တွင်းလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မကွေး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြို့သစ်မြို့တွင်းကားလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းတိုးချဲ့ခြင်း၊ ပလက်ဖောင်းအရှည် ငါးဖာလုံခန့် တည်ဆောက်ခြင်း လုပ်ငန်းများကို မြို့သစ်မြို့ လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

မြို့သစ်မြို့တွင်း မိုင်တိုင်အမှတ် ၁၅/၀ မှ ၁၅/၄ အထိ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ မူလလမ်းအကျယ် ၁၈ ပေမှ ၂၄ ပေအထိ လမ်းတိုးချဲ့ရေးလုပ်ငန်းတို့ကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၁၇ ဒသမ ၇ သန်းခန့်ဖြင့် လမ်းလုပ်ငန်းများကို အပိုင်းအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်တိုင်အမှတ် ၁၅/၄ မှ ၁၆/၆ အတွင်း မူလကားလမ်းအကျယ် ၂၄ ပေမှ ပေ ၃၀ တိုးချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းတိုးချဲ့ခြင်းများကို ခန့်မှန်းရန်ပုံငွေကျပ် သန်းပေါင်း ၃၉၅ ဒသမ ၅ သန်းခန့်ဖြင့် လျာထား၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လမ်းပိုင်းများသည် ကားများသွားလာမှုများပြားပြီး တန်ချိန်များသည့် ကားကြီးများ သွားလာသည့်အတွက် လမ်းနိမ့်ခြင်း၊ လမ်းကျွံခြင်းများ ဖြစ်ပွားမှုမှကာကွယ်ရန် လမ်းဦးစီးဌာနအနေဖြင့် ဂိတ်များတွင် တန်ပိုတားဆီးရေးလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရေဝပ်ခြင်း၊ လမ်းဒုံးဖြစ်ပေါ်ခြင်းများမှ ကာကွယ်နိုင်ရန် ရေမြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ကုန်စည်စီးဆင်းမှုများပြားသော လမ်းဖြစ်သောကြောင့် လမ်းတိုးချဲ့ အဆင့်မြှင့်တင်ရခြင်းဖြစ်ကြောင်း မြို့သစ်မြို့လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ပို့ပို့လွင်က ပြောသည်။

အဆိုပါလမ်းများပေါ်တွင် သွားလာလျက်ရှိသော ကားများ အသွားအလာ မထိခိုက်စေရန် လမ်းများကို အပိုင်းလိုက်ခွဲကာခင်းရခြင်းဖြစ်ပြီး လမ်းတစ်ဖက်ခြမ်းစီကို ပေ ၄၀၀ ခန့်စီခွဲကာ လမ်းခင်းလျက်ရှိကြောင်း လမ်းတိုးချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော မြို့သစ်မြို့နယ် လမ်းဦးစီးဌာနမှ SAE ဦးငြိမ်းချမ်းက ပြောသည်။

အဆိုပါ လုပ်ငန်းများကို ဇွန် ၂၈ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၃၀ ရက်တွင် ပြီးဆုံးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**အိမွန်ဆွေ (ရေစကြို)**





# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လားရှိုးမြို့၌ ပြုလုပ်သည့် ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❀ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီး အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လာရောက်ရခြင်းမှာ အမျိုးသားအကျိုးစီးပွားကိုမျှော်ကိုး၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အခြေအနေများ၊ အားနည်းချက်အားသာချက်များကို သိရှိမြင်တွေ့နိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် မူဝါဒများချမှတ်ထားပါကြောင်း၊ အဆိုပါမူဝါဒများကို သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများတွင် တာဝန်ယူဆောင်ရွက်နေကြသူများက ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံ၏ လူမှုစီးပွားဘဝများမြင့်မားလာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူကိုဗဟိုပြုသည့် ပြည်သူကိုမျက်နှာမူသည့် အုပ်ချုပ်ရေးကဏ္ဍဖြစ်စေလိုပါကြောင်း၊ တရားမျှတသည့် အုပ်ချုပ်ရေးကဏ္ဍဖြစ်စေရန် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများသည် အဓိကကျပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေသည့် အုပ်ချုပ်ရေးစနစ်ဖြစ်စေလိုပါကြောင်း၊ ပြည်သူလူထု၏ လွတ်လပ်မှု၊ လုံခြုံမှုနှင့် ပျော်ရွှင်မှုကို အကာအကွယ်ပေးသည့် အုပ်ချုပ်ရေးယန္တရား ဖြစ်စေလိုကြောင်း။

### အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ပိုမိုပူးပေါင်းပါဝင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် သတင်းပေးသူကို ဖမ်းဆီးရမိသည့် အဆောက်အဦ၊ ယာဉ်နှင့် ရွှေငွေတို့မှ ထိုက်သင့်သည့်အချိုးကို ချီးမြှင့်ငွေများအဖြစ် ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးသည် ပြည်သူများအပါအဝင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနများသို့ တိုင်ကြားနိုင်ပါကြောင်း၊ ထူးခြားသည့်အခြေအနေနှင့် ကြီးမားသည့် အမှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၊ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားနိုင်ပါကြောင်း။

သိမ်းဆည်းခံလယ်ယာမြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သိမ်းဆည်းခံရသည့် လယ်ယာခြံမြေများကို ပြန်လည်စွန့်လွှတ်နိုင်ရန် အမြန်ဆုံးစိစစ်ကြရန်လိုကြောင်း၊ စွန့်လွှတ်ပြီးသည့်သိမ်းဆည်းခံ လယ်ယာမြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်အပ်နှံကြရန်လိုကြောင်း၊ အပ်နှံပြီးသည့် စွန့်လွှတ်လယ်ယာခြံမြေများကိုလည်း တရားဥပဒေနှင့်အညီ အမြန်ဆုံး လုပ်ကိုင်ခွင့်ရရှိနိုင်ရေးကို ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

### ဥပဒေနှင့်အညီ ဆောင်ရွက်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥပဒေများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုကင်းရှင်းစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ဆူကြုံနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက်ရှိပါကြောင်း၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း။

တရားစီရင်ရေးကဏ္ဍတွင် ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်ဆင့်တာဝန်ယူတာဝန်ခံ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေပါ အင်္ဂါရပ်များအတိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ၏ ရှေ့မှောက်တွင် နိုင်ငံသူနိုင်ငံသားများအားလုံး အညီအမျှဖြစ်ကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် လိုကြောင်း။

### ဝန်ထမ်းများ၏အလုပ်တရား

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါ ဝန်ထမ်းများတွင် အခွင့်အရေးနှင့် တာဝန်ယူမှုများရှိပါကြောင်း၊ အခွင့်အရေးကို မှန်ကန်စွာသုံးစွဲပြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာကိုခံစားနေကြသည့် ဝန်ထမ်းများသည် ပြည်သူ့တာဝန်များကို တရားဥပဒေနှင့်အညီ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပြီး ပြည်သူကိုလေးစားစွာ အလုပ်အကျွေးပြုကြရမည်၊ ပြည်သူကို ဝန်ဆောင်မှုများပေးကြရမည် ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲလိုသည့် မိမိတို့၏ စိတ်နေသဘောထားများကို ပြန်လည်သုံးသပ်ကြရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမည့် အချိန်အခါအခွင့်ကောင်းကို လက်တွေ့ကျကျ အသုံးပြုကြရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ဝတ္တရားများကို တိုင်းပြည်နှင့် လူမျိုးအတွက် ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ဝေဒနာကို ဖြေသိမ့်၍ ပြည်သူတို့၏ ဝေဒနာများကို တရားဥပဒေနှင့်အညီ ကုစားပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့သည် ဝန်ထမ်းများ၏ အလုပ်တရားပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် က ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး အချိုးကျကျဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တိုင်းရင်းသားများ၏ လိုလားတောင့်တမှုများကို ပင်လုံစိတ်ဓာတ်ကို အခြေခံသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် အဖြေရှာဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို အလေးထား ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တရားမျှတမှုရရှိရန်မှာ အားလုံးတွင် တာဝန်ရှိကြပါကြောင်း၊ တရားမျှတမှုရရှိရေး အကောင်အထည်ဖော်ခြင်းသည် လူ့အဖွဲ့အစည်းကို ခိုင်မာတောင့်တင်းစေပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကိုအထောက်အပံ့ဖြစ်စေပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်နိုင်မှသာ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသာယာဝပြော စည်ပင်လာမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးအတွက် ကျရာအခန်းကဏ္ဍများမှ မိမိတို့အားလုံး အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ အထောက်အကူဖြစ်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် လားရှိုးမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

> ❝ **သိမ်းဆည်းခံလယ်ယာမြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သိမ်းဆည်းခံရသည့် လယ်ယာခြံမြေများကို ပြန်လည်စွန့်လွှတ်နိုင်ရန် အမြန်ဆုံးစိစစ်ကြရန်လိုကြောင်း၊ စွန့်လွှတ်ပြီးသည့် သိမ်းဆည်းခံလယ်ယာမြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်အပ်နှံကြရန်လိုကြောင်း၊ အပ်နှံပြီးသည့် စွန့်လွှတ်လယ်ယာခြံမြေများကိုလည်း တရားဥပဒေနှင့်အညီ အမြန်ဆုံးလုပ်ကိုင်ခွင့်ရရှိနိုင်ရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်** ❞

◆ *ရှေ့ဖုံးမှ*

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁နာရီခွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ လူမှုရေးနှင့် စီးပွားရေး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအတွက် ကမ္ဘာ့ဘဏ်မှ ကူညီပံ့ပိုးမှုများပေးအပ်သွားမည်ဖြစ်ကြောင်း ကမ်းလှမ်းပြောကြားခဲ့ပြီး ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ လာမည့် (၂) နှစ်အတွင်း ပေးအပ်မည့် ဘဏ္ဍာငွေပံ့ပိုးမှု အစီအစဉ်များရေးဆွဲရေးနှင့် ပတ်သက်၍ ဦးစားပေးကဏ္ဍများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် (Myanmar Sustainable Development Plan - MSDP) တွင် ပါဝင်သော ရည်မှန်းချက်များနှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်အနေဖြင့် နည်းပညာနှင့် ဘဏ္ဍာငွေပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားမည့်ကိစ္စများနှင့် ငြိမ်းချမ်းရေးရရှိလာသည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ကို အကူအညီပေး ဆောင်ရွက်သွားရန်လည်း ဆွေးနွေးကြသည်။

**အထောက်အပံ့များ ပေးအပ်**

ထို့ပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး၊ နေရာချထားရေးလုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်အပါအဝင် ပဋိပက္ခအခြေအနေများကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အသိုက်အဝန်းအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးရေး၊ အသေးစားနှင့် အငယ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးရေး၊ အရေးပါသည့် လူမှုဝန်ဆောင်မှုအထောက်အပံ့များရရှိနိုင်ရေး စသည့် အစီအမံများအတွက် အထောက်အပံ့များပေးအပ်နိုင်မည့် စီမံချက်များနှင့် ပတ်သက်၍လည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချက်သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.JaroslavDolecek အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# လယ်သမားနှင့် အလုပ်သမားဥပဒေများ ပိုမိုကြံ့ခိုင်ရေးအတွက် ပညာပေးစွမ်းရည်မြှင့် သင်တန်းများပေးရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် Friedrich – Ebert– Stiftung (FES) ၏ Asia Pacific Department အကြီးအကဲ Mr.MarcSaxer နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာအဆောင်အမှတ် (I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် FES ၏ မြန်မာနိုင်ငံတွင် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့် ပညာပေးစွမ်းရည်ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ အနာဂတ်တွင် ဆက်လက်လုပ်ကိုင်မည့် လုပ်ငန်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုအားကောင်းရန် နည်းပညာနှင့် သတင်းအချက်အလက် ကူညီပံ့ပိုးရန် FES ၏ စီမံချက်များ၊ လယ်သမားနှင့် အလုပ်သမားဥပဒေများ ပိုမိုကြံ့ခိုင်ရေးအတွက် ပညာပေးစွမ်းရည်မြှင့် သင်တန်းများ ပေးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဘက်စုံအဆင့်မြင့် နည်းပညာသုံး ထန်းတပင်ကျေးရွာတွင် မြန်မာနယူးရောကုမ္ပဏီနှင့် အကျိုးတူဆောင်ရွက်သော မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နည်းပညာဆွေးနွေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ စိုက်ပျိုးပညာပေးရေးညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများက တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာများအကြောင်းကို ဆွေးနွေးပြောကြားပြီး မျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁၀**

တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E.Mr.Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)



**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❒ *ကျောဖုံးမှ*

ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်ခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ(၂၀၁၀) အရ ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှု တစ်မျိုးမျိုးခံစားနေကြရပါကြောင်း၊ မသန်စွမ်းသူများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အလုပ်အကိုင် စသည့် အခွင့်အလမ်းများကို အများနည်းတူ အလွယ်တကူ လက်လှမ်းမီရရှိခံစားမှု နည်းပါးခြင်းအပြင် ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခြင်း၊ အလုပ်လက်မဲ့နှုန်းမြင့်မားခြင်း၊ ဝင်ငွေမလုံလောက်ခြင်းတို့ကိုလည်း ကြုံတွေ့နေကြရပါကြောင်း။

**လွတ်လပ်ခွင့်အားလုံး ညီမျှ**

ထိုသို့ အခြေအနေဆိုးများကို လျှော့ချနိုင်စေရန်အပြင် မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံး ညီမျှစွာအပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာအား ပိုမိုလေးစားမှုရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့ပါကြောင်း။

**လူတန်းစေ့ ပါဝင်ဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ သန်းကျော်သော မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အသိအမှတ်ပြုဆောင်ရွက်သည့်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**လုပ်ငန်းကော်မတီ ဖွဲ့စည်း**

နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏ မျှော်လင့်ချက် တစ်ခုဖြစ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြေညာစာအမှတ်(၇၀/၂၀၁၇)ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ပထမအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီနှင့် နေပြည်တော် ကော်မတီများ ဆက်လက်ဖွဲ့စည်းရန်၊ မသန်စွမ်းသူများ သွားလာရလွယ်ကူစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားရန်၊ မသန်စွမ်းကလေးငယ်များ Free Education ခံစားရရှိစေရန်အတွက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ရန် စသည့်ကိစ္စရပ်များကို ပထမအကြိမ် အမျိုးသားကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ခြင်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးများ တိုးတက်ရရှိစေရန်အတွက် ကနဦးခြေလှမ်းများဖြစ်သည်ဟု ယုံကြည်မိပါကြောင်း၊ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းရေး၊ လုပ်ငန်းကော်မတီအောက်တွင် သက်ဆိုင်ရာဆပ်ကော်မတီများ ဖွဲ့စည်းရေးနှင့် Department for International Development (UK) ၏ ပံ့ပိုးမှုနှင့်အတူ အမျိုးသားကော်မတီအတွက် နည်းပညာဆိုင်ရာ အထောက်အကူပြုအဖွဲ့ဖွဲ့စည်းရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မသန်စွမ်းမှုအလိုက်လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အမြင်အာရုံမသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှု ရေရှည်တည်တံ့စေရန်အတွက် မျက်မမြင်အကြောပြင်အနှိပ်စနစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေးစီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်း၊ ဉာဏ်ရည်မသန်စွမ်းသူများနှင့် စပ်လျဉ်းပြီး အော်တစ်ဇင်ကလေးနှင့် ပုဂ္ဂိုလ်များ၊ ဒေါင်းဆင်ဒရုန်းကလေးနှင့် ပုဂ္ဂိုလ်များအတွက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

**မွေးရာပါ အလေ့အကျင့်ကောင်း**

ထို့ပြင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ဥပဒေရေးရာ၊ မသန်စွမ်းမှုအသိပညာ၊ ရပ်ရွာအတွင်း ပါဝင်ဆောင်ရွက်ခွင့် စသည်တို့နှင့် ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ကိုယ်ချင်းစာနာမှုနှင့် ကူညီရိုင်းပင်းမှုတို့က မွေးရာပါ အလေ့အကျင့်ကောင်းများဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ ယင်းအလေ့အကျင့်ကောင်းများကို ရရှိလာသည့် အတွေ့အကြုံ ဗဟုသုတများနှင့်ပေါင်းစပ်ပြီး မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့်မားရေးတို့ကို ဆောင်ရွက်သင့်ပါကြောင်း။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမူဘောင်အဖြစ်အသုံးပြုနိုင်သည့် ၂၀၃၀ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို ကမ္ဘာ့ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းအထဲတွင်ပါသည့် ပန်းတိုင် ၁၇ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည့်မီအောင်ဆောင်ရွက်နိုင်ပါက မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သော အုပ်စုများသာမက လူသားထုတစ်ရပ်လုံးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနိုင်မည် ဖြစ်ပါကြောင်း။

**မသန်စွမ်းသူများအတွက် စဉ်းစား**

ယနေ့နိုင်ငံတော်သည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားပေးရေးနှင့် ပေါင်းစည်းပါဝင်နိုင်ရေးတို့ကို သေချာစေရေးအတွက် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဒေသတစ်ခုသို့မဟုတ် နိုင်ငံတစ်ခု ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ် မနေစေရန်မှာလည်း အရေးကြီးပါကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံအများစုသည် စသည့် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယင်းစိန်ခေါ်မှုများကို၊ ဖြေရှင်းဆောင်ရွက်ရာတွင် ပူးတွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းကူညီခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို မိမိတို့နှင့်တန်းတူ လူသားမျိုးနွယ်ဝင်ဖြစ်သည်ကို အသိအမှတ်ပြုပြီး ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် “စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသောလူ့ဘောင်သို့ အားလုံးပါဝင်ပြောင်းလဲစို့” ဟု ဆိုသည့်အတိုင်း လက်တွဲဆောင်ရွက်သွားကြရန် အလွန်အရေးကြီးကြောင်း တိုက်တွန်းပြောကြားလိုပါကြောင်း။

မသန်စွမ်းသူများအနေဖြင့်လည်း သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် မိမိတို့ရရှိထားသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို အသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

**ချန်လှပ်မထားဘဲ ပူးပေါင်း**

မသန်စွမ်းမှုအကျုံးဝင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များ အောင်မြင်ရန်၊ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးလျှော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်စေခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းများဆောင်ရွက်ပေးကြရန်၊ အတားအဆီးကင်းသော လုပ်ငန်း၊ အလုပ် နေရာ၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးပြီး ခေတ်မီနည်းပညာများ လက်လှမ်းမီ အသုံးပြုနိုင်အောင် ကူညီဆောင်ရွက်ပေးကြရန်၊ နေ့စဉ်နှင့်အမျှ အံ့မခန်းတိုးတက်နေသည့် အတတ်ပညာနှင့် ခေတ်မီနည်းပညာများကို မသန်စွမ်းသူများ လက်တွေ့အသုံးချနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူများအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်နှင့် အဆောက်အဦများဖြစ်လာအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် မသန်စွမ်းသူများ၏ ဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းများ ပိုမိုအောင်မြင်ရန်အတွက် ကော်မတီများဖွဲ့စည်း ဆောင်ရွက်နေမှု၊ မသန်စွမ်းများအတွက် ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်ထားမှု၊ မသန်စွမ်းသူများ၏ ဘဝရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က နိုင်ငံသားများနည်းတူ တန်းတူအခွင့်အရေးရရှိရန် ဆောင်ရွက်ပေးရေး၊ နိုင်ငံရေးနှင့် ပြည်သူ့နယ်ပယ်များတွင် ပါဝင်နိုင်ရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်များတွင် အပြည့်အဝခံစားခွင့်ရရှိရေး၊ ခွဲခြားဆက်ဆံမှုမရှိရေး၊ မူဝါဒပိုင်းနှင့် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ စတင်ချမှတ်ရေးစသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းတင်ပြစဉ်။



ဒုတိယဝန်ကြီး
ဦးစိုးအောင် ရှင်းလင်းတင်ပြစဉ်။



မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ဥက္ကဋ္ဌ
ဦးအောင်ကိုမြင့် ရှင်းလင်းတင်ပြစဉ်။

**ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်**

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ လုပ်ငန်းကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်လာကြသော မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မသန်စွမ်းသူများအသင်းချုပ်နှင့် မသန်စွမ်းသူများအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သတင်းစာဆရာဘဝကို ပိုမိုခံ့မင်မြတ်နိုးသူ ဒီးဒုတ်ဦးဘချို

**သတင်းဆောင်းပါး- မင်းသစ် (MNA)၊ ဓာတ်ပုံ- မင်းထက်**

**"အဲဒီနေ့က မင်းအဘိုးကိုတွေ့လိုက်ရတာ နောက်ဆုံးပဲ" ဟု အာဇာနည်ခေါင်းဆောင်ကြီးများမကျဆုံးမီ နေအိမ်မှ အတွင်းဝန်ရုံးသို့ အစည်းအဝေးတက်ရန် ထွက်သွားသည့် ခင်ပွန်းဖြစ်သူ ဒီးဒုတ်ဦးဘချို၏ နောက်ဆုံးမြင်ကွင်းကို ဇနီးဖြစ်သူ ဒေါ်လှမေက မြေးဖြစ်သူ ဦးဇော်မြင့်ချိုအား ပြောပြခဲ့သည်။**

"အဲဒီနေ့က အဘိုးက ငါ့စိတ်ထဲ အာရုံတွေသိပ်မကောင်းဘူး ဆိုပြီး အဘွားကို ပြောခဲ့သေးတယ်လို့ အဘွားက ပြန်ပြောပြတယ်" ဟုမြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

ဒီးဒုတ်ဦးဘချိုသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းရင်း ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ အာဇာနည် ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့ရသည်။

"အဘိုးက ဗေဒင်နက္ခတ်လည်းတတ်တယ်။ တိုင်းပြည်နက္ခတ်မကောင်းဘူး။ တိုင်းပြည်ကံကြမ္မာ မှေးမှိန်နေတယ်လို့ အဘိုးက ဗိုလ်ချုပ်အောင်ဆန်းကို သတိပေးခဲ့တယ်။ ဇူလိုင်လ



ဦးဇော်မြင့်ချို

၁၉ ရက်နေ့ရောက်ခါနီး ထပ်ပြီးပြောတယ်။ ဗိုလ်ချုပ်က ဘာပြောလဲဆိုတော့ ဆရာချိုက ကြောက်လို့လားတဲ့၊ မဟုတ်ဘူး။ ဗေဒင်ပညာအရ ပြောတာလို့ အဘိုးက ပြန်ပြောတယ်" ဟု အဘွားဖြစ်သူပြန်လည်ပြောပြသည့် အဘိုးအကြောင်း မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

### သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထား

ဒီးဒုတ်ဦးဘချို ကွယ်လွန်ချိန်တွင် ဇနီးဒေါ်လှမေနှင့် သမီးလတ် မခင်ပုနှင့် သမီးငယ် မခင်ခင်ဦး တို့ကျန်ရစ်ခဲ့ပြီး သမီးကြီး မခင်နုနှင့် သမီးမေမေခင်တို့မှာ ဂျပန်ခေတ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ဒီးဒုတ်ဦးဘချို၏ သမီးအငယ်ဆုံးမှ မွေးဖွားသည့် မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

ဒီးဒုတ်ဦးဘချိုသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးတို့အတွက် ရှေ့တန်းအောင်လံဂျာနယ်တစ်စောင်အဖြစ် ထင်ရှားခဲ့သည့် ဒီးဒုတ်ဂျာနယ်ကို ၁၉၂၅ ခုနှစ်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ အမှတ် ၈၄ နေအိမ်တွင် ထုတ်ဝေခဲ့သည်။

"အဘိုးမရှိတော့ပေမယ့် ဒီးဒုတ်ဂျာနယ်ကို ဒီဘက်ခေတ်ထိ ထုတ်ခဲ့တယ်။ အဘိုးဆုံးပြီး အဘိုးမိတ်ဆွေ အပေါင်းအသင်းတွေက ဝိုင်းကူပေးကြတယ်။ နောက်ပိုင်းတော့ ဆက်မထုတ်ဖြစ်တော့ဘူး။ ရပ်သွားတယ်။ ထုတ်ဝေခွင့်မှတ်ပုံတင်က အခုထိရှိသေးတယ်။ သက်တမ်းလည်း မတိုးဘူး" ဟု မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

ဒီးဒုတ်ဦးဘချိုသည် ဂီတ၊ စာပေဘက်တွင်လည်း ဝါသနာပါခဲ့ပြီး အသက်ထင်ရှားရှိစဉ်က တီးခတ်ခဲ့သည့် စောင်းကောက်၊ ရေးသားခဲ့သည့် စာအုပ်စာပေများသည် ယနေ့ထိတိုင် မြေးဖြစ်သူ ဒေါက်တာ ဒေါ်ခင်လှချို၏ နေအိမ်တွင် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားသည်ဟု သိရသည်။

ဒီးဒုတ်ဦးဘချိုသည် ဘီအေအထက်တန်းတွင် ပညာသင်ယူနေဆဲကာလတွင် မျက်စိရောဂါကြောင့် ကျောင်းမှထွက်ကာ ပေါင်းတည်နှင့် ဟင်္သာတမြို့တို့တွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ပြီး အမျိုးသား ကောလိပ်များဖွင့်လှစ်သည့်အခါ အစိုးရအလုပ်မှ နုတ်ထွက်၍ အမျိုးသားကောလိပ်တွင် မြန်မာစာသင်ကြားပို့ချခဲ့သည်။

မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရန်အတွက် ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အထူးအပင်ပန်းခံဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

ထိုခေတ်အခါက ဒီးဒုတ်ဂျာနယ်တိုက် ဖွင့်လှစ်ထားသည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ အမှတ် ၈၄ ဒီးဒုတ်ဦးဘချိုနေအိမ်တွင် နိုင်ငံရေးသမားများ၊ သတင်းသမားများ၊ ဂီတဝါသနာရှင်များ၊ ဗေဒင်လက္ခဏာဝါသနာရှင်များဖြင့် နေ့စဉ် စည်ကားလျက်ရှိခဲ့သည်။

### အာဇာနည်နေ့နဲ့ပတ်သက်ပြီး အလေးထားပြီး လုပ်လာတာတွေ့ရ

"နိုင်ငံရေးသမားတွေက အဘိုးတို့အိမ်မှာ စားအိမ်၊ သောက်အိမ်ပေါ့။ တစ်ခါတလေ မိုးချုပ်မှလာရင် အဘွားက မရှိရှိတာ ရှာကြံချက်ကျွေးရတယ်" ဟု လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသည့် နိုင်ငံရေးသမားလူငယ်များအပေါ် ဒီးဒုတ်ဦးဘချိုထားသည့် စိတ်နေစိတ်ထားကို အဘွားဖြစ်သူ၏ ပြောပြချက်အရ သိရကြောင်း မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း မိသားစုဝင်များ အဆင်ပြေစွာ လုပ်ကိုင်စားသောက်နိုင်ရန် BOC ကုမ္ပဏီမှ ဓာတ်ဆီဆိုင်ပါမစ်များကို ချပေးရာတွင် ဒီးဒုတ်ဦးဘချို၏ ဇနီးဖြစ်သူကလည်း ဆီဆိုင်ပါမစ်ရရှိခဲ့ကြောင်း၊ ပြည်သူပိုင်မသိမ်းခင် ဆီဆိုင်ပါမစ်ကို ကုမ္ပဏီသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဟိုအရင်က အာဇာနည်နေ့နဲ့ပတ်သက်ပြီး မှေးမှိန်တာကို အာဇာနည်မိသားစုဝင်တွေအနေနဲ့ သတိထားမိကြတယ်။ ဒါပေမယ့် ခေတ်အခြေအနေအရဖြစ်လာတာ၊ ဘာတတ်နိုင်မှာလဲ။ စိတ်ထဲကတော့ ခံစားမှုရှိတာပေါ့။ ဒီမိုကရေစီအစိုးရခေတ်မှာ အာဇာနည်နေ့နဲ့ပတ်သက်ပြီး အလေးထားပြီး လုပ်လာတာတွေ့ရတော့ မိသားစုတွေအနေနဲ့ ဝမ်းသာတာပေါ့" ဟု ဦးဇော်မြင့်ချိုက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ဇူလိုင်လ ၁၉ ရက်နေ့ရောက်တိုင်း ဒီးဒုတ်ဦးဘချိုအတွက် ကောင်းမှုကုသိုလ်အဖြစ် ဗိုလ်ချုပ်လမ်း ဒီးဒုတ်တိုက်တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာမှ နောက်ပိုင်း ဘိုးဘွားရိပ်သာတွင်သာ အလှူပြုလုပ်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အဘိုးဖြစ်သူ ဒီးဒုတ်ဦးဘချိုအတွက် မြေးများက ဘိုးဘွားရိပ်သာတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီးဒုတ်ဦးဘချိုသည် သတင်းစာဆရာတစ်ဦးဖြစ်သည်နှင့်အညီ သတင်းသမားတစ်ဦး၏ ခံယူချက်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ သတင်းရေးသားရာတွင် တိကျမှန်ကန်မှုရှိရမည်ဟူသည့် ခံယူချက်တို့ကို စွဲကိုင်ကာ ကျင့်သုံးခဲ့သည်ဟု အဘွားဖြစ်သူ၏ ပြောပြချက်အရ မြေးဖြစ်သူ ဦးဇော်မြင့်ချို သိခဲ့ရသည်။

"အဘိုးသာ အသက်ထင်ရှားရှိနေမယ်ဆိုရင် သတင်းစာဆရာတစ်ယောက်အနေနဲ့ တွေ့မြင်ရမှာပါ" ဟု မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောခဲ့သည်။ ။



ဒီးဒုတ်ဦးဘချို အသုံးပြုခဲ့သော စောင်းနှင့် မှတ်တမ်းစာအုပ်များကို တွေ့ရစဉ်။

**"ဒီးဒုတ်ဦးဘချိုသည် သတင်းစာဆရာတစ်ဦးဖြစ်သည်နှင့်အညီ သတင်းသမားတစ်ဦး၏ ခံယူချက်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ သတင်းရေးသားရာတွင် တိကျမှန်ကန်မှုရှိရမည်ဟူသည့် ခံယူချက်တို့ကို စွဲကိုင်ကာ ကျင့်သုံးခဲ့သည်"**



ဒီးဒုတ် ဦးဘချို

## ဒီးဒုတ် ဦးဘချို

(၂၄ ဧပြီ ၁၈၉၃ - ၁၉ ဇူလိုင် ၁၉၄၇)

ဒီးဒုတ်ဦးဘချိုသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

သူ၏ ဒီးဒုတ်ဂျာနယ်ကို အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးတို့အတွက် ရှေ့တန်းအောင်လံဂျာနယ်တစ်စောင်ဟု သိခဲ့ကြသည်။

ထိုဂျာနယ်ကို ၁၉၂၅ ခုနှစ်တွင် ဦးဘချို ထုတ်ဝေခဲ့သည်။ ထိုဂျာနယ်၏ အမည်ကို သူ့အမည်တွင် တွဲ၍ ဒီးဒုတ်ဦးဘချိုဟု အများက သိခဲ့ကြသည်။

ဦးဘချိုသည် မြောင်းမြမြို့ ဆေးဆရာကြီး ဦးဘိုစာ၊ ဒေါ်မြစ်တို့၏ သားဖြစ်သည်။ ၁၈၉၃ ခု ဧပြီလ ၂၄ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ သတ္တမတန်းအထိ မြောင်းမြမြို့တွင် ပညာသင်ကြားခဲ့ပြီး သတ္တမတန်းကို အထူးအောင်မြင်၍ စကောလားရှစ် (ခေါ်) ပညာသင်ဆုကို ရရှိခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ စိန့်ပေါကျောင်းတွင် ဆက်လက်၍ ပညာသင်ကြားရာ ၁၀ တန်းကိုအထူးအောင်ကာ ပညာသင်ဆုရပြန်သည်။ ဘီအေအထက်တန်းတွင်သင်နေဆဲ မျက်စိရောဂါကြောင့် ကျောင်းမှထွက်ခဲ့သည်။

ကျောင်းထွက်ပြီးနောက် ပေါင်းတည်နှင့် ဟင်္သာတမြို့များတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ အမျိုးသားကောလိပ်များ ဖွင့်လှစ်သည့်အခါ အစိုးရအလုပ်မှ နုတ်ထွက်လိုက်ပြီး အမျိုးသားကောလိပ်တွင် မြန်မာစာ သင်ကြားပို့ချသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဒေါ်လှမေနှင့် လက်ထပ်သည်။

ဦးဘချိုသည် ဂျပန်ခေတ် အစိုးရလက်ထက်တွင် အတိုင်ပင်ခံလွှတ်တော်အမတ်အဖြစ် ထမ်းဆောင်ခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရေးကြိုးပမ်းရန်အတွက် ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဝင်ရောက်ဆောင်ရွက်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အထူးအပင်ပန်းခံ၍ ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်လှမေ၊ သမီးလတ်နှင့် သမီးငယ် (မခင်ပုနှင့် မခင်ခင်ဦး) တို့ကျန်ရစ်သည်။ သမီးကြီး မခင်နုနှင့် မေမေခင်တို့မှာ ဂျပန်ခေတ်တွင် ဆုံးပါးခဲ့သည်။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးသည့်အနေဖြင့် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးနေမှုနှင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား အနာဂတ်၌ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အစိုးရ၏ စွမ်းဆောင်ရည်တည်ဆောက်ရေး မြန်မာနိုင်ငံသို့ ဥရောပသမဂ္ဂက ယူရို ၁၄ သန်းထောက်ပံ့ရန် သဘောတူစာချုပ်

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုနှင့် ဒီမိုကရေစီ အားကောင်းခိုင်မာစေရေးစီမံချက်နှင့် စပ်လျဉ်းသည့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ သဘောတူစာချုပ်(Financing Agreement for Strengthening Governance and Democracy in Myanmar-II) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုနှင့် ဒီမိုကရေစီ အားကောင်းခိုင်မာစေရေး စီမံချက်နှင့်စပ်လျဉ်းသည့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ သဘောတူစာချုပ်ကို ဥရောပသမဂ္ဂကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ အာရှ၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းဒေသနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Pierre Amilhat နှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်အရ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အစိုးရ၏စွမ်းဆောင်ရည်တည်ဆောက်ရေးနယ်ပယ်တို့တွင် အကူအညီ ယူရို ၁၄ သန်းထောက်ပံ့မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို အဓိကထား၍ အကူအညီပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် UNDP ၏ အာရှနှင့် ပစိဖိတ်ဒေသရုံး၏ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အာရှနှင့် ပစိဖိတ်ဒေသရုံး၏ ညွှန်ကြားရေးမှူး Mr.Haoliang Xu သည် မြန်မာနိုင်ငံသို့ ဇူလိုင် ၁၀ ရက်ည ၇ နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

## ဆွေးနွေးသွားမည်

ခရီးစဉ်အတွင်း Mr.Haoliang Xu သည် ပြည်ထောင်စုဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်းသိရပြီး ထိုသို့တွေ့ဆုံစဉ် UNDP ၏ မြန်မာနိုင်ငံဆိုင်ရာစီမံကိန်းအသစ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဇွန် ၆ ရက်က မြန်မာနိုင်ငံအစိုးရ၊ UNDP နှင့် UNHCR တို့အကြား ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Mr.Haoliang Xu သည် ဇူလိုင် ၁၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည့်အပြင် နေပြည်တော်တွင် ကုလသမဂ္ဂအဖွဲ့အစည်း ၁၂ ဖွဲ့၏ ရုံးခန်းများပါဝင်မည့် ကုလသမဂ္ဂရုံးအသစ်ကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်သည့် အများပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်ခြင်းမပြုရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်-

- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ လက်ကိုင်အိတ်အမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- ❖ မီးခြစ်အမျိုးမျိုး

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး စည်းဝေး

**နေပြည်တော် ဇူလိုင် ၁၀**

ပထမအကြိမ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP) တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Pan Pacific ဟိုတယ်၌ ကျင်းပသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) (စီမံ/အုပ်ချုပ်)ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် အင်ဒိုနီးရှား နိုင်ငံအခြေစိုက် AFP ရုံးမှ South East Asia Manager Mr.Jamie Strauss တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

## ဆွေးနွေး

အစည်းအဝေးတွင် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် Operation Kungur နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် Operation Dragon အမှုများနှင့် ဆက်စပ်သည့် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုများကို နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်ရာတွင် ပါဝင်သော တရားခံပြေးများ၊ စောင့်ကြည့်ပစ်မှတ်များနှင့် ပတ်သက်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# MDN ၏ Website နှင့် Application တို့တွင် ကြော်ငြာဝန်ဆောင်မှုများအတွက် မိတ်ဆက်ပွဲ ရန်ကုန်၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

Myanmar Digital News (MDN) ၏ Website နှင့် Application တို့တွင် ကြော်ငြာဝန်ဆောင်မှုများအတွက် မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Park royal Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




MDN ၌ ကြော်ငြာမည်ဆိုလျှင် MDN ၏ Website နှင့် Application တို့အပြင် Facebook တို့တွင်ပါ ကြော်ငြာဝန်ဆောင်မှုများပေးမည် ဖြစ်ကြောင်း၊ MDN ၏ Application ၌ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာသုံးစောင်ကို နံနက်မိုးလင်းချိန်တွင် ဖတ်နိုင်မည်ဖြစ်ကြောင်း။

## ဝန်ဆောင်မှုပေးနိုင်

ထိုသတင်းစာ သုံးစောင်တွင် မွေးနေ့ဆုတောင်း၊ မင်္ဂလာနှစ်ပတ်လည်၊ နာရေးစသည့် လူတစ်ဦးတစ်ယောက်ချင်းသို့မဟုတ် မိသားစု တစ်စုချင်းဆိုင်သည့် အကြောင်းအရာ၊ စားသောက်ဆိုင် ကြော်ငြာများကို Interactive အနေဖြင့် ပုံစံတစ်မျိုးနှင့် ထည့်သွင်းနိုင်သည့် ဝန်ဆောင်မှုပေးနိုင်ကြောင်း၊ Interactive ဆိုရာ၌ ဥပမာမွေးနေ့ဆုတောင်း ကြော်ငြာတွင် ကြော်ငြာစာကိုထောက်ပြီး Play ကို နှိပ်လိုက်လျှင် မွေးနေ့ရှင်နှင့် သူ့မိသားစု၊ သူငယ်ချင်းပုံများကို အသေးစား ဗီဒီယိုကလစ်ဖြင့် တက်လာခြင်းမျိုး ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက Myanmar Digital News (MDN) Website နှင့် Application တို့ကို Megalink Advanced Technologies Co.,Ltd နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နေခြင်း ဖြစ်သည်။

ယနေ့ အခမ်းအနားသို့ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာသုံးစောင်တွင် ကြော်ငြာထည့်သွင်းနေသည့် လုပ်ငန်းရှင်များနှင့် ကြော်ငြာအေဂျင်စီများ တက်ရောက်ကြကြောင်း သိရသည်။

**အေးနှင်းညို့** (MDN)

◆ *ကျောဖုံးမှ*

ဆီမီးဖိုင်နယ်တက်ရောက်ခွင့်မဆုံးရှုံးခဲ့ခြင်း ဖြစ်သည်။ မြန်မာယူ- ၁၉အသင်းသည် အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး တိုက်စစ်ပိုင်းအားနည်းချက်များကိုလည်း တွေ့မြင်ခဲ့ရသည်။ အုပ်စုသုံးပွဲဆက်ဂိုးသွင်းနိုင်ခဲ့သည့် မြန်မာအသင်းတိုက်စစ်သည် ယခုပွဲတွင် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍နိုင်ပွဲပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။ မလေးရှားအသင်းမှာလည်း ယခုပွဲအနိုင်ရမှ ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သောကြောင့် ပွဲစကတည်းက အားကုန်ထုတ်ကစားခဲ့ပြီး အနိုင်ဂိုးကို ၁၇ မိနစ်တွင် ရှာဗီက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာ ယူ-၁၉ အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ရှုံးနိမ့်ခဲ့ရသည်။ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု (က) တွင် ထိုင်းအသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ အိမ်ရှင်အင်ဒိုနီးရှားအသင်းက ၁၂ မှတ်ဖြင့် အုပ်စု ဒုတိယ၊ အုပ်စု (ခ) တွင် မလေးရှားအသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ ရရှိခဲ့သည်။

**ရဲရင့်ရှိုင်း**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၀**

သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၊ သမဝါယမပညာဌာနမှ ဦးစီး၍ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ (ထူးပြု) ကျောင်းသား ကျောင်းသူ ၁၂၈ ဦးနှင့် ကြီးကြပ်သူဆရာ ဆရာမ ၁၇ ဦး စုစုပေါင်း ၁၄၅ ဦးနှင့် ရေတာရှည်မြို့နယ် နန်ချွန်(တောင်)ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်းစီမံကိန်းနှင့် စာရင်းအင်းဌာန လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၁) မှ သင်တန်းသား ၂၅ ဦး၊ အုပ်ချုပ်သူအရာရှိများနှင့် အခြားအဆင့်ရှစ်ဦး စုစုပေါင်း ၃၃ ဦးတို့သည် ဇူလိုင် ၉ နှင့် ၁၀ ရက် တို့တွင် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၅၃၁၈ ဦးနှင့် ပြည်ပဧည့်သည် ၁၅၉၁ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးဆီသို့ ခြေလှမ်းသစ်များ

**တွေ့ဆုံညှိနှိုင်း ဆွေးနွေးအဖြေရှာပြီး ငြိမ်းချမ်းရေးဆီသို့ တက်ညီလက်ညီဖြင့် လျှောက်လှမ်းလာခဲ့သည်မှာ ယခုဆိုလျှင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ နေပြည်တော်တွင် ကျင်းပနိုင်တော့မည်ဖြစ်ပေသည်။**

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ကြီးကျယ်ခမ်းနား သိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးနှင့် ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်းများဖြစ်သည့် သဘောတူညီချက်များရရှိရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်သည်။**



ဦးဇော်ဌေး



စိုင်းကျော်ညွန့်



ဦးမျိုးဝင်း

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တွင် ပါဝင်သည့် နိုင်ငံတော်အစိုးရကိုကိုယ်စားပြုသည့် ဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ တပ်မတော် ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းပါဝင်သည့် အစုအဖွဲ့၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ကိုယ်စားလှယ်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ ကိုယ်စားလှယ်အစုအဖွဲ့များသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကလိုအပ်ချက်များဖြစ်သည့် သဘောတူညီချက်များရရှိရေးအတွက် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

(၁၆)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးအပြီးတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍတို့မှ တင်သွင်းလာသည့် မူဝါဒစာတမ်းများ၊ သဘောတူညီမှုရရှိသည့် အချက်များနှင့် စပ်လျဉ်း၍ UPDJC အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၏ ပြောစကားများကို ရေးသားဖော်ပြလိုက်ပါသည်။

**ဦးဇော်ဌေး၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)**

“နိုင်ငံရေးကဏ္ဍမှာ ခုနစ်ချက် တင်တယ်။ နှစ်ချက် သဘောတူတယ်။ စီးပွားရေးကဏ္ဍမှာ ၁၁ ချက်တင်တယ်။ တစ်ချက် သဘောတူတယ်။ မြေယာကဏ္ဍမှာ ငါးချက်တင်တယ်။ နှစ်ချက် သဘောတူတယ်။ လူမှုရေးကဏ္ဍမှာ ကိုးချက်တင်တယ်။ ခုနစ်ချက် သဘောတူတယ်။ ဒီဟာကို အစုအဖွဲ့တချို့ထဲမှာ ပြန်ဆွေးနွေးဖို့ရှိတယ်။ ဆွေးနွေးပြီးရင် အတွင်းရေးမှူးများအဖွဲ့မှာ ပြန်ပြီးတော့ ဆွေးနွေးမယ်။ သဘောတူကြောင်း ပြန်လာနိုင်တာက စီးပွားရေးကဏ္ဍမှာ နောက်ထပ် နှစ်ချက်၊ သုံးချက်လောက်ပြန်လာနိုင်မယ်။ လူမှုရေးကဏ္ဍ တစ်ချက်လောက်ပြန်လာနိုင်တယ်။ နိုင်ငံရေးကဏ္ဍမှာ နှစ်ချက်လောက် ပြန်လာနိုင်တယ်။

“ညီလာခံနဲ့ပတ်သက်လို့ UPDJC က နောက်ဆုံးပြင်ဆင်တဲ့ အပြီးသတ်အစည်းအဝေးမှာတော့ အားလုံးစုစုပေါင်း သဘောတူညီချက် ၁၂ ချက်ရတယ်။ ညီလာခံမတိုင်ခင်အထိတော့ ၁၃၊ ၁၄၊ ၁၅ ချက်လောက်လည်း ဖြစ်လာနိုင်တယ်။ အစိုးရဘက်ကနေပြီး ပြီးခဲ့တဲ့ UPDJC မှာ အဆိုပြုထားတယ်။ အခု UPDJC မှာလည်း ထပ်ပြီးတော့ တရားဝင်အဆိုပြုတယ်။ ပြီးခဲ့တဲ့ ညီလာခံမှာ ၃၇ ချက်ရတယ်။ အခု ၁၂ ချက်လောက်ပဲ ဖြစ်လာတယ်။ အဲဒီအပေါ်မှာ ညီလာခံရဲ့နိုင်ငံရေးအရ အနှစ်သာရရှိရှိ ညီလာခံရဲ့ သဘောတူဆုံးဖြတ်ချက်၊ ညီလာခံကို တက်ရောက်လာတဲ့ ကိုယ်စားလှယ် ၇၀၀ ရဲ့ သဘောတူဆုံးဖြတ်ချက် မူကြမ်းကို ကျွန်တော်တို့ အစိုးရဘက်က အဆိုပြုထားတယ်။

“အဲဒီအဆိုပြုချက်ကို ဒီနေ့အစည်းအဝေးမှာ တင်တယ်။ နိုင်ငံရေးပါတီဘက်က ထောက်ခံတယ်။ EAO ဘက်ကတော့ ခွင့်ပြုချက်လိုတဲ့အတွက် ပြန်သယ်သွားမယ်။ ပြန်သယ်သွားလို့ ခွင့်ပြုတယ်ဆိုရင် ညီလာခံရဲ့ ထုတ်ပြန်ချက်၊ ညီလာခံကိုယ်စားလှယ်တွေရဲ့ သဘောတူဆုံးဖြတ်ချက် ထုတ်မယ်။ ဘာကို ပြန်ပြီးကတိပေးမလဲဆိုတော့ နံပါတ်(၁)အချက်က အစိုးရဘက်က လိုလားချက်ပါ။ ၂၀၁၈ ခုနှစ် လက်ကျန်ကာလအတွင်းမှာ နောက်ထပ် ညီလာခံ တစ်ကြိမ်လုပ်မယ်။ လာမယ့် ၂၀၁၉ ခုနှစ်အတွင်းမှာ ညီလာခံ နှစ်ကြိမ်လုပ်မယ်။ ဒီညီလာခံ သုံးကြိမ် ကျင်းပနိုင်ဖို့ ကျွန်တော်တို့အားလုံး ဝိုင်းပြီးကြိုးပမ်းဆောင်ရွက်မယ်။ နံပါတ်(၂)အချက်က ဒီညီလာခံ သုံးကြိမ် ကျင်းပပြီးရင် ဒီမိုကရေစီနဲ့ ဖက်ဒရယ် အုတ်မြစ်အဖြစ် ဖောင်ဒေးရှင်းတွေ ချမှတ်နိုင်အောင် ကြိုးပမ်းမယ်။ ဒါကို ညီလာခံကိုယ်စားလှယ်တွေအားလုံးက ကြိုးပမ်းသွားမယ်ဆိုတဲ့ သဘောတူညီချက်ဖြစ်ပါတယ်။

“ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ညီလာခံတုန်းက ညီလာခံရဲ့ သဘောတူဆုံးဖြတ်ချက်ဆိုတာ မရှိဘူး။ သမ္မတကြီး ဦးသိန်းစိန် လက်ထက်မှာ လုပ်တုန်းက ငြိမ်းချမ်းရေးညီလာခံမှာ ဆုံးဖြတ်ချက်တွေရှိတယ်။ သို့သော် အစိုးရအကူးအပြောင်းနဲ့ နောက်ညီလာခံပြောင်းတဲ့အချိန်မှာ သယ်ဆောင်မလာနိုင်ခဲ့ဘူး။ အဲဒီတော့ ၂၁ ရာစုပင်လုံ ဖြစ်သွားတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာတော့ ညီလာခံရဲ့ ကိုယ်စားလှယ်အားလုံးက သဘောတူတယ်။ တစ်ခဲနက်ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ရဖို့ဆိုပြီး အစိုးရကတော့ ကြိုးပမ်းပါတယ်။ ကြိုးပမ်းတော့ ယေဘုယျအားဖြင့် လက်ခံတယ်။ လာမယ့် UPDJC မှာ အတည်ပြုပြီးရင် ညီလာခံရဲ့ဆုံးဖြတ်ချက်အနေနဲ့ ချမှတ်နိုင်ဖို့ လုပ်နေပါတယ်။

“ညီလာခံ သုံးကြိမ်ကျင်းပတဲ့အခါမှာ EAO ဘက်က အဆိုပြုချက်က ဘာလဲဆိုတော့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အတိုင်း ကျင်းပနိုင်ဖို့ ဒါကိုပြောတယ်။ အစိုးရဘက်က စကမ်းလှမ်းတာ ဖက်ဒရယ်မူဘောင်ပဲ ဒီမိုကရေစီမပါဘူး။ သူတို့က ဒီမိုကရေစီ မူဘောင်တွေပါချင်တဲ့အတွက် အဲဒီအချက် ကျွန်တော်တို့က စာသားပြင်ပေးလိုက်ရတယ်။ ပြင်ပေးလိုက်တော့ EAO ဘက်က ဒါကို ပွင့်ပွင့်လင်းလင်းမေးတယ်။ အစိုးရဘက်က ဒါကို ဘာကြောင့်ထုတ်ချင်တာလဲ။ ဒီညီလာခံပြီးရင် ဘာတွေဆောင်ရွက်ဖို့ ရည်မှန်းထားလဲ။ ကျွန်တော်တို့ဘက်က အကျေအလည်ရှင်းပြတယ်။ ဒါက ပြီးခဲ့တဲ့ NCA လက်မှတ်ရေးထိုးပွဲမှာ အတိုင်ပင်ခံ ပုဂ္ဂိုလ် ပြောသွားတဲ့ မူဝါဒပါ။ နိုင်ငံတော်အစိုးရရဲ့ မူဝါဒကို ငြိမ်းချမ်းရေးညီလာခံက ထပ်လောင်းပြီးတော့ သဘောတူအတည်ပြုအောင် ကျွန်တော်တို့လုပ်တယ်။

“ဒုတိယအစည်းအဝေးလုပ်တုန်းက သဘောတူညီချက် ၃၇ ချက်ရတယ်။ အဲဒီ ၃၇ ချက်ကို သုံးသပ်တယ်။ အဓိကကတော့ အားသာချက်၊ အားနည်းချက်ပါ။ ဒီကြားထဲမှာ Process အတိုင်း လုပ်ကြည့်တယ်။ လုပ်ကြည့်လို့ အခု UPDJC ကို တင်မယ့် သဘောတူညီချက် အားလုံးပေါင်း ၁၂ ချက်လောက်ပဲရတယ်။ တိုးလာရင်လည်း သုံး၊ လေးချက်လောက်ပဲ။ အလွန်ဆုံးမှ အချက် ၂၀ လောက်ပဲ ရနိုင်မယ့်အနေအထားပါ။ ဒီအပေါ်မှာလည်း စိတ်ညစ်လို့မရဘူး။ နိုင်ငံတကာမှာရှိတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ကြည့်လိုက်ရင် ကျွန်တော်တို့ထက် ပိုဆိုးတာတွေရှိတယ်။ နောက်ပြန်သွားတာတွေရှိတယ်။ အခုချိန်ထိတော့ ကျွန်တော်တို့ နောက်ပြန်တာမရှိသေးဘူး။ ရှေ့တော့ သွားနေတယ်။ ရှေ့သွားတဲ့နေရာမှာ အရှေ့အနည်းအများ ပြန်ချိန်ရမယ်။

“မကြာမီကျင်းပမယ့် ညီလာခံကို မြောက်ပိုင်း ခုနစ်ဖွဲ့လုံးတက်မယ်။ တက်ရောက်မယ့် အမည်စာရင်းတွေရနေပါပြီ။ လူကြီးတွေနဲ့ ညှိနှိုင်းတွေ့ဆုံဖို့ကျတော့ တကယ်ဆုံးဖြတ်ချက်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ လိုချင်တယ်။

“သူတို့နဲ့လည်း အကျေအလည်ဆွေးနွေးချင်တယ်။ တကယ်ဆုံးဖြတ်ပေးနိုင်မယ့်သူ လာပါဖိတ်ခေါ်ထားတယ်။ အဲဒီအပေါ်မူတည်ပြီးတော့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့တာတို့၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့တွေ့တာတို့ ဖြစ်လာလိမ့်မယ်လို့ထင်တယ်။ ဟိုဘက်က တက်လာမယ့် ပုဂ္ဂိုလ်တွေရဲ့ အနေအထားပေါ်မှာလည်း မူတည်ပါတယ်”ဟု ပြောသည်။

**စိုင်းကျော်ညွန့်၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)**

“ကျွန်တော်တို့ နိုင်ငံရေးကဏ္ဍမှာ အားလုံးသဘောတူတာ နှစ်ချက်ရှိပါတယ်။ တချို့အချက်တွေကလည်း နောက်နေ့တွေမှာ ရနိုင်ခြေရှိပါသေးတယ်။ စီးပွားရေးကဏ္ဍမှာတော့ အားလုံးသဘောတူတာ တစ်ချက်ရှိပါတယ်။ စီးပွားရေးကဏ္ဍမှာ အားလုံးပေါင်း ၁၁ ချက်ထဲမှာ နောက်ထပ်လည်း အများကြီး ရနိုင်ခြေရှိပါသေးတယ်။ လူမှုရေးကဏ္ဍမှာတော့ လောလောဆယ် သဘောတူညီချက် ခုနစ်ချက်ရှိပါတယ်။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှာ နှစ်ချက်ဖြစ်ပါတယ်။ ရရှိတဲ့ အဆိုပြုလွှာတွေ၊ သဘောတူညီချက်တွေကို ညီလာခံကို ဆက်လက်တင်သွင်းပြီးတော့ လုပ်ဖို့ရှိပါတယ်။

“လုပ်ငန်းကော်မတီမှာ တင်လာကတည်းကိုက အစိုးရအစုအဖွဲ့ရဲ့ အဆိုပြုမှုတွေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ရဲ့ အဆိုပြုမှုတွေ၊ နိုင်ငံရေးပါတီ အစုအဖွဲ့ရဲ့ အဆိုပြုမှုတွေအပေါ်မှာ ဆက်စပ်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေရှိပါတယ်။ ဒီအပေါ်မှာ လုပ်ငန်းလမ်းညွှန်ချက်အရ အားလုံးသဘောတူတဲ့ ကိစ္စသာလျှင် ညီလာခံကို တင်သွင်းမယ်ဆိုတာရှိပါတယ်။ အတတ်နိုင်ဆုံး ပြေပြေလည်လည်ဆွေးနွေးပါတယ်။ တချို့အချက်တွေက အားလုံးသဘောတူညီမှုမရဘဲ ကြန့်ကြာနေတဲ့အပေါ်မှာလည်း အရှိတရားကို အရှိအတိုင်းလက်ခံရမယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

“ညီလာခံတစ်ခု တစ်ခုပြီးတိုင်းမှာ သုံးသပ်စရာ ရှိတာတွေ သုံးသပ်ရမှာဖြစ်ပါတယ်။ အစုအဖွဲ့အလိုက် အစိုးရဘက်ကလည်း သုံးသပ်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးကြီးကို အဆင်ပြေအောင်၊ ချောချောမွေ့မွေ့ဖြစ်အောင်၊ အမြန်ဆုံးဖြစ်အောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ သုံးသပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးအစုအဖွဲ့ကလည်း သုံးသပ်မှာဖြစ်ပါတယ်။ ကျွန်တော် ယုံကြည်ထားတာက EAO အစုအဖွဲ့ကလည်း ဒါကို ဘယ်လိုကျော်လွှားနိုင်မလဲ၊ ဒီထက်ပိုမိုမြန်ဆန်လာအောင် အခြားနည်းလမ်းဘယ်လိုရှိမလဲ၊ NCA အရ ဘယ်လိုဆက်သွားမလဲ။ အမြန်ဆန်ဆုံးနည်းလမ်းတွေကို ရှာကြံရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

“ဒီမူဘောင်အရ ဆုံးဖြတ်ချက်ချရမှာရှိပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကတော့ သဘောထားစုစည်းချက်တွေ ရဖို့ပဲဖြစ်တယ်။ လုပ်ငန်းကော်မတီမှာကတော့ အတတ်နိုင်ဆုံး အမျိုးသားအဆင့်ကနေ တက်လာတာတွေ၊ EAO တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့တွေ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်က တင်ပြလာတဲ့စာတမ်းတွေ အားလုံးကို ကျွန်တော်တို့က စေ့စပ်ညှိနှိုင်းဆွေးနွေးရတာဖြစ်ပါတယ်။ မူဝါဒတစ်ခုမှာဆိုရင် စဉ်းစားတွေခေါ်မှုနှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ အဲဒီလောက်ထိပဲ ကျွန်တော်တို့လုပ်ပြီး UPDJC မှာ ဆုံးဖြတ်ချက်ချပေးရမှာဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချထားတာကို အတည်ပြုပေးနိုင်ဖို့အတွက် ညီလာခံမှာ တင်သွင်းပြီး ဆွေးနွေး၊ အတည်ပြုပြီး ဆုံးဖြတ်ချက်ချ အတည်ပြုချက်ရယူမှာပါ။ ဒါကတော့ လက်ရှိမူဘောင်အရ ကျွန်တော်တို့ လုပ်ဆောင်နေခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

**“မကြာမီကျင်းပမယ့် ညီလာခံကို မြောက်ပိုင်း ခုနစ်ဖွဲ့လုံးတက်မယ်။ တက်ရောက်မယ့် အမည်စာရင်းတွေ ရနေပါပြီ။ လူကြီးတွေနဲ့ ညှိနှိုင်းတွေ့ဆုံဖို့ကျတော့ တကယ်ဆုံးဖြတ်ချက်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ လိုချင်တယ်”**

**ဦးမျိုးဝင်း၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)**

“လုံခြုံရေးကဏ္ဍကတော့ ပြည်ထောင်စုအဆင့်မှာပဲ ဆွေးနွေးရတဲ့ အခြေအနေရှိတာပါ။ ပြည်ထောင်စုအဆင့်မှာ ဆွေးနွေးနိုင်ဖို့ဆိုရင် လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ပြီး အစိုးရနဲ့ EAO တွေကြားမှာ အလုပ်သဘောဆွေးနွေးပွဲတွေ လေးကြိမ်လုပ်ခဲ့ပါတယ်။ လေးကြိမ်လုပ်ခဲ့ပြီးတဲ့ အခါမှာ သဘောထားစုစည်းချက်တွေရတယ်။ ဒီသဘောထား စုစည်းချက်တွေကလည်း လုံခြုံရေးကဏ္ဍကို ရှေ့ဆက်ဆောင်ရွက်ဖို့အတွက် အင်မတန်ကောင်းမွန်တဲ့ ရလဒ်တွေဖြစ်ပါတယ်။ ဒါပေမယ့် နည်းနည်း အခက်အခဲရှိသွားတာက ဒီအလုပ်သဘောဆွေးနွေးပွဲက ရရှိတဲ့ သဘောထား စုစည်းချက်၊ သဘောထားကောက်နုတ်ချက်အရ နည်းနည်းလေး လိုအပ်ချက်ဖြစ်သွားတယ်။

“ဘာဖြစ်လို့လဲဆိုတော့ အလုပ်သဘောဆွေးနွေးပွဲက ရရှိလာတဲ့ဟာတွေကို အစိုးရနဲ့ EAO တွေကြားမှာ သေချာမဆွေးနွေးရသေးဘူး။ သေချာမဆွေးနွေးရသေးဘဲနဲ့ လုပ်ငန်းကော်မတီ အစည်းအဝေးဖြစ်လာတယ်။ အလုပ်သဘောဆွေးနွေးပွဲက ရရှိထားတဲ့ သဘောထားစုစည်းချက်တွေကိုလည်း ရှေ့ဆက်ဆောင်ရွက်တဲ့အခါမှာ အထောက်အကူဖြစ်ဖို့အတွက် ဒီလုပ်ငန်းကော်မတီအစည်းအဝေးမှာ ဆွေးနွေးကြတယ်။ လုပ်ငန်း ကော်မတီအစည်းအဝေးဟာ တခြားကဏ္ဍနဲ့ မတူတာကတော့ ဆုံးဖြတ်ချက်တော့ မချဘူး။ ဒါပေမယ့် အဲဒီအလုပ်သဘောဆွေးနွေးပွဲမှာ ရရှိထားတဲ့ သဘောထားစုစည်းချက်တွေကို ရှေ့ဆက်အကောင်အထည်ဖော်ဖို့အတွက် အကြံပြုချက်တွေ၊ နည်းလမ်းတွေ အများကြီးရခဲ့ပါတယ်။

“အဲဒါတွေကို ဒီညီလာခံမှာ ဆက်လက်တင်ပြမှာပါ။ ညီလာခံမှာ ဆက်လက်တင်ပြပြီးပြီဆိုရင် ရှေ့ဆက်ဆောင်ရွက်မယ့် အစီအစဉ်တွေအတွက် ညီလာခံကြီးရဲ့ လုံခြုံရေးကဏ္ဍမှာ ဒီအကြံပြုချက်တွေ ရယူသွားမယ်။ အဲဒီအကြံပြုချက်တွေကို ရှေ့ဆက် အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် မှတ်တမ်းအဖြစ်နဲ့ ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

“လာမယ့်ညီလာခံမှာ ဆွေးနွေးဖို့ နှစ်ချက်သတ်မှတ်ထားပါတယ်။ တစ်ချက်ကတော့ အလုပ်သဘောဆွေးနွေးပွဲနဲ့ လုပ်ငန်းကော်မတီ အစည်းအဝေးတွေကရရှိခဲ့တဲ့ သဘောထားစုစည်းချက်တွေကို ဒီညီလာခံကြီးမှာ အစီရင်ခံတင်ပြမယ်။ ဒါဟာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီအစည်းအဝေးမှာ သဘောထား စုစည်းချက်တွေအားလုံးကို တင်ပြမယ်။ တင်ပြပြီးရင် အတည်ပြုချက်တွေ ရယူမယ်။

“နောက်တစ်ခုကတော့ ဒီအကြံပြုချက်တွေ ရယူနိုင်ဖို့အတွက်ကိုလည်း ခေါင်းစဉ် နှစ်ခု သတ်မှတ်ထားတာရှိတယ်။ တစ်ခုကတော့ လုံခြုံရေးကဏ္ဍမှာ ဆွေးနွေးဖို့အတွက် ခေါင်းစဉ်ကြီး နှစ်ခုရှိတယ်၊ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေရယ်၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးပဲဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်ကြီး အောက်မှာ ချမှတ်ခဲ့တဲ့ ခေါင်းစဉ်ကွဲတွေနဲ့ ပတ်သက်ပြီးတော့ ဒီညီလာခံရဲ့ လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးမှာ အကြံပြုချက် ရယူသွားမှာပါ။

“ပြီးတော့ ဝေါဟာရရှင်းလင်းချက်ပါ။ ဆိုလိုတာကတော့ အဲဒီခေါင်းစဉ်ကြီးတွေနဲ့ ပတ်သက်လို့လည်းပဲ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေကို ဘယ်လိုနားလည်တယ်၊ ပြီးတော့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုနားလည်လဲ၊ အဲဒီ နှစ်ချက်နဲ့ပတ်သက်ပြီးတော့ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ပတ်သက်လို့လည်းပဲ လုံခြုံရေးကဏ္ဍ ကော်မတီအစည်းအဝေးမှာ ဆွေးနွေးပြီး အကြံပြုချက်တွေရယူသွားမယ်။ ရှေ့ဆက်ဆောင်ရွက်နိုင်ဖို့အတွက် အထောက်အကူပြုတဲ့ အစီအစဉ်အဖြစ်နဲ့ ဆောင်ရွက်သွားဖို့ ရှိပါတယ်။

“UPDJC မှာကျတော့ ဆွေးနွေးပွဲ အကြောင်းအရာတွေကိုပဲ လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီက တင်ပြနိုင်တယ်။ အဲဒီလုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီက တင်ပြတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ဖို့အတွက် UPDJC က ခွင့်ပြုထားတာဖြစ်ပါတယ်”ဟု ပြောသည်။

ပြီးခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် သဘောတူညီချက် ၃၇ ချက်ကို ရယူနိုင်ခဲ့ပြီး ယခု ညီလာခံတွင်လည်း သဘောတူညီချက်များ ထပ်မံရရှိမည့် အခြေအနေနှင့် ရှေ့ဆက်လျှောက်လှမ်းမည့် ငြိမ်းချမ်းရေးလမ်းကို ကြားသိလိုက်ရသည့်အတွက် ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းနေကြသည့် ခြေလှမ်းများသည် မဝေးတော့သော အနာဂတ်တွင် ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ပါစေကြောင်း ယုံကြည်ဆုတောင်းလျက် . . . . .။

**အမေး၊ အရေး - မော်စီ၊ မွေးကြူဇင်**
**ဓာတ်ပုံ-အေးသန်း**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင်၊ ဦးမင်းဟန်၊ ဒေါ်သင်းသင်းသာ၊ ဦးကျော်စွာမင်း၊ ဦးခိုင်မြတ်ကျော်နှင့် ဦးဇေယျတို့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် သတင်းမီဒီယာကောင်စီအတွက် အခန်းငှားရမ်းမည့်ကိစ္စ၊ နောက်သုံးနှစ်သက်တမ်းအတွက် ကောင်စီဝင်သစ်များ ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းစဉ်ဆောင်ရွက်မှုအခြေအနေနှင့် ဆောင်ရွက်သွားရန်ရှိသည့် ကိစ္စရပ်များ၊ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကျွန်တော်တို့ ရောက်လာပါပြီ၊ အကောင်းဆုံးဖြစ်အောင် တွေ့ဆုံရအောင် ဟု KIO ဒုတိယဥက္ကဋ္ဌ ပြောကြား

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော်သို့ ရောက်ရှိနေသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်ဂွမ်မော်က "အစိုးရနဲ့ တပ်မတော်ကို ဘာပြောချင်သလဲဆိုရင် ကျွန်တော်တို့ ရောက်လာပါပြီ။ အကောင်းဆုံးဖြစ်အောင် တွေ့ဆုံရအောင်လို့ ပြောကြားချင်ပါတယ်"ဟု ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံမြောက်ပိုင်းအဖွဲ့များဖြစ်ကြသည့် "ဝ"ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ တအာင်း(ပလောင်) အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော်- ကိုးကန့်တပ်ဖွဲ့ (MNDAA) နှင့် ရက္ခိုင့်တပ်မတော် (AA) တို့သည် တရုတ်နိုင်ငံ ကူမင်းမြို့မှနေ၍ လေကြောင်းလိုင်းဖြင့် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

KIO ဒုတိယဥက္ကဋ္ဌက "မျှော်လင့်ချက်တွေနဲ့ လာတာပါ။ ဆွေးနွေးမှုက အဓိကမဟုတ်ဘဲ ကျွန်တော်တို့ အဆက်ပြတ်နေတဲ့ ဆက်သွယ်ရေးကို ဘယ်လိုလုပ်မလဲဆိုတာ အဓိကကျပါတယ်။ ငြိမ်းချမ်းရေးအတွက်ရှေ့ဆက်ပြီး ဘယ်လိုလုပ်နိုင်မလဲဆိုတဲ့ ကွင်းဆက်ကိုရမယ်။ မနက်မှဆုံမယ်လေ"ဟု ပြောကြားသည်။

မြန်မာနိုင်ငံမြောက်ပိုင်း အဖွဲ့ ခုနစ်ဖွဲ့အနက် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်- မိုင်းလားတပ်ဖွဲ့ (NDAA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့သည် အစည်းအဝေး တက်ရောက်ရန်အတွက် နေပြည်တော်သို့ ကြိုတင်ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါမြောက်ပိုင်း ခုနစ်ဖွဲ့ကို ဒုတိယဥက္ကဋ္ဌအဆင့်ရှိသူများ ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အတွင်းရေးမှူး ဦးခင်ဇော်ဦးတို့က မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့အား နေပြည်တော် Horizon Lake View Resort တွင် လာရောက်တွေ့ဆုံခဲ့ကြသည်။

ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူးက "ဒုတိယဥက္ကဋ္ဌတွေလာတာဆိုတော့ အရေးပါတာပေါ့။ နောက်ဥက္ကဋ္ဌတွေက လာချင်ပေမယ့် ကျန်းမာရေးအခြေအနေကြောင့်ပါ။ ညီလာခံနဲ့ တိုက်ရိုက်ဆက်စပ်မှု မရှိပေမယ့် နိုင်ငံတော်အကြီးအကဲတွေနဲ့တော့ တရားဝင်တွေ့ဆုံမှာပါ။ တွေ့တဲ့အခါ သူ့သဘောထား၊ ကိုယ့်သဘောထား တော်တော်လေးညှိနိုင်မယ် ထင်တယ်။ အဲဒီလို ညှိနိုင်ပြီဆို အောက်ခြေမှာ လိုက်လုပ်ရတာ လွယ်သွားပြီ"ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး ဦးလှမောင်ရွှေက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် "ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိုပြီးကောင်းတာက မြောက်ပိုင်း ခုနစ်ဖွဲ့ လာတွေ့တယ်။ တာဝန်ရှိတဲ့သူတွေနဲ့လည်း တွေ့မယ်လို့ ကြားတယ်။ ဒါက ယုံကြည်မှုတည်ဆောက်တဲ့လုပ်ငန်းစဉ်ပါ။ အဲဒီအတွက် နည်းလမ်းတွေလည်း ရှာဖို့၊ ရဖို့ မျှော်လင့်တယ်"ဟု ပြောသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်ကော့ရှန်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ၊ "ဝ"ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်-(NDAA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/ SSA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) နှင့် ရက္ခိုင့်တပ်မတော် (AA) မြန်မာနိုင်ငံမြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့တို့မှ ခေါင်းဆောင်များအား နေပြည်တော် Horizon Lake View Resort တွင် ညစာဖြင့် တည့်ခင်းဧည့်ခံသည်။

အဆိုပါ ဧည့်ခံပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး ဦးလှမောင်ရွှေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့ တက်ရောက်ခဲ့ကြသည်။

**ရဲခေါင်ညွန့်**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ တတိယ အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသည့် KIO ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်ဂွမ်မော်။

ဓာတ်ပုံ ဖိုးထောင်

❖ *ကျောဖုံးမှ*

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် "ဝ"ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ပေါက်ယူရိနှင့် ကျောက်ကော်အမ်း၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)မှ ဗိုလ်ချုပ်ဂွမ်မော်နှင့် ဆင်ဝါး၊ ရက္ခိုင့်တပ်မတော်(AA)မှ ဒေါက်တာညိုထွန်းအောင်၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)မှ ဒုတိယဥက္ကဋ္ဌ တာကူလန်း၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)မှ ရန်ဝယ်ကျုံးနှင့် ဖုံးရှင်တို့ ဦးဆောင်သည့် အဖွဲ့ဝင် ၃၆ ဦး လိုက်ပါလာကြသည်။

ထို့အတူ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA) မှ ဦးစံပေ့ ခေါင်းဆောင်သည့်အဖွဲ့ဝင် ၂၁ ဦးသည် ယမန်နေ့ ည ၉ နာရီတွင် လည်းကောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဦးဆေးထင် ခေါင်းဆောင်သည့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင်လည်းကောင်း နေပြည်တော်သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးအတွင်း မူခင်းကျဆင်းရေး ကွင်းဆင်းဆွေးနွေး

**ပုသိမ် ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် ကြိုတင်ကာကွယ်မှုများကို ပြည်သူလူထုပူးပေါင်းသော ရဲလုပ်ငန်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ခင်မောင်လတ် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပုသိမ်မြို့ အမှတ်(၁၃) ရွှေဝတ်မှုံရပ်ကွက်နှင့် အမှတ် ၁၅ ဒိုက်ထူ ကျေးရွာများရှိ ပြည်သူများနှင့် တစ်အိမ်တက်ဆင်း ကြုံတွေ့နေရသော ခံစားချက်၊ လိုအပ်ချက်၊ ရင်တွင်းစကားများ ဆွေးနွေးညှိနှိုင်းမှုများ အကြံပြုချက်များ ပူးပေါင်းဆောင်ရွက်ခွင့်များ ရယူခြင်း၊ ရဲမေများကလည်း သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှု၏ အဆိုးအပြစ်များကို မိန်းမသားချင်းပွင့်လင်းစွာ အသိပညာပေးဆွေးနွေးခြင်း၊ လက်ကမ်းကြော်ငြာများ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။

**ပုသိမ်-လှကြည်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန၊ ကျောက်ထုတ်စခန်းများကို ရှောင်တခင် ဝင်ရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၀**

လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန၊ ကျောက်ထုတ်စခန်းများကို ရှောင်တခင် ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့သည် ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန၊ ထုံးဘို(၁) ကျောက်ထုတ်စခန်း၊ ထုံးဘို (၂) ကျောက်ထုတ်စခန်းနှင့် ထုံးဘို(အမျိုးသမီး) ကျောက်ထုတ်စခန်းများကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်ထုတ်လုပ်ငန်းခွင် ဆောင်ရွက်နေမှု၊ အလုပ်ခွင်အတွင်း နားနေရန်နေရာ၊ သောက်သုံးရေရရှိမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း ရှိ၊ မရှိ၊ အလုပ်ချိန် ကျော်လွန်ခိုင်းစေခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းခွင်အန္တရာယ် ရှိ၊ မရှိ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ဘဲလင်းအကျဉ်းစခန်း(၁)၊ (၂)တို့နှင့် ရဲစခန်း အချုပ်ခန်းများကို လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ဇွန်လအတွင်းက မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်းမြို့နယ်တို့အတွင်းရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည့်အပြင် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်းနှင့် ကာမိုင်းမြို့နယ်တို့အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ခဲ့ကာ တိုက်ပွဲရှောင် ပြည်သူများနှင့်တွေ့ဆုံပြီး ၎င်းတို့ တွေ့ကြုံခဲ့ရသော အခက်အခဲများ၊ တိုက်ပွဲရှောင်စခန်းများ၌ နေထိုင်စဉ် စားဝတ်နေရေးအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းစုံစမ်းခဲ့ကြောင်း သိရသည်။ **ဇော်ကြီး**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မြို့မစခန်းမှူး ဒုရဲမှူး အောင်ဝင်းစိန်နှင့်အဖွဲ့ ဇူလိုင် ပထမပတ်က ဘီးလင် မြို့နယ် ရွှေလှေကျေးရွာ အ-ထ-က ၌ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဟောပြောစဉ်။

ကိုရဲ



## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်များမှာ မုတ်သုံလေ အားကောင်းနေမည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ၆ / ၂၀၁၈ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၀

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၆ / ၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ပူးတွဲဥက္ကဋ္ဌဖြစ်သူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ကော်မတီအတွင်းရေးမှူးဖြစ်သူ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် သန်းထွင်၊ တွဲဖက် အတွင်းရေးမှူးဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများမှ ကော်မတီဝင်များ တက်ရောက်သည်။**



### ပြောင်းလဲမှု အမှန်တကယ်ဖြစ်ပေါ်ရန် လိုအပ်

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့ အစည်းအဝေးသည် ၂၀၁၈ ခုနှစ်အတွင်း (၆)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ကော်မတီ စတင်ဖွဲ့စည်းချိန်မှဆိုလျှင် (၁၅)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး လုံခြုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေး စသည့် အချက်သုံးချက်ကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် ၈၈ ချက်တွင် အချက် ၈၀ ခန့်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အချက်များကို ဆောင်ရွက်နိုင်ရေးအတွက်လည်း ပြည်နယ်အစိုးရနှင့် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ထုတ်ပြန်မှုအနေဖြင့် ဒုတိယအကြိမ် ပြည်သူသို့ အစီရင်ခံစာကို နိုင်ငံပိုင်သတင်းစာများတွင် ဇွန် ၂ ရက်တွင် မြန်မာဘာသာဖြင့် လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ တတိယအကြိမ် ပြည်သူသို့ အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက်လည်း ဆောင်ရွက်နေပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း မြေပြင်တွင် ပြန်လည်ဆန်းစစ်လျက်ရှိပါကြောင်း၊ လက်တွေ့အခြေအနေ ပြောင်းလဲမှု အမှန်တကယ်ဖြစ်ပေါ်ရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆောင်ရွက်ရန်ကျန်ရှိသည့် အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌနှင့်အတူ တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

### ကိစ္စတိုင်းအတွက် လုံခြုံတည်ငြိမ်ရေးကို ဦးစားပေး

ပူးတွဲကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးရာတွင် ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကျန်ရှိနေသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ IDP စခန်းများ ပိတ်သိမ်းရေးကို စနစ်တကျဆောင်ရွက်နိုင်ပါရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး IDP စခန်းကို ပိတ်သိမ်းနိုင်ရေးအတွက် စီမံချက်ချမှတ်ပြီး ဆောင်ရွက်နေပါကြောင်း၊ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ NV Card ဆောင်ရွက်မှုသည်လည်း အောင်မြင်မှုများ ရရှိပါကြောင်း၊ အတူလက်တွဲနေထိုင်ရေးအတွက် သိမ်သိမ်မွေ့မွေ့ ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နေရပါကြောင်း၊ ကိစ္စတိုင်းအတွက် လုံခြုံတည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံမြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးညှိနှိုင်းကာ ပြည်သူ၏အသံ နားထောင်ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### လှုဖိုးခေါင်စခန်းအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်း

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်လက်ခံရေးစခန်းများတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ သတင်းနှင့် မှုခင်းတပ်ဖွဲ့တို့မှ ဝန်ထမ်းအင်အားများကို တိုးမြှင့်ချထားရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လှုဖိုးခေါင်အဝင်လမ်းဖြစ်သည့် မောင်တော-ရွှေဇား-ပြင်ဖြူလမ်းဆုံ ကတ္တရာခင်းခြင်းကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ လှုဖိုးခေါင်စခန်းအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြေပုံ IDP စခန်း ပိတ်သိမ်းရေးလုပ်ငန်းများ၊ လှုဖိုးခေါင် အဝင်လမ်း ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးသည်။

### ထူးခြားချက်များရှိပါက တင်ပြ

ကော်မတီတွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အကြံပြုချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများကို အဖွဲ့ဝင် ဝန်ကြီးဌာနများက လစဉ်တင်ပြချက်များအပြင် ထူးခြားချက်များရှိပါက ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြစေလိုပါကြောင်း၊ ပြန်လည်လက်ခံရေးစခန်းများတွင် ဝန်ထမ်းအင်အား ဖြည့်တင်းရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြန်လည်လက်ခံရေး ဆောင်ရွက်မှုကိစ္စရပ်များ၊ ပြန်လည်လက်ခံရေးစခန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးမှု အခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်ပြီး ကော်မတီဝင် ဝန်ကြီးဌာနအသီးသီး၏ တင်ပြဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး ကန်ဒေါ်လာ သန်း ၁၀၀ ပံ့ပိုးမည့်အစီအစဉ်အပြင် မြန်မာ၏မိတ်ဖက်အဖြစ် ခိုင်မာစွာရပ်တည်မည်ဟု ကမ္ဘာ့ဘဏ်ဒုဥက္ကဋ္ဌ ပြောကြား

နေပြည်တော် ဇူလိုင် ၁၀

**ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာက မြန်မာနိုင်ငံသို့ သုံးရက်ကြာ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတဖြစ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် လက်ရှိပံ့ပိုးကူညီမှုများအပေါ် ဆွေးနွေးသုံးသပ်နိုင်ခဲ့ပြီး ရှေ့ဆက်သွားမည့် လုပ်ငန်းများကိုလည်း ကျေနပ်အားရဖွယ် ဆွေးနွေးနိုင်ခဲ့ကြောင်း ယနေ့ရက်စွဲဖြင့် ကမ္ဘာ့ဘဏ်က သတင်းထုတ်ပြန်ခဲ့သည်။**

### ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး အဓိကမဏ္ဍိုင်

ခရီးစဉ်အတွင်း နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ ဒုတိယဥက္ကဋ္ဌက လာရောက်ခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အစိုးရတာဝန်ရှိသူများ၊ သံတမန်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအပြင် အခြားသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ်အတွင်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan) ရေးဆွဲနိုင်ခဲ့ခြင်းနှင့် ယင်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအား အဓိကမဏ္ဍိုင်အဖြစ် ထည့်သွင်းထားခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားနိုင်ခဲ့ခြင်း၊ အလေးအနက်ထား ဆွေးနွေးနိုင်ခဲ့ခြင်းကြောင့် ဂုဏ်ယူဝမ်းမြောက်သည့်အပြင် ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးကူညီမှုများသည် ထိုအချက်ပေါ်တွင် အခြေခံသွားရန်လည်း ကတိကဝတ်ပြုနိုင်ခဲ့ကြောင်း ဗစ်တိုးရီးယားကွာကွာက ပြောကြားလိုက်သည်။

ထို့အပြင် တတိယအကြိမ် ပင်လုံငြိမ်းချမ်းရေးညီလာခံကြီးကိုလည်း အောင်မြင်အောင် ကျင်းပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးခဲ့ပြီး လာမည့်နှစ်အတွင်း ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးအကူအညီများဖြင့် ဦးစားပေးဆောင်ရွက်သင့်သည့် ကဏ္ဍများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ လူမှုအသိုက်အဝန်းများအကြား သဟဇာတဖြစ်ရေး ဆောင်ရွက်မှုများကိုလည်း ဦးစားပေးလုပ်ဆောင်သွားရန် သဘောတူညီခြင်းများလည်း ပြုလုပ်နိုင်ခဲ့ကြောင်းသိရသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများ အားလုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးရေးနှင့် တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားသူများအတွက် ၎င်းတို့၏ သဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံဘေးကင်းစွာ ပြန်လည်ဝင်ရောက်နိုင်မည့် အခြေအနေများ ဖန်တီးပေးနိုင်ရေးတို့ကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွေးနွေးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### ရပ်ရွာများအတွင်း စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသွားမည်

ဆွေးနွေးမှုများအပြီးတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ မှ ၂၅၀ အကြား ကနဦးဘဏ္ဍာရေးအကူအညီ ရရှိနိုင်မည့် ငြိမ်းချမ်းသာယာစည်ပင်သော ရပ်ရွာအသိုင်းအဝိုင်းများ တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြင်ဆင်မှုများ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာက အတည်ပြုပြောကြားသည်။ ယင်းစီမံကိန်းအရ ရပ်ရွာအသိုင်းအဝိုင်းများတွင် ငြိမ်းချမ်းရေးတည်ဆောက်ရာ၌ အဓိကကျသည့် စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ အခြေခံလူမှုဝန်ဆောင်မှုများနှင့် ရပ်ပိုင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ရပ်ရွာများအတွင်း စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသွားမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

"ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေအားလုံးကို ကူညီပံ့ပိုးရာမှာ မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်သွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းသာယာစည်ပင်တဲ့ ရပ်ရွာအသိုင်းအဝိုင်းများ တည်ဆောက်ရေးစီမံကိန်းလိုမျိုး ပံ့ပိုးမှုအသစ်တွေနဲ့ ရခိုင်ပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်ပွားမှုရဲ့ အကျိုးဆက်ကိုခံနေရတဲ့ ဒေသတွေမှာ စီးပွားရေးအခွင့်အလမ်းတွေ ဖော်ဆောင်ဖို့တွေကို ဆက်လက်ကူညီသွားမှာဖြစ်ပါတယ်"ဟု ဗစ်တိုးရီးယားကွာကွာက ကတိပေးပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယဥက္ကဋ္ဌတို့သည် ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ်တွင်လည်း ဆွေးနွေးခဲ့ကြသည့်အတွက် မြန်မာအစိုးရနှင့် UNHCR/UNDP တို့အကြား မကြာခင်က ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာနှင့် ကိုဖီအာနန်ကော်မရှင် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်လျက်ရှိသည့် တိုးတက်မှုအစီရင်ခံစာအား ထုတ်ပြန်နိုင်ခဲ့ခြင်းအပေါ် ကမ္ဘာ့ဘဏ်ကလည်း ဂုဏ်ယူကြောင်း သိရှိရပြီး နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်များအား လျင်မြန်စွာ အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း ဗစ်တိုးရီးယားကွာကွာက ပြောကြားသည်။

ကမ္ဘာ့ဘဏ်မှ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပံ့ပိုးမည့်အစီအစဉ်ကိုလည်း စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ယင်းအစီအစဉ်တွင် ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများအားလုံးအတွက် အလုပ်အကိုင်ရရှိရေး၊ စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ လူမှုဝန်ဆောင်ခြင်းအစီအစဉ်များ အမြန်ဆုံးစတင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ခင်ရတနာ**

# အသက်မွေးဝမ်းကျောင်းပညာဖွံ့ဖြိုးရေး၊ ကျွမ်းကျင်လုပ်သားဖြည့်ဆည်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေးအတွက် မန်းရေနံမြေတွင် အခြေခံသံဂဟေဆက်သင်တန်း ဖွင့်လှစ်ပို့ချ

**မင်းဘူး ဇူလိုင် ၁၀**

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၄ ဖြစ်သည့် အရည်အသွေးရှိ ပညာရေး ရရှိရန်နှင့် ပန်းတိုင် ၈ ဖြစ်သည့် ကောင်းမွန်သည့် အလုပ်အကိုင်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များအရ လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိနိုင်ရန် အရည်အသွေးမြှင့်သင်တန်းများ၏ အရေးပါမှုကို အသိအမှတ်ပြုလျက် MPRL E&P သည် မန်းရေနံမြေ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ဆောင်ရွက်နိုင်ရန် စွမ်းရည်မြှင့်သင်တန်းများကို ပံ့ပိုးဖွင့်လှစ်လျက်ရှိသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် MPRL E&P တို့ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး၊ အမှတ် (၅) စက်မှု သင်တန်းကျောင်း၏ ကူညီပံ့ပိုးမှုဖြင့် အခြေခံသံဂဟေဆက်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို မန်းရေနံမြေနှင့် ထိစပ်ကျေးရွာတစ်ခုဖြစ်သည့် လေးအိမ်တန်းကျေးရွာတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်၊ မင်းဘူး (စကု)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မင်းဘူး(စကု)မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖုန်းလင်း၊ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဦးသန့်စင်၊ MPRL E&P ရေနံမြေ မန်နေဂျာ ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းမှူးများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် လုပ်သားလိုအပ်ချက် ကြီးမားလျက်ရှိသည့် သံဂဟေဆက်ပညာ ကျွမ်းကျင်လုပ်သား အရင်းအမြစ်များ ဖြစ်ထွန်းရေးနှင့် ယင်းလုပ်ငန်းဖြင့် ကိုယ်ပိုင်စီးပွားရေး အခွင့်အလမ်းများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အခြေခံသံဂဟေဆက်ပညာသင်တန်းကို မန်းရေနံမြေဒေသခံများအတွက် ဖွင့်လှစ်ပို့ချခြင်းဖြစ်သည်။ အဆိုပါသင်တန်းသို့ ဒေသခံသင်တန်းသား ၂၈ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ သီတင်းပတ် နှစ်ပတ်တာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ပထဝီဝင်ဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။**

**ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**

**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**၂၀၁၉ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ပထဝီဝင်** **ခွင့်ပြုချိန် (၃)နာရီ**

**နမူနာမေးခွန်း**

သတိပြုရန်။ ။ အဖြေများကို စာအုပ်တွင်ဖြေပါ။ အပိုင်း(က)နှင့် အပိုင်း(င)မှ မေးခွန်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီ စုစုပေါင်း(၅)ပုဒ် ဖြေဆိုရမည်။
လိုအပ်သည့်နေရာများတွင် မြေပုံ၊ ပုံကြမ်းနှင့် သရုပ်ပြပုံများရေးဆွဲပါ။

**အပိုင်း(က)**

**အောက်ပါတို့ကို အားလုံး ဖြေဆိုပါ။** **(၁၅)မှတ်**

၁။ (က) အောက်ပါဖော်ပြချက်များကို အမှား၊ အမှန်ရွေး၍ မှန်လျှင်'မှန်'ဟုရေးပြီး မှားလျှင် 'မှား'ဟု ရေးပါ။ **(၅)မှတ်**

(၁) ကမ္ဘာ့မြေထု၏ ပျမ်းမျှသိပ်သည်းဆသည် ၅.၆ ဖြစ်သည်။
(၂) ကြားလွှာ၏ အပေါ်ဆုံးနေရာရှိကျောက်များသည် စေးပျစ်သည့် အခြေအနေရှိသည်။
(၃) မြေဖယောင်းကို စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်မှ ရရှိသည်။
(၄) ဒိုက်ဦးမြို့တွင် ပီလောပီနံအမှုန့်ကြိတ်စက်ရုံရှိသည်။
(၅) ဂျပန်နိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ လွင်ပြင်ပိုင်းဖြစ်သည်။

(ခ) **အောက်ပါတို့ကို ဖြည့်စွက်ရေးသားပါ။** **(၅)မှတ်**

(၁) ကမ္ဘာ့မြေထုအပေါ်လွှာ၌ သဘာဝအလျောက်ဖြစ်ပေါ်နေသော --------- အမျိုးအစား ၁၀၃ မျိုးရှိသည်။
(၂) ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် --------- သတ္တုတွင်းတည်ရှိသည်။
(၃) ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် ---- စက်ရုံရှိသည်။
(၄) ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံးသင်္ဘောဆိပ်မြို့ကြီးမှာ ------- ဖြစ်သည်။
(၅) ဘွန်းမြို့သည် ဂျာမနီနိုင်ငံအနောက်မြောက်ပိုင်း --------- မြစ်ပေါ်တွင် တည်ရှိသည်။

(ဂ) **အောက်ပါတို့အနက်မှ အဖြေမှန်ရွေးပါ။** **(၅)မှတ်**

(၁) အနည်ကျကျောက်များ၏ --------- ရာခိုင်နှုန်းကျော်သည် ယှေလကျောက်၊ သဲကျောက်၊ ထုံးကျောက်များဖြစ်သည်။
(က) ၇၀ (ခ) ၈၀ (ဂ) ၉၀

(၂) ကမ္ဘာပေါ်တွင် မကြာခဏလှုပ်ရှားပေါက်ကွဲနေသော --------- ပေါင်း ၅၀၀ ခန့်ရှိသည်။
(က) မီးတောင်သေ (ခ) မီးတောင်ရှင် (ဂ) မီးတောင်မြုံ

(၃) တနင်္သာရီမြစ်တွင် --------- မှ တနင်္သာရီမြို့အထိ သင်္ဘောများ သွားလာနိုင်သည်။
(က) ကော့သောင်းမြို့ (ခ) ထားဝယ်မြို့ (ဂ) မြိတ်မြို့

(၄) အမေရိကန်ပြည်ထောင်စု၏ မြို့တော်မှာ ------------ မြို့ဖြစ်သည်။
(က) နယူးယော့ (ခ) ဝါရှင်တန်ဒီစီ (ဂ) ဆန်ဖရန်စစ္စကို

(၅) မြေထဲပင်လယ်အတွင်းသို့ ----------- မြစ်စီးဝင်သည်။
(က) ရှန်း (ခ) ဂရုန်း (ဂ) ဆိန်း

**အပိုင်း (ခ) သဘာဝပထဝီဝင်**

**အောက်ပါတို့အနက်မှ (၁)ပုဒ် ဖြေပါ။** **(၁၅)မှတ်**

၂။ ကမ္ဘာ့မြေထု၏ အပေါ်ယံကျောက်များအကြောင်းကိုရှင်းပြပြီး မီးသင့်ကျောက်ဖြစ်ပေါ်လာပုံကို ရေးသားပါ။

၃။ ရေခဲမြစ်တိုက်စားမှုကြောင့် ဖြစ်ပေါ်လာသောသွင်ပြင်များကိုပုံနှင့်တကွရှင်းပြပါ။

၄။ အောက်ပါတို့ကို မှတ်စုတိုရေးပါ။
(က) မီးတောင်ပေါက်ကွဲရခြင်း၏ အဓိကအကြောင်းရင်း
(ခ) ကမ်းခတ်လှိုင်းနှင့်ရွှေ့လှိုင်း

**အပိုင်း (ဂ) မြန်မာနိုင်ငံပထဝီဝင်**

**အောက်ပါတို့အနက်မှ (၁)ပုဒ် ဖြေပါ။** **(၁၅)မှတ်**

၅။ မြန်မာနိုင်ငံ၏ ကုန်ကြမ်းပစ္စည်းလုပ်ငန်းများကိုဖော်ပြပြီး ရော်ဘာစက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့် စက္ကူစက်များသည် ကုန်ကြမ်းပစ္စည်းအခြေပြုစက်ရုံများ ဖြစ်ကြောင်း သုံးသပ်တင်ပြပါ။

၆။ မြန်မာနိုင်ငံ၏ သဘာဝအခြေခံအချက်အလက်များသည် ပြည်တွင်းကုန်သွယ်ရေးအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ဆွေးနွေးပါ။

၇။ အောက်ပါတို့ကို မှတ်စုတိုရေးပါ။
(က) မြန်မာနိုင်ငံ၏ ဘူမိအနေအထားနှင့် မြေမျက်နှာသွင်ပြင်အရ တွင်းထွက်များ တွေ့ရှိပုံ
(ခ) ပြည်တွင်းပင်လယ်ကမ်းရိုးတန်း ပို့ဆောင်ဆက်သွယ်ရေး

**အပိုင်း (ဃ) ကမ္ဘာ့ပထဝီဝင်**

**အောက်ပါတို့အနက်မှ (၁)ပုဒ် ဖြေပါ။** **(၁၅)မှတ်**

၈။ ဂျပန်နိုင်ငံ၏ မြို့ကြီးများအကြောင်းကို ပြည့်စုံစွာဖြေဆိုပါ။

၉။ ပြင်သစ်နိုင်ငံ၏ရာသီဥတု၊ မြေဆီလွှာနှင့် သဘာဝပေါက်ပင်တို့၏ ဆက်စပ်ပုံကို ဖြေဆိုပါ။

၁၀။ **အောက်ပါတို့ကိုမှတ်စုတိုရေးပါ။**
(က) အမေရိကန်ပြည်ထောင်စု၏ တည်နေရာနှင့် အကျယ်အဝန်း
(ခ) ဂျာမနီနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး


**အပိုင်း (င)လက်တွေ့ပထဝီဝင်**

**အောက်ပါတို့ကို အားလုံး ဖြေပါ။** **(၄၀)မှတ်**

၁၁။(က) ကင်မရာဆုံတာ ၆လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၇၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့် လေယာဉ်၏မြေပြင်အထက်အမြင့်ပေကို ရှာပါ။ **(၁၀)မှတ်**

(ခ) ၂ လက်မလျှင် ၁ မိုင်စကေးကို ကိုက် ၅၀၀ အထိပြသနိုင်သော စကေးစိပ်ပုံကိုရေးဆွဲပါ။ **(၁၀)မှတ်**

(ဂ) ပေးထားသောကွန်တိုမြေပုံကို သေချာစွာလေ့လာပြီး အောက်ပါတို့ကို ဖြေဆိုပါ။ **(၂၀)မှတ်**
(၁) 'က' မှ 'ခ' သို့ ဖြတ်ပိုင်းပုံ ရေးဆွဲပါ။
(၂) မြေပုံပါဒေသ၏ လတ္တီကျု၊ လောင်ဂျီကျုများနှင့် ဧရိယာ(စတုရန်းမိုင်)ကို ရှာပါ။
(၃) မြေပုံပါဒေသ၏ မြေမျက်နှာသွင်ပြင်၊ ရေဆင်းနှင့် ရာသီဥတုအကြောင်းကို ရေးပါ။



## မြို့နယ်များ၌ အာဇာနည်နေ့အကြို အထိမ်းအမှတ်ပွဲများပြုလုပ်

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းကျင်းပသည့် (၇၁) နှစ်မြောက် အာဇာနည်နေ့အကြို ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၉ ရက်က ကန်ကြီးထောင့်(အထက)အမျိုးသားခန်းမ၌ ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းမှ အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ကျရာခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးကျင်းပသည့် (၇၁)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်က မိုးကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုဇာတ်ပြဌာန၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲ၌ မမေ့နိုင်သောဇူလိုင်ရက်ဆိုး တစ်ဆယ့်ကိုး ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၄၈ ဦးနှင့် ပန်းချီပြိုင်ပွဲ၌ အာဇာနည်နေ့အစဉ်မမေ့ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူ ၃၃ ဦးရှိပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဇူလိုင် ၁၃ ရက်တွင် မိုးကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## တောင်ကြီးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်၍ နိုင်လွန်ကတ္တရာခင်း

**တောင်ကြီး ဇူလိုင် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း၏ မြို့တော်ဖြစ်သော တောင်ကြီးမြို့ကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်လမ်းဦးစီးဌာနသည် မြို့တွင်းလမ်းများကို နိုင်လွန်ကတ္တရာလမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လမ်းဦးစီးဌာနသည် မြို့တွင်းလမ်းများကို လူသွားလမ်း ပလက်ဖောင်းချန်၍ နိုင်လွန်ကတ္တရာခင်း အဆင့်မြှင့်တင်ခြင်းဖြစ်သောကြောင့် ယခုအခါ မြို့တွင်းလမ်းများအားလုံး ချောမွေ့နေပြီ ဖြစ်သည်။

**ခရမ်းစိုးမြင့်**



## အစက်ချရေသွင်းစနစ်ဖြင့် စိုက်ပျိုးသော စိုက်ခင်းများအား လေ့လာ

**သီပေါ ဇူလိုင် ၁၀**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းရေးကို ရည်ရွယ်၍ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြံစိုက်တောင်သူများအသင်းတို့ ပူးပေါင်းဆောင်ရွက်သော နည်းပညာသင်တန်းကို နောင်ချိုမြို့နယ် အစည်းအဝေးခန်းမ၌ ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်က အမှာစကားပြောကြားပြီး ကြံနှင့်သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်အေးတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စပါးစိုက်ပျိုးရာတွင် အစက်ချရေသွင်းနည်းစနစ်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နောင်ချိုမြို့နယ် နမ့်ဆောင်ဟူးကျေးရွာမှ တောင်သူဦးမိုးညို၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အစက်ချရေသွင်းနည်းစနစ်သရုပ်ပြပွဲသို့ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သမိုင်းသစ်ရေးထိုးနိုင်ဖို့ခက်ခဲနိုင်တဲ့ ခရိုအေးရှား

**ဝင်းမြတ်**

**၁၂ ဇူလိုင် ၂၀၁၈ နံနက် ၀၀း၃၀ (Stadion Luzhniki )**

ဇူလိုင် ၁၂ ရက် (နံနက်) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးရဲ့ ဆီမီးဖိုင်နယ် **အဆင့် ဒုတိယပွဲစဉ်ကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ ခရိုအေးရှားနဲ့ အင်္ဂလန်ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိနိုင်ပါတယ်။**

### ခရိုအေးရှားရဲ့အခြေအနေ


ခရိုအေးရှားအနေနဲ့ ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး အထူးသဖြင့် ကွင်းလယ်ပိုင်းက အကောင်းဆုံးပုံစံကို ရရှိခဲ့တာတွေ့ရပါတယ်။ မိုဒရစ်၊ ရာကီတစ်၊ ကိုဗာဆစ်၊ ဘရိုဇိုဗစ်တို့ ပါဝင်နေတဲ့ ခရိုအေးရှားကွင်းလယ်က ကမ္ဘာ့အဆင့် ကွင်းလယ်မျိုးဖြစ်ပြီး ဘယ်ပြိုင်ဘက်ကို မဆို ကွင်းလယ်ပိုင်းယှဉ်ကစားနိုင်ပါတယ်။ ဒါပေမယ့် အဓိကတိုက်စစ်မှူး မန်ဇူကစ်အနေနဲ့ ဒီပြိုင်ပွဲမှာ ဂိုးသွင်းခြေပုံမှန်မရှိခြင်းက ခရိုအေးရှားတိုက်စစ်ကို အားလျော့စေပြီး ကွင်းလယ်ကစားသမားတွေ ဂိုးသွင်းခြေပျောက်တဲ့အခါ ဂိုးရဖို့ ရုန်းကန်ရတတ်တာကို သတိပြုရမှာ ဖြစ်သလို အထနှေးတတ်တာ တွေ့ရပါတယ်။

### အင်္ဂလန်ရဲ့အခြေအနေ

အင်္ဂလန်ကတော့ ဒီပြိုင်ပွဲအတွင်း ကစားအားအကောင်းဆုံးအသင်းလို့ဆိုနိုင်ပါတယ်။ လူငယ်ကစားသမားတွေများတာကြောင့်အင်္ဂလန်ဟာ မိနစ် ၉၀ ခြေမကျတမ်းကစားနိုင်သလို လျင်လျင်မြန်မြန်နဲ့လည်း ကစားနိုင်စွမ်းရှိပါတယ်။ အထူးသဖြင့် အင်္ဂလန်ဟာ တည်ကန်ဘောတွေကနေ ဂိုးသွင်းယူနိုင်စွမ်းရှိပြီး ဟယ်ရီကိန်း၊ စတာလင်းတို့ရဲ့ထိုးဖောက်ကစားပုံကလည်း ကောင်းမွန်မှု ရှိကာ ခံစစ်ပိုင်းကစားပုံလည်း မဆိုးတာ တွေ့ရပါတယ်။

### သုံးသပ်ချက်

ဗိုလ်လုပွဲတက်နိုင်ဖို့အတွက်နှစ်သင်းစလုံး တိုက်စစ်အားပြုကစားကြမှာ ဖြစ်ပေမယ့် မန်ဇူကစ်ခြေမတည်ငြိမ်တဲ့ ခရိုအေးရှားထက် အင်္ဂလန်ရဲ့တိုက်စစ်က ပိုမိုအားကောင်းမှု ရှိပါတယ်။ အင်္ဂလန်အနေနဲ့ ကွင်းလယ်ပိုင်းမှာ ခရိုအေးရှားကို ယှဉ်နိုင်ဖို့ခက်ပေမယ့် လျင်မြန်မှု၊ တည်ကန်ဘောတွေကနေ ဂိုးရဖို့အားစိုက်မှာဖြစ်သလို ဂိုးလည်းရနိုင်ပါတယ်။ အင်္ဂလန်ကပ်နိုင်ခြေရှိတယ်။



ခရိုအေးရှားအသင်း အဓိက ကစားသမား မိုဒရစ်



အင်္ဂလန်အသင်း အဓိက ကစားသမား ဟယ်ရီကိန်း

| ခရိုအေးရှား | Vs | အင်္ဂလန် |
|---|---|---|
| **နောက်ဆုံးဆုံတွေ့မှု (၁၀-၉-၀၉)** | | |
| အင်္ဂလန် | ၅-၁ | ခရိုအေးရှား |
| **ခရိုအေးရှား၏ ကမ္ဘာ့ဖလားခြေစွမ်း** | | |
| ရုရှား | ၂-၂ | ခရိုအေးရှား |
| ခရိုအေးရှား | ၁-၁ | ဒိန်းမတ် |
| အိုက်စလန် | ၁-၂ | ခရိုအေးရှား |
| အာဂျင်တီးနား | ၀-၃ | ခရိုအေးရှား |
| ခရိုအေးရှား | ၂-၀ | နိုင်ဂျီးရီးယား |
| **ဘယ်လ်ဂျီယံ၏ ကမ္ဘာ့ဖလားခြေစွမ်း** | | |
| ဆွီဒင် | ၀-၂ | အင်္ဂလန် |
| ကိုလံဘီယာ | ၁-၁ | အင်္ဂလန် |
| အင်္ဂလန် | ၀-၁ | ဘယ်လ်ဂျီယံ |
| အင်္ဂလန် | ၆-၁ | ပနားမား |
| တူနီးရှား | ၁-၂ | အင်္ဂလန် |

# ၂၀၁၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အလွတ်တန်း) ဘောလုံး(အမျိုးသား) ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

**၂၀၁၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အလွတ်တန်း) ဘောလုံး (အမျိုးသား) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံး (အမျိုးသား)ပြိုင်ပွဲကို ၂၀၀၇ ခုနှစ်မှ စတင်ကျင်းပပေးခဲ့ရာ ယခုနှစ်တွင် ပြိုင်ပွဲကို (အလွတ်တန်း) ပြိုင်ပွဲအဖြစ် ပထမဆုံးအကြိမ် ပြောင်းလဲကျင်းပပေးခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရည်ရွယ်ချက်(၃)ရပ် ချမှတ်ပြီး ကျင်းပပေးသည့် ပြိုင်ပွဲဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက် (၃)ရပ်မှာ National Fitness တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာနှင့် မိမိတာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရေးတို့ ဖြစ်ကြောင်း။

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးအားကစားနည်းသည်လည်း တစ်မျိုးသားလုံး စိတ်ဝင်စားဆုံး အားကစားနည်းဖြစ်သည်နှင့်အညီ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ အောင်နိုင်ရေး စီမံချက်များရေးဆွဲချမှတ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

ထို့ပြင် လူအများစု ပါဝင်ကစားသည့် လူထုဘောလုံးအားကစားမှ အဆင့်မြင့် ကျွမ်းကျင်သူများပါဝင်ပြီး ထူးချွန်သည့် ဘောလုံးအားကစားသမားများအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် ယနေ့ဘောလုံး ပြိုင်ပွဲသည် ဝန်ထမ်းများအဆင့် လူထုဘောလုံးအားကစားပြိုင်ပွဲပင် ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ဦးတည်ချက်ကို ထိန်းသိမ်းရင်း ဝန်ထမ်းများ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနှင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးခင်မောင်ချိုနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးဌာနပေါင်းစုံဘောလုံး (အလွတ်တန်း) ဘောလုံး (အမျိုးသား) ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ၁၀ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ဘောလုံးအသင်း ၁၂ သင်းမှ အုပ်စုလေးစုခွဲ၍ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဇူလိုင် ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် မြန်မာနှင့် လက်ရှိချန်ပီယံထိုင်း ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၁ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းသည် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် မြန်မာအသင်း၊ ဗီယက်နမ်အသင်းနှင့် ဩစတြေးလျ ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုတွင် ဒုတိယနေရာသာရခဲ့သောကြောင့် လက်ရှိချန်ပီယံထိုင်းအသင်းနှင့် တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲတစ်လျှောက် ဆီမီးဖိုင်နယ်တွင် ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၂ ပြိုင်ပွဲတွင် ပထမအကြိမ် တွေ့ဆုံစဉ်က မြန်မာအသင်းသည် အသင်းခေါင်းဆောင် စန်းစန်းမော်၏ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် အုပ်စုအဆင့်နှင့် ဗိုလ်လုပွဲ၌ အကြိမ်ကြိမ်တွေ့ဆုံဖူးသော်လည်း ဆီမီးဖိုင်နယ်တွင် တွေ့ဆုံမှုနည်းပါးနေခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ပြိုင်ပွဲမတိုင်မီကမှ ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းအသင်း တွေ့ဆုံခဲ့ခြင်းမရှိဘဲ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့ရာ ထိုင်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နိုင်ငံတကာပြိုင်ပွဲများတွင် ထိုင်းအသင်းနှင့် တွေ့ဆုံရာ၌ ရလဒ်မကောင်းသည့် အစဉ်အလာဆိုးကို ယခုဆီမီးဖိုင်နယ်တွင် ချေဖျက်နိုင်ရန် မြန်မာအမျိုးသမီးအသင်း ကြိုးပမ်းရမည်ဖြစ်ပြီး နည်းပြချုပ် ဦးဝင်းသူမိုးနှင့် ကစားသမားများ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုလေးပွဲတွင် တစ်ပွဲလျှင် ပျမ်းမျှ အနည်းဆုံး သုံးဂိုးနှင့်အထက် သွင်းယူနိုင်ခဲ့သော်လည်း ဗီယက်နမ်နှင့် ပွဲတွင် လေးဂိုးပေးလိုက်ရသည့်အပြင် အုပ်စုလေးပွဲတွင် နှစ်ပွဲ ဂိုးပေးထားရသောကြောင့် ခံစစ်ပိုင်းအမှားနည်းအောင် ပြင်ဆင်ရဖွယ်ရှိနေသည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးက "ဗီယက်နမ်နဲ့ အုပ်စုနောက်ဆုံးပွဲမှာ ကစားပုံမကောင်းခဲ့ပါဘူး။ ပထမပိုင်းမှာ အချိတ်အဆက်လွဲချော်ခဲ့ပြီး ဒုတိယပိုင်းမှာ ခံစစ်ပိုင်းအမှားကနေ ဂိုးတွေပေးလိုက်ရပါတယ်။ ဗီယက်နမ်နဲ့ပွဲက အသင်းရဲ့လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို ပြင်ဆင်မှာပါ။ ထိုင်းနဲ့ ဆီမီးဖိုင်နယ်ပွဲအတွက် အကောင်းဆုံးပြင်ဆင်မှာပါ။ ဗိုလ်လုပွဲတက်ဖို့ အကောင်းဆုံးကြိုးစားမှာပါ" ဟု ပြောသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်း ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။

# အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် ပထမဆုံးလှေလှော်ကစားနည်း ဝင်ရောက်ယှဉ်ပြိုင်မည်



အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲအတွက် မြန်မာလှေလှော်အသင်း အင်းလျားကန်တွင် လေ့ကျင့်နေစဉ်။

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော်တွင် လက်ခံကျင်းပမည့် ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ရိုးရာလှေလှော်အားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ရန်ကုန်မြို့အင်းလျားကန်၌ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အိမ်ရှင်မှာ ရိုးရာလှေအားကစားနည်းကို ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ မြန်မာအသင်း အားကစားသမားများအဖြစ်၊ ဒဂုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နဲ့ ပုသိမ်တက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေဖြစ်ပြီး အားကာသိပ္ပံမှာ ရိုးရာလှေအားကစားနည်းနဲ့ ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးထားတာရှိပါတယ်။ ပြိုင်ပွဲအတွက် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၈ ဦးတို့ကို ရွေးချယ်ကာ ဧပြီလက စတင်စခန်းသွင်းပြီး နံနက်တစ်ကြိမ် ညနေတစ်ကြိမ် လေ့ကျင့်ပေးနေပါတယ်။ ဒါ့ပြင် အကောင်းဆုံးကစားသမား ရွေးချယ်မှုကို သြဂုတ်လမှာ အပြီးသတ် ရွေးချယ်သွားမှာ ဖြစ်ပါတယ်"ဟု အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲ ရိုးရာလှေနည်းပြ ဦးတင်မောင်ဦးက ပြောသည်။

အဆိုပါ(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် လှေလှော်ကစားနည်းအားလုံးကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး စင်ကာပူ၊ ထိုင်းအသင်းတို့ကို အဓိကထားယှဉ်ပြိုင်ရမည်ဖြစ်ကာ ရွှေတံဆိပ်များရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းဖြစ်သည့် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ ဘောလုံး၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ဗိုဗီနမ်၊ မြားပစ်၊ ဝူရှူး၊ ဂေါက်သီး၊ လှေလှော်၊ ပီတန်းပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ခြိမ်းခြောက်ငွေကြေးတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ ပြုလုပ်ခဲ့သည့် နေပြည်တော်တိုင်း(မ်) သတင်းထောက်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

**စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် နန်းမော်လိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအား ခြိမ်းခြောက်ငွေကြေးတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ ပြုလုပ်ခဲ့သည့် နေပြည်တော်တိုင်း(မ်) သတင်းထောက်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ အဆိုပါသတင်းထောက်များသည် ဇူလိုင် ၉ ရက်က အုပ်ချုပ်ရေးမှူး ဦးထိန်လင်း၏ နေအိမ်သို့ရောက်ရှိလာပြီး ၎င်းတို့မှာ ထောက်လှမ်းရေး သတင်းထောက်များဖြစ်ကြောင်း၊ နေပြည်တော်မှ မော်လိုက်ခရိုင်တွင် တာဝန်ပေးထားသော စစစ၊ ဒ/န၊ SB၊ မီဒီယာအဖွဲ့ပေါင်းစုံဖြစ်ကြောင်း၊ ဦးခင်မောင်ဝင်း၏ နေအိမ်ခြံဝင်း အတွင်း၌ အထကခွဲနှင့် ဝန်ထမ်းအိမ်ရာဆောက်ရန် သစ်တစ်တန်ခန့်ရှိပြီး ဓာတ်ပုံရိုက်ထားကြောင်း၊ ဥပဒေနှင့် ငြိစွန်းကြောင်းနှင့် တာဝန်ရှိသူများနှင့် လိုက်လျောညီထွေ ပူးပေါင်းဆောင်ရွက်နေသည့်အတွက် နေပြည်တော်မှ တိုက်ရိုက်လွှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာအတွင်း၌ သစ်စက်လုပ်ကိုင်သူ အမည်စာရင်း ၁၀ ဦးရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ယင်းသတင်းထောက်များသည် အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအား အဆိုပါ သစ်စက်လုပ်ကိုင်သူ ၁၀ ဦးကို ခေါ်ခိုင်းကာ သစ်စက်လုပ်ကိုင်သူ ၁၀ ဦး၏ မှတ်ပုံတင်များကို ဓာတ်ပုံရိုက်ပြီး တစ်ဦးလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ကျပ် ၁၅ သိန်း ပေးရမည်ဖြစ်ကြောင်း၊ မပေးပါက ဖမ်းဆီးပြီး ရိုက်ပုတ်နှိပ်စက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည့်အတွက် အုပ်ချုပ်ရေးမှူး ဦးထိန်လင်းက ကျေးရွာရှိ တာဝန်ရှိသူများနှင့် တိုင်ပင်ကာ ကျေးရွာစာသင်ကျောင်း အုတ်တံတိုင်းခတ်ရန် စုဆောင်းထားသည့် ငွေကျပ် ၁၀ သိန်းအား ပေးအပ်ခဲ့ရကြောင်း သိရသည်။

ထိုသို့ ပေးအပ်ခဲ့ရသည့်အတွက် အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် ဖောင်းပြင်မြို့မရဲစခန်းမှ နေပြည်တော်တိုင်း(မ်) မှုခင်းသတင်းထောက် (မော်လိုက်ခရိုင်တာဝန်ခံ)များဖြစ်ကြသည့် မောင်ဆန်း (၃၆ နှစ်) ရှောက်တောကျေးရွာ ပွင့်ဖြူမြို့နယ်၊ အောင်ဖြိုးဝေ (၂၁ နှစ်) ရှောက်တောကျေးရွာ ပွင့်ဖြူမြို့နယ်၊ မောင်စိုး (၅၄ နှစ်) ကံကြီးကျေးရွာ ကလေးမြို့နယ်နှင့် ကီးအောင်မင်း (၄၆ နှစ်) ကြံသာကျေးရွာ ကလေးမြို့နယ်နေသူ လေးဦးတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ကီးအောင်မင်း၊ မောင်စိုး၊ အောင်ဖြိုးဝေ၊ မောင်ဆန်းနှင့် သိမ်းဆည်းရမိ သက်သေခံပစ္စည်းများ။

အလားတူ ယင်းသတင်းထောက် လေးဦးသည် ဇူလိုင် ၁ ရက် ညနေ ၃ နာရီခန့်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ဟဲလော့်ကျေးရွာနေ ဒေါ်မြင့်အုန်း၏ နေအိမ်ဈေးဆိုင်သို့ အရက်ရောင်းသည်ဟု ဆိုကာ ဖမ်းဆီးမည်ဟု ခြိမ်းခြောက်၍ ငွေနှစ်သောင်း တောင်းယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့အား တည်ဆဲဥပဒေဖြင့် ထပ်မံရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ဖြင့် ယူနီဖောင်းများ ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုကြရန်နှင့် ဝတ်ဆင်ကြောင်းတွေ့ရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဇန်နဝါရီ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည့်အပြင် ဇွန် ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း မှုခင်းသတင်းထောက်များအပါအဝင် သတင်းထောက်အသင်းဝင်များအနေဖြင့် နိုင်ငံတော် လုံခြုံရေးအဖွဲ့အစည်းများနှင့် အသွင်သဏ္ဌာန်တူသောဝတ်စုံများ ဝတ်ခြင်းနှင့် ဥပဒေမဲ့ငွေကြေးတောင်းခံခြင်း၊ ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းတို့အပေါ် စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၁ -၇- ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၅၅ - "ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု"
- ၉း၄၅ - **"ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"**
- ၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Grand Final) (ရန်ကုန်မြို့) (ပထမပိုင်း)

**ညပိုင်း**

- ၁၆း၃၅ - **"နတ်မောက်မြေမှ ထာဝရ မညိုးပန်း"**
- ၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **"ဘော်ဘော်ကထော့်"** မြင့်မြတ်၊ရာဇာနေဝင်း၊ ခင်လှိုင်၊ ဂျိုကာ၊ ရွှေသမီး၊ ဆုအိမ့်စံ၊ မုဏ်း၊ အရိုင်း၊ ဒါရိုက်တာ-ကိုပေါက်
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **"ဇနီးချောများကွန်ရက်"** (အပိုင်း-၁၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၅ - ဂီတသမား၊ ဂီတစကား ဒေါ်လှရွှေ၏ မိုးဒေဝါ ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်
- -မြန်မာဗီဒီယိုဇာတ်လမ်း **နှလုံးသားထဲက ရဲတိုက်** (ဇာတ်သိမ်းပိုင်း) နေအောင်၊ လွင်မိုး၊ စိုးမြတ်နန္ဒာ၊အိန္ဒြာကျော်ဇင်၊ ဒါရိုက်တာ-ပန်း ချီစိုးမိုး
- ၁၂း၀၀ - **၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်) ခရိုအေးရှားအသင်းနှင့် အင်္ဂလန်အသင်း**

## အမရပူရ၊ ကလေးနှင့် တာချီလိတ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီခွဲက အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘို လမ်းခွဲအနီးရှိ ဘီယာဆိုင်သို့ ခင်မောင်အေး(ခ)နေအောင် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့နယ် ရေယားကျေးရွာအနီး ကလေး- သာစည်သွားကားလမ်း၊ မိုင်တိုင်အမှတ်(၆၅/၃)၌ စောလု မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ရှာဖွေရာ အိုက်စ် ၁၀ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ အောင်ဇော်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။



စောလုနှင့် အောင်ဇော်ဦး တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မွန်းလွဲ ၁ နာရီက တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် လီကျွေ(ခ)ကင်းကောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့်၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၇၉ စီး၊ သွင်းကုန် ၉၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၂၀ ၊ သွင်းကုန် ၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၆၆၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၁၁၅ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈ ဒသမ ၇၈၀ သန်းခန့်အား ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၉ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဟွန်ဒိုင်းစတားရက် ယာဉ်တစ်စီးပေါ်တွင် တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သော TV 32" (Used) 12 Nos၊ Refrigerator (Used)၊ 1 No၊ PSI Receiver (100 Nos) နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၉၀၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းဖြတ်တွင် ငွေကျပ် ၆၄ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မိုင်းဖြတ် ဇူလိုင် ၁၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ဈေးတန်းကွက်သစ်ရပ်ကွက်တွင် ဇူလိုင် ၉ ရက်က ကာလတန်ဖိုး ၆၄၀၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၅ ပြား ဖမ်းဆီးရမိသည်။

မိုင်းဖြတ်မြို့ ဈေးတန်းကွက်သစ်ရပ်ကွက်တွင် သတင်းအရ မိုင်းဖြတ်မြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဟန်မိုးလွင် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ဈေးတန်းကွက်သစ်ရပ်ကွက်တွင် နေထိုင်သော မနာလော(၃၅ နှစ်) နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅ ပြား ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ မနာတဲအား စစ်ဆေးမေးမြန်းချက်အရ တစ်ရပ်ကွက်တည်း နေထိုင်သူ မနာဘို၏ နေအိမ်သို့ ဆက်လက်သွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်သည့် မနာလော၊ မနာတဲနှင့် မနော့ဘိုတို့အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြိတ်တွင် ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက် နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**မြိတ် ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပပြင်ကျေးရွာအုပ်စု အထက်ပပြင်ကျေးရွာအနီး မိုင်တိုင်အမှတ်(၇/၁)နှင့်(၇/၂)အကြား၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီခန့်က ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ရာ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသည့် အမျိုးသမီး နှစ်ဦးသေဆုံး၍ ဆိုင်ကယ်မောင်းနှင်သူ ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ထားဝယ်မြို့ဘက်မှ မြိတ်မြို့ဘက်သို့ ယာဉ်မောင်း ကိုကျော်ဆန်းဝင်း(၃၅ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် နေဆန်းဦး(၂၄ နှစ်)လိုက်ပါလာသည့် ယာဉ်အမှတ် 7B/---- နှစ်ဆန်း ၁၂ ဘီးယာဉ်ကို မြိတ်မြို့ဘက်မှ ထားဝယ်ဘက်သို့ စိုးဝေ(၂၄ နှစ်) မြို့မ(၁)ရပ်ကွက် မြိတ်မြို့နေသူ မောင်းနှင်ပြီး နောက်တွင် မသင်းသင်းအေး(ခ) မသီတာ(၃၄ နှစ်)နှင့် မဇင်ဇင်ခိုင်(၂၇ နှစ်)တို့ လိုက်ပါလာသည့် ၃၄ယ/----ဆိုင်ကယ်က အထက်ပပြင်ကျေးရွာအနီး ရှောင်ကွင်းလမ်း မိုင်တိုင်အမှတ် (၇/၁)နှင့်(၇/၂)ကြားအရောက် ခုံးဆင်းလမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ၁၂ ဘီးကုန်တင်ယာဉ်၏ အရှေ့ပိုင်းအလယ်တည့်တည့်သို့ ဝင်ရောက်မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ကိုစိုးဝေ ပွန်းပဲ့ဒဏ်ရာ(စိုးရိမ်ရ) ရရှိပြီး မသင်းသင်းအေး(ခ)မသီတာနှင့် မဇင်ဇင်ခိုင်တို့သည် အခင်းဖြစ်သည့်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သမုတ်ရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ဘရိုးဇစ် မဟာဗျူဟာအကောင်အထည်ဖော်မှုတွင် သဘောထားကွဲလွဲမှုများကြောင့် ဗြိတိန်အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများဖြစ်

**လန်ဒန် ဇူလိုင် ၁၀**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဇူလိုင် ၉ ရက်က ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်မှုတွင် သဘောထားကွဲလွဲမှုများကြောင့် ရာထူးမှ နုတ်ထွက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်နေရာတွင် ကျန်းမာရေးဝန်ကြီး ဂျရယ်မီဟန့်ကို အစားထိုးခန့်အပ်ခဲ့ကြောင်း သိရသည်။

ဂျရယ်မီဟန့်သည် အောက်စဖို့ဒ်တက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြီး ဗြိတိန်ယဉ်ကျေးမှုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။

ထို့အတူ ယဉ်ကျေးမှုဝန်ကြီး မက်ဟန်ကော့ကို ကျန်းမာရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ကြောင်း ထရီဆာမေက ကြေညာခဲ့သည်။ ဇူလိုင် ၉ ရက်က ဘောရစ်ဂျွန်ဆင်သည် ထရီဆာမေနှင့် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်မှုတွင် သဘောထားကွဲလွဲမှုများကြောင့် ရုတ်တရက် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဇူလိုင် ၈ ရက်ကလည်း ဗြိတိန်ခွဲထွက်ရေးဆိုင်ရာဝန်ကြီး ဒေးဗစ်ဒါဗီကလည်း အဆိုပါသဘောထားကွဲလွဲမှုကြောင့် ရထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ဘောရစ်ဂျွန်ဆင်နှင့် ဒေးဗစ် ဒါဗီတို့သည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကိစ္စတွင် ဝန်ကြီးချုပ် ထရီဆာမေ၏ မဟာဗျူဟာ ပျော့ညံ့လွန်းသည်ဟု သဘောထားကွဲလွဲခြင်းဖြစ်နိုင်ကြောင်း ထင်မြင်ချက်များ ပေးလျက်ရှိသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကိစ္စတွင် အစိုးရအဖွဲ့ဝင်များနှင့် သဘောတူညီချက်များ ရရှိပြီဖြစ်ကြောင်းနှင့် ဗြိတိန်ဥရောပသမဂ္ဂမှ ခွဲထွက်ပြီးနောက် ဗြိတိန်-အီးယူ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်ထားရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ထရီဆာမေက မကြာသေးမီက ပြောခဲ့သည်။



ဗြိတိန်နိုင်ငံအတွင်းတွင်လည်း ဗြိတိန်ကို အီးယူအကောက်ခွန် သမဂ္ဂ၊ ဥရောပတိုက် ဘုံဈေးကွက်မှ ပြတ်ပြတ်သားသား ထွက်ခွာစေချင်သူများက ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် ဗြိတိန်အနေဖြင့် အီးယူကုန်သွယ်ရေးစည်းမျဉ်းများ၏ ချုပ်နှောင်မှုကို ဆက်လက်လက်ခံရမည်ဖြစ်ပြီး စစ်မှန်သည့် သီးခြားရပ်တည်မှုကို ရရှိနိုင်မည်မဟုတ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။ **ဆင်ဟွာ**



## တရုတ် ဘိုင်ဒု တည်နေရာပြ ဂြိုဟ်တုသစ်တစ်လုံး လွှတ်တင်

**စီချန် ဇူလိုင် ၁၀**

တရုတ်နိုင်ငံသည် ဘိုင်ဒုတည်နေရာပြ ဂြိုဟ်တုသစ်တစ်လုံးကို နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် စီချန် ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လောင်းမာ့ချ်-၃အေဒုံးပျံဖြင့် ဂြိုဟ်ပတ်လမ်းအတွင်း ဇူလိုင် ၁၀ ရက်က လွှတ်တင်လိုက်ကြောင်း သိရသည်။

ယခုလွှတ်တင်လိုက်သည့် ဂြိုဟ်တုသည် ဘိုင်ဒုတည်နေရာပြစနစ်၏ ၃၂ ခုမြောက်ဖြစ်ပြီး ယင်းစနစ်၏ ဒုတိယမျိုးဆက်ဖြစ်သော ဘိုင်ဒု -၂ ဂြိုဟ်တုအုပ်စုမှ ဂြိုဟ်တုတစ်လုံးဖြစ်သည်။ ယခုလွှတ်တင်မှုသည် လောင်းမာ့ချ် အမျိုးအစား ဒုံးပျံ၏ အကြိမ် ၂၈၀မြောက် လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။

ဘိုင်ဒုစနစ်သည် အနာဂတ်တွင် အခြားသော နည်းပညာများဖြစ်သော အင်တာနက်၊ အဝေးထိန်းစနစ်၊ အချက်အလက်များစွာ သိမ်းဆည်းမှုနှင့် ကလောက် ကွန်ပျူတာစနစ်တို့ဖြင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်က ဘိုင်ဒုတည်နေရာပြစနစ်၏ တတိယမျိုးဆက်ကို စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ အာကာသအတွင်းသို့ ဘိုင်ဒု-၃ ဂြိုဟ်တု ရှစ်လုံးကို လွှတ်တင်ပြီးဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း ဘိုင်ဒုစနစ်သည် ငါးဖမ်းသမား ၁၀၀၀၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့ပြီး တရုတ်နိုင်ငံတွင် ယင်းစနစ်အား ငါးဖမ်းလှေ ၄၀၀၀၀ ကျော်နှင့် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်သော ယာဉ်အစီးရေ ၄ ဒသမ ၈ သန်းတွင် တပ်ဆင်အသုံးပြုနေကြကြောင်း ဘိုင်ဒု ပြောရေးဆိုခွင့်ရှိသူ ရန်ချန်ဂီက ပြောခဲ့သည်။

**ဆင်ဟွာ**

## ဂူအတွင်း ပိတ်မိနေသူအားလုံးကို ဂူအပြင်သို့ အောင်မြင်စွာ ကယ်ထုတ်နိုင်ပြီ

**ချင်းရိုင် ဇူလိုင် ၁၀**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ရှိ ထမ့်လွမ်လိုဏ်ဂူထဲတွင် ပိတ်မိနေခဲ့သည့် ကျောင်းသားလူငယ်ဘောလုံးသမား ၁၂ဦးနှင့် ၎င်းတို့၏ အသက် ၂၅ နှစ်ရှိ လက်ထောက်ဘောလုံးနည်းပြဖြစ်သူတို့အပါအဝင် စုစုပေါင်း ၁၃ဦးလုံးကို ဂူအပြင်ဘက်သို့ အောင်မြင်စွာ ကယ်ထုတ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း ထိုင်းရေတပ်က သတင်း ထုတ်ပြန်သည်။

**ထပ်မံကယ်ထုတ်နိုင်**

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ရှုပ်ထွေးလှသည့် ဂူအတွင်းကယ်ဆယ်မှုများကို ထိုင်းရေတပ်က ဦးဆောင်ပြီး ပထမနေ့အဖြစ် ဇူလိုင် ၈ ရက်တွင် လေးဦး၊ ဒုတိယမြောက်နေ့အဖြစ် ဇူလိုင် ၉ ရက်တွင် နောက်ထပ် လေးဦးနှင့် တတိယနေ့အဖြစ် ဇူလိုင် ၁၀ ရက်တွင် ငါးဦးကို ထပ်မံကယ်ထုတ်နိုင်ခဲ့ကြောင်း သတင်းများအရ သိရသည်။

ယမန်နေ့များက ကယ်ထုတ်ခဲ့သော ကလေးရှစ်ဦးအနက် နှစ်ဦးတွင် အဆုတ်တွင်း ပိုးဝင်နေကြောင်း ထိုင်းကျန်းမာရေးဌာနအတွင်းဝန် Jedsada Chokdumrongsuk က ယနေ့နံနက်ပိုင်းတွင် သတင်းထောက်များကို ပြောသည်။

"တောဝက်အသင်းမှ ကျောင်းသားလူငယ် ဘောလုံးသမား ၁၂ ဦးနှင့် နည်းပြတို့ကို ဂူအပြင်ဘက်သို့ ကယ်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ၎င်းတို့အားလုံး အန္တရာယ်ကင်းကြောင်း" ထိုင်းရေတပ်၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ ထိုင်းနိုင်ငံမှ ၄၀ ဦးနှင့် အခြားနိုင်ငံများမှ ၅၀ ဦးအပါအဝင် စုစုပေါင်း ရေငုပ်ကျွမ်းကျင်သူ ၉၀ ဦးတို့သည် ထမ့်လွမ် လိုဏ်ဂူထဲတွင် ပိတ်မိနေသော ကျောင်းသားလူငယ်ဘောလုံးသမားလေးများနှင့် ၎င်းတို့၏ နည်းပြတို့ကို ဂူအပြင်ဘက်သို့ အောင်မြင်စွာ ကယ်ထုတ်နိုင်ရေး အခြားသော ကယ်ဆယ်ရေးသမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် Narongsak Osottanakorn က ပြောသည်။

**ဆေးရုံတွင် ခုနစ်ရက်ကြာ နေထိုင်ရဦးမည်**

ဂူအပြင်ရောက်ရှိနေသော ကျောင်းသားလူငယ် ဘောလုံးသမားများကို ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ကုသမှုများပြုလုပ်ရဦးမည့်အပြင် ကယ်ထုတ်လာသော ကလေးငယ်များ ရောဂါပိုးကူးစက်မခံရရေး မိသားစုနှင့် သီးသန့်ခွဲထားမည်ဖြစ်ကြောင်း သိရပြီး ၎င်းတို့သည် ဆေးရုံတွင် အနည်းဆုံး ခုနစ်ရက်ကြာ နေထိုင်ရဦးမည်ဖြစ်သည်။ **အေအက်ဖ်ပီ**



## တူရကီသမ္မတ အာဒိုဂန် ကျမ်းသစ္စာကျိန်ဆိုပြီး အစိုးရအဖွဲ့စတင်ဖွဲ့စည်း

**အန်ကာရာ ဇူလိုင် ၁၀**

တူရကီသမ္မတ အာဒိုဂန်သည် တနင်္လာနေ့က ပါလီမန်တွင်ကျမ်းကျိန်ခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ တူရကီတွင် သမ္မတ၏အထူးအာဏာစနစ် စတင်ပြီ ဖြစ်သည်။ အသစ်ပြောင်းလဲလိုက်သောသမ္မတစနစ်ဖြင့် တိုင်းပြည်ကို အသစ်ပြုပြင် ပြောင်းလဲတော့မည်ဖြစ်ကြောင်း သမ္မတရာထူးလက်ခံခြင်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ အခြေခံ အခွင့်အရေးများ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ တူရကီ၏ ခေတ်သစ်ကို စတင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တူရကီသမ္မတသည် အင်္ဂါနေ့တွင် အဇာဘိုင်ဂျန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး အန်ကာရာမြို့၌ ပြုလုပ်သော ကျမ်းသစ္စာကျိန်ဆိုပွဲသို့ နိုင်ငံခြားဧည့်သည်တော်များ၊ သမ္မတဟောင်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ယင်းသို့ တက်ရောက်လာသော ဧည့်သည်တော်များတွင် ရုရှားဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်လည်းပါဝင်ပြီး တူရကီနှင့် ရုရှားနိုင်ငံတို့၏ နွေးထွေးသည့် ချစ်ကြည်ရေးကို ပြသခဲ့သည်။ အသစ်ချမှတ်ထားသည့် စနစ်သစ်အောက်တွင် သမ္မတသည် အစိုးရအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပြီးဝန်ကြီးများ၊ ဒုတိယသမ္မတနှင့် အဆင့်မြင့် အရာရှိကြီးများကိုလည်း ခန့်အပ်မည်ဖြစ်သည်။ ပြီးခဲ့သည့် စနစ်ဟောင်းတွင်မူ ဝန်ကြီးချုပ်က အစိုးရအဖွဲ့ကို ဖွဲ့စည်းရခြင်းဖြစ်သည်။ သမ္မတ အာဒိုဂန်သည် ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ပြန်လည်ရွေးကောက်ခံရပြီး ၅၂ ဒသမ ၅ ရာခိုင်နှုန်းမဲရရှိခဲ့သည်။

**ဆင်ဟွာ**

## မိုးအဆက်မပြတ်ရွာသွန်းမြေပြိုမှုကြောင့် ဂျပန်၌ သေဆုံးသူဦးရေ ၁၄၈ ဦးအထိဖြစ်လာ

**တိုကျို ဇူလိုင် ၁၀**

ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူ ဦးရေမှာ ၁၄၈ ဦးအထိ ရှိလာပြီ ဖြစ်သည်။ အစိုးရနှင့် ဒေသခံ မြူနီစီပယ်များသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြရာ ၅၉ ဦး ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။ ဟီရိုရှီးမား စီရင်စုတွင် လူပေါင်း ၅၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ သွားရောက်ရန် ခရီးစဉ်ကိုလည်း ဖျက်သိမ်းခဲ့ရသည်။ ထိခိုက်ခံစားရသူများ၏ လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကိုလည်း အလျင်အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောသည်။

**ရေအောက်နစ်မြုပ်ခဲ့**

သီးသန့်ရန်ပုံငွေထဲမှ ယန်းနှစ်ဘီလီယံခန့် သုံးစွဲသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ယိုရှီဒါဆူဂါက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ မိုးရွာသွန်းမှုနှင့် မြေပြိုမှုများကြောင့် တောင်ပေါ်သစ်တောများ၊ စပါးခင်းများ၊ ဆည်များ၊ ပျက်စီးခဲ့ရကြောင်း လယ်ယာဝန်ကြီးက ပြောသည်။ မြေပြိုမှုကြောင့် အိမ်ပေါင်း ၃၄၇ လုံး ပျက်စီးခဲ့ရပြီး နေအိမ်ပေါင်း ၉၈၆၈ လုံး ရေအောက်နစ်မြုပ်ခဲ့ရသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## မူးယစ်ဆေးဝါး တင်သွင်းသူများကိုဖမ်းဆီး

ဟနွိုင်း ဇူလိုင် ၁၀

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း သန်ဟွာ ပြည်နယ်မှ ရဲတပ်ဖွဲ့ဝင်များသည် လာအို နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ မူးယစ်ဆေးဝါး ခိုးသွင်းသည့် ဒေသခံလူငယ်နှစ်ဦးအား ဖမ်းဆီးလိုက်သည်။

ဖမ်းဆီးခံလူငယ်နှစ်ဦးမှာ အသက် ၃၁နှစ်ရှိ လောင်ဗန်ထရက်နှင့် အသက် ၂၀နှစ်ရှိ ငိုထရန်လောင်တို့ဖြစ်ကြောင်း သိရပြီး နှစ်ဦးစလုံးမှာ သန်ဟွာပြည်နယ်မှ ဖြစ်သည်။ ၎င်းတို့ကို အလေးချိန် နှစ်ကီလိုဂရမ်ရှိ မက်အက်ဖာတမင်းဆေးပြား ၄၀၀၀ ၊ လက်လုပ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဇူလိုင် ၁၀ ရက်တွင် ပြောသည်။

လောင်ဗန်ထရက်က အမေရိကန်ဒေါ်လာ ၈၀၀၀နီးပါးတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဗီယက်နမ်နိုင်ငံအလယ်ပိုင်း သန်ဟွာပြည်နယ်အတွင်း ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ဗီယက်နမ်ဥပဒေအရ ဘိန်းဖြူ ၆၀၀ ဂရမ်နှင့်အထက် (သို့မဟုတ်) မက်အက်ဖာတမင်းစိတ်ကြွဆေးပြား ၂ ဒသမ ၅ ကီလိုဂရမ်အထက် မှောင်ခိုတင်သွင်းပါက သေဒဏ်ချမှတ်ခံရမည်ဖြစ်သည်။ ဘိန်းဖြူ ၁၀၀ ဂရမ် (သို့မဟုတ်)အခြား တရားမဝင် မူးယစ်ဆေးဝါး ၃၀၀ ဂရမ်ကို ပြုလုပ်ခြင်း (သို့မဟုတ်) ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်ပါကလည်း သေဒဏ်ချမှတ်ခံရမည် ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်တို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အမေရိကန်ထောက်ခံ

ကဘူးလ် ဇူလိုင် ၁၀

တနင်္လာနေ့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို အာဖဂန်နစ္စတန်သို့ လာရောက်စဉ်အတွင်း အာဖဂန်အစိုးရ လုပ်ဆောင်နေသော တာလီဘန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အမေရိကန်က ထောက်ခံကြောင်း ပြောခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အမေရိကန်မှ အဆင်ပြေအောင် ထောက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် ဆုံးဖြတ်ချက်ကိုမူ အာဖဂန်မှသာ ချမှတ်ရမည်ဖြစ်ကြောင်း အာဖဂန်သမ္မတနှင့် ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် မိုက်ပွန်ပီအိုက ပြောသည်။ အာဖဂန်စစ်ပွဲအဆုံးသတ်စေရေးအတွက် တာလီဘန်များကို နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းကာ ကဘူးလ်တွင်ရုံးဖွင့်ခွင့်ပေးရေးပါ အာဖဂန်အစိုးရဘက်မှ ကမ်းလှမ်းထားသည်။

ထို့ပြင် ကုလသမဂ္ဂမှ အမည်ပျက်စာရင်းသွင်းထားသော တာလီဘန်ခေါင်းဆောင်များ၏ အမည်ပျက်စာရင်းကိုပါ ပယ်ဖျက်ပေးရန် တောင်းဆိုမှုလည်း ပါဝင်သည်။ သို့သော် တာလီဘန်များကမူ အမေရိကန်နှင့် အာဖဂန်ပဋိပက္ခအပေါ် ဆွေးနွေးရန် အဆင်သင့်ဖြစ်နေပြီး အာဖဂန်အစိုးရနှင့် မဆွေးနွေးလိုကြောင်း ပြောသည်။ လွန်ခဲ့သော နှစ်များအတွင်းကလည်း အာဖဂန်အစိုးရ၏ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို တာလီဘန်များက ပယ်ချခဲ့သည်။ **ဆင်ဟွာ**

# ငြိမ်းချမ်းရေးနဲ့ရှေ့ဆက်ကြမယ့် အီသီယိုးပီးယားနဲ့ အီရီထရီးယား

ချူးစန္ဒီနွေး

**အီသီယိုးပီးယားနဲ့ အီရီထရီးယားနိုင်ငံတို့ဟာ နယ်စပ်အရေး အငြင်းပွားပြီး နှစ်နိုင်ငံစစ်မက်ဖြစ်ပွားခဲ့တာဟာဆိုရင် ၁၉၉၀ ဝန်းကျင်ကတည်းကပါ။ ၁၉၉၈ ခုနှစ် မေလကနေ ၂၀၀၀ ပြည့်နှစ် ဇွန်လအထိ စစ်ပွဲတွေ ဖြစ်နေခဲ့ပါတယ်။ အီသီယိုးပီးယားနဲ့ အီရီထရီးယားနိုင်ငံတို့ဟာ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးနိုင်ငံတွေဖြစ်ပေမယ့် စစ်ပွဲအတွက်တော့ ဒေါ်လာ သန်းနဲ့ချီပြီး သုံးစွဲခဲ့ကြပါတယ်။**



အီသီယိုးပီးယားဝန်ကြီးချုပ် အာဘီအာမတ်(ဝဲ) နှင့် အီရီထရီးယားနိုင်ငံသမ္မတ အိုင်ဆိုင်ယက်စ် အက်ဖ်ဝါကီ (ယာ) တို့ကို ချစ်ကြည်ရေးခရီးစဉ်အတွင်း အတူတကွတွေ့ရစဉ်။

နယ်စပ်က နယ်မြေကို သူပိုင်တယ်၊ ကိုယ်ပိုင်တယ် အငြင်းပွားရာကနေ လူပေါင်း ထောင်နဲ့ချီပြီး သေဆုံးခဲ့ရပါတယ်။ ပျက်စီးဆုံးရှုံးမှုဆိုတာကလည်း အများကြီးပါပဲ။ သည်ဟိတ်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကော်မရှင်ကတော့ အီရီထရီးယားနိုင်ငံဟာ အီသီယိုးပီးယားဘက်ကို စတင် ကျူးကျော်ခဲ့တာပဲဖြစ်တယ်လို့ သတ်မှတ်ခဲ့ပါတယ်။

### ပထမဦးဆုံး ချစ်ကြည်ရေးခရီးစဉ်

အချိန် ကာလတွေကလည်း တဖြည်းဖြည်း ကြာညောင်းလို့လာသလို အဖြစ်အပျက်တွေလည်း ပြောင်းလဲကုန်တယ်။ အီသီယိုးပီးယားမှာ နိုင်ငံ့ခေါင်းဆောင်အပြောင်းအလဲတွေ ဖြစ်လာတယ်။ စေ့စပ်ညှိနှိုင်းဖို့ခက်တဲ့ ဒီနှစ်နိုင်ငံဟာလည်း စစ်ပြေငြိမ်းဖို့ သဘောတူညီမှု ရလာပါပြီ။ အီသီယိုးပီးယားနဲ့ အီရီထရီးယား နှစ်နိုင်ငံ ခေါင်းဆောင်တွေဟာ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွေကစလို့ အချင်းချင်း တွေ့ဆုံတာမျိုးမရှိတော့ပါဘူး။ ဒါပေမယ့်လည်း ၂၀၁၈ ဇူလိုင်လ ၈ ရက်နေ့မှာတော့ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးဟာ လေဆိပ်မှာ ပွေ့ဖက်ခဲ့ကြပါတယ်။ အီသီယိုးပီးယား နိုင်ငံဝန်ကြီးချုပ် အာဘီအာမတ်ဟာ အီရီထရီးယားနိုင်ငံကို ပထမဦးဆုံးအကြိမ်အဖြစ် သွားရောက်ခဲ့တာပဲဖြစ်ပါတယ်။ ပြီးတော့ အီရီထရီးယားနိုင်ငံမြို့တော် အက်စ်မာရာမြို့မှာ အီရီထရီးယားသမ္မတ အိုင်ဆိုင်ယက်စ် အက်ဖ်ဝါကီ နဲ့ ဆွေးနွေးကြမှာပဲ ဖြစ်ပါတယ်။

### သံတမန်အဆက်အသွယ်ပြန်စ

တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ နိုင်ငံတော်အဆင့် ညစာစားပွဲမှာ နှစ်နိုင်ငံစလုံးက ရပ်နားထားတဲ့ လေကြောင်းလိုင်းတွေ၊ ကုန်သွယ်မှုတွေ အစရှိတာတွေကို ပြန်လည် စတင်မယ်။ ပိတ်ထားတဲ့သံရုံးတွေလည်း ပြန်လည်ဖွင့်လှစ်မယ်လို့ မစ္စတာ အာဘီကကြေညာခဲ့ပါတယ်။ အီရီထရီးယား သမ္မတနဲ့လည်း ညှိနှိုင်းပြီးပြီလို့ သိရပါတယ်။ ဆယ်စုနှစ် နှစ်ခုစာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ခေါင်းဆောင်နှစ်ဦး တွေ့ဆုံပြီးချိန်မှာတော့ နှစ်နိုင်ငံအဆက်အသွယ်ဖြတ်တောက်ထားတဲ့ တယ်လီဖုန်းလိုင်းတွေလည်း ပြန်ရတော့မှာပါ။ အီသီယိုးပီးယားဝန်ကြီးချုပ် မစ္စတာအာဘီကတော့ အခုအချိန်က စလို့ နယ်စပ်အငြင်းပွားမှုဆိုတာရှိတော့မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ချစ်ခြင်းမေတ္တာဆိုတဲ့ တံတားကြီးက နယ်စပ်ဆိုတဲ့သတ်မှတ်ချက်ကို ဖျက်လိုက်လို့ပါပဲလို့ ပြောပါတယ်။

### အံ့သြဖွယ်ရာကြေညာချက်

အီသီယိုးပီးယားမှာ မစ္စတာအာဘီ ဝန်ကြီးချုပ်အဖြစ်တက်မလာခင်က နိုင်ငံရေးပဋိပက္ခတွေ အတော်လေးရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့လကတော့ အီသီယိုးပီးယားဝန်ကြီးချုပ်ဟာ သူ့နိုင်ငံကို အံ့သြစရာကောင်းလောက်တဲ့ ကြေညာမှုတစ်ခုပြုလုပ်ခဲ့ပါတယ်။ အဲဒါကတော့ နှစ်နိုင်ငံ အငြင်းပွားနေတဲ့ နယ်စပ်စစ်ပွဲကို ရပ်တန့်ဖို့ရာပြုလုပ်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်က ငြိမ်းချမ်းရေးစာချုပ်ကို အပြည့်အဝ ထောက်ခံတယ်လို့ ကြေညာခဲ့လို့ပါပဲ။ စစ်ပွဲကြောင့် နှစ်နိုင်ငံပြည်သူတွေဟာ အတော်လေး ဒုက္ခရောက်ခဲ့ကြရတာပါ။ ဆယ်စုနှစ်နှစ်ခုကျော်ကြာ စစ်ပွဲအတွင်း ပြည်သူ ရှစ်သောင်းခန့် အသက်ဆုံးရှုံးခဲ့ရပြီးပါပြီ။ အီသီယိုးပီးယားဝန်ကြီးချုပ်ကိုယ်တိုင်လည်း တစ်ချိန်တုန်းက စစ်ပွဲတွေမှာ ရှေ့တန်းမှာတာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။

### အသက်အငယ်ဆုံးခေါင်းဆောင်

အီသီယိုးပီးယားမှာ ဝန်ကြီးချုပ်အပြောင်းအလဲဖြစ်ပြီး မစ္စတာအာဘီအနိုင်ရလာတဲ့အခါ အပြောင်းအလဲတွေ အတော်လေးဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ သူဟာ အာဖရိကမှာတော့ အသက်အငယ်ဆုံး ခေါင်းဆောင်လည်းဖြစ်တယ်။ သူ့အသက်ဟာ အခုမှ ၄၁ နှစ်ပဲ ရှိပါသေးတယ်။ အီသီယိုးပီးယားဟာ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုပါ။ အဲဒါကြောင့် အီရီထရီးယား ဆိပ်ကမ်းဖြစ်တဲ့ အက်စ်ဆက်ဘ်ဟာ ပိုပြီးအဖိုးတန်လာပါတယ်။ ယူအေအီးနိုင်ငံဟာဆိုရင် ယီမင်နိုင်ငံမှာ ၎င်းရဲ့တပ်ဖွဲ့ဝင်တွေကို တပ်ဖြန့်ချထားဖို့ အီရီထရီးယားနိုင်ငံမှာ အခြေစိုက်စခန်းတစ်ခု ထားရှိရပါတယ်။ အဲဒီဆိပ်ကမ်းကနေတစ်ဆင့် ပင်လယ်နီကို ဖြတ်သန်းရတာပါ။

### ပျံ့လွှင့်နေသည့် ငြိမ်းချမ်းရေးတေးသံ

ဒီလိုမျိုးအခြေအနေ တိုးတက်မှုတွေရှိနေပေမယ့် နှစ်နိုင်ငံနယ်စပ်ကို အတိအကျသတ်မှတ်ဖို့ကတော့ နှစ်ဖက်စလုံးက သဘောတူညီမှု မရသေးပါဘူး။ အီရီထရီးယားနိုင်ငံမှာ ရောက်ရှိနေစဉ်အတွင်းမှာတော့ မစ္စတာအာဘီဟာ စစ်ပွဲအတွင်း ကျဆုံးသွားတဲ့ အီရီထရီးယားတပ်ဖွဲ့ဝင်တွေအတွက် ဝမ်းနည်းကြောင်း ပြောခဲ့ပါတယ်။ သူတို့ဟာ ငြိမ်းငြိမ်းချမ်းချမ်း အိပ်စက်အနားယူဖို့ ထိုက်တန်တဲ့လူတွေလို့လည်း ညစာစားပွဲမှာ ပြောခဲ့ပါတယ်။ အီရီထရီးယားသမ္မတ မစ္စတာ အက်ဖ်ဝါကီကလည်း ကျွန်တော်တို့ဟာ အခုအခါမှာ အတူတူပါပဲ။ အီရီထရီးယားလူမျိုးတွေရဲ့ ခံစားချက်အစစ်အမှန်ကို သိရှိခွင့်ရတဲ့အတွက် ကျေနပ်လိမ့်မယ်လို့လည်း ယူဆကြောင်း ပြောခဲ့ပါတယ်။ ခေါင်းဆောင်နှစ်ဦးစလုံးဟာ နိုင်ငံအလံတွေလွှင့်ထူထားတဲ့ လမ်းမထက်မှာ သွားခဲ့ကြပြီး လမ်းဘေးဝဲယာက အမျိုးသမီးတွေဟာ ငြိမ်းချမ်းရေးသီချင်းတွေ သီဆိုနေတာကို တွေ့ရပါတယ်။

### စိတ်လှုပ်ရှားစရာနေ့တစ်နေ့

ဒါဟာ သာမန်ခရီးစဉ်တစ်ခုတော့ မဟုတ်ပါဘူးလို့ ဆိုဒင်က အီသီယိုးပီးယားလူ့အခွင့်အရေး သုတေသီတစ်ဦးဖြစ်သူ မက်စ်ဖင်နေဂက်ရှ်က ပြောပါတယ်။ အီသီယိုးပီးယားနဲ့ အီရီထရီးယားနိုင်ငံတို့ဟာ ပုံမှန်သံတမန်ဆက်ဆံရေးလည်းရှိတဲ့နိုင်ငံတွေမဟုတ်ပါဘူး။ အဲဒီလိုအခြေအနေကြားထဲက ဆက်ဆံရေးတိုးတက်လာတာဟာဆိုရင် ကြီးမားတဲ့အောင်မြင်မှုတစ်ခုပါ။ ပြည်သူတွေအားလုံးအတွက် စိတ်လှုပ်ရှားစရာ နေ့တစ်နေ့ဖြစ်မှာပါလို့ပြောခဲ့ပါတယ်။

### အီသီယိုးပီးယားနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများ

ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ အခုအခါမှာ ပြည်သူတွေလက်ထဲကိုရောက်ရှိလို့သွားပါပြီ။ ပြည်သူတွေရဲ့ ဖိအားပေးမှုကို ဘယ်ခေါင်းဆောင်မှ မခံနိုင်ပါဘူး။ အီရီထရီးယားနိုင်ငံကို သွားရောက်တာဟာဆိုရင် အီသီယိုးပီးယားဝန်ကြီးချုပ် မစ္စတာအာဘီရဲ့ အံ့အားသင့်ဖွယ်လုပ်ရပ်တွေထဲက တစ်ခုပါ။ မစ္စတာအာဘီဟာ ဝန်ကြီးချုပ်တာဝန်ယူပြီးနောက်ပိုင်း ထင်ရှားကျော်ကြားလှတဲ့ နိုင်ငံရေး အကျဉ်းသားတွေကိုလည်း လွှတ်ပေးခဲ့ပါတယ်။ ပြည်ပရောက်နေတဲ့ နိုင်ငံရေး အတိုက်အခံတွေကိုလည်း ပြည်တွင်းကိုပြန်လာအောင် ဖိတ်ခေါ်တာတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါတွေတင် မကသေးပါဘူး ။ အီသီယိုးပီးယားဆိုတာ အာဖရိကမှာ ဒုတိယလူဦးရေအများဆုံးနိုင်ငံပါ။ သူ့ရဲ့ နိုင်ငံပိုင်လုပ်ငန်းတွေ၊ အမျိုးသားလေကြောင်းလိုင်း အစရှိတာတွေကိုလည်း ရောင်းချမယ့် အစီအစဉ်တွေ ရှိပါတယ်။ အဲဒီလုပ်ရှားမှုဆိုတာ အာဏာရပါတီက နှစ်ပေါင်းများစွာ ခွင့်ပြုချက်မပေးခဲ့တဲ့ကိစ္စလည်း ဖြစ်ပါတယ်။

### အကောင်းဆုံးသောနည်းလမ်း

အီရီထရီးယားနိုင်ငံမှာတော့ စီးပွားရေးအရရော၊ လူမှုရေးအရပါ အထီးကျန်နိုင်ငံလို ဖြစ်နေပါတယ်။ လူငယ်အတော်များများဟာ နိုင်ငံအတွင်းက ထွက်ပြေးကြပါတယ်။ အခု ဥရောပကို ဝင်ရောက်ဖို့ ကြိုးပမ်းကြတဲ့ ဒုက္ခသည်တွေထဲမှာ အီရီထရီးယား နိုင်ငံက အများဆုံးပါ။ မြေထဲပင်လယ်က ကမ်းခြေမှာသောင်တင်နေတဲ့ ဒုက္ခသည်အရေအတွက်မှာ အီရီထရီးယားနိုင်ငံက အများဆုံးဖြစ်နေပါတယ်။ ကုလသမဂ္ဂရဲ့ခန့်မှန်းတွက်ချက်မှုအရ အီရီထရီးယားနိုင်ငံက ဒုက္ခသည်ပေါင်းတစ်သိန်း ခုနစ်သောင်းခန့်ဟာ အီသီယိုးပီးယားမှာ နေထိုင်နေကြပါတယ်။

အီသီယိုးပီးယားကတော့ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ရှေ့ဆက်ဖို့ ကြိုးစားနေပါတယ်။ လက်ရှိဝန်ကြီးချုပ်အသစ်ဟာ လူငယ်လည်းဖြစ် ပြုပြင်ပြောင်းလဲလိုစိတ်လည်း ရှိပြီး လူငယ်တွေအကြိုက်၊ ခံစားမှုအစရှိတာတွေကိုလည်း ကောင်းကောင်း နားလည်ပါတယ်။ နိုင်ငံကိုဆင်းရဲမှု သံသရာထဲက ရုန်းမထွက်နိုင်အောင် ဆွဲချထားတဲ့ စစ်ပွဲတွေကိုရပ်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကသာ အကောင်းဆုံးနည်းလမ်းဆိုတာ သူကောင်းကောင်း သဘောပေါက်ပါတယ်။ ကာလရှည်ကြာ အချင်းများမှုတွေကို ရပ်တန့်ပြီး နှစ်နိုင်ငံ နားလည်မှုတွေနဲ့ ရှေ့ဆက်နိုင်ရင်ဖြင့် ပြည်သူတွေရဲ့အနာဂတ်ခရီးဟာ ဖြောင့်ဖြူးသာယာနေမှာ မလွဲပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

**"တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ နိုင်ငံတော်အဆင့် ညစာစားပွဲမှာ နှစ်နိုင်ငံစလုံးက ရပ်နားထားတဲ့ လေကြောင်းလိုင်းတွေ၊ ကုန်သွယ်မှုတွေ အစရှိတာတွေကို ပြန်လည် စတင်မယ်။ ပိတ်ထားတဲ့ သံရုံးတွေလည်း ပြန်လည်ဖွင့်လှစ်မယ်လို့ မစ္စတာ အာဘီက ကြေညာခဲ့"**

# ကမ္ဘာ့လူဦးရေနေ့

**မောင်လွမ်းရည်**



ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ်မှစ၍ ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့ဟု ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့က သတ်မှတ်ခဲ့သည်။ နှစ်စဉ် ဇူလိုင်လ ၁၁ ရက်နေ့ရောက်တိုင်း ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပကြသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့သည်။

**ဆောင်ပုဒ်များ**

နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများအတွက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့က ဆောင်ပုဒ်များ ချမှတ်ပေးလေ့ရှိသည်။ ၂၀၀၀ ပြည့်နှစ်က ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ **'အမျိုးသမီးဘဝရှင်သန်ရေး၊ ဝိုင်းဝန်းကူညီပံ့ပိုးပေး'** ဖြစ်သည်။ ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ **'၂၁ ရာစု တို့အားပြု၊ လူငယ်ပျို့ရွယ်ကျန်းမာမှု'** ဖြစ်သည်။ ယခုနှစ်အတွက် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ကား **'လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်း ဖော်ဆောင်စို့'** ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် နှစ်စဉ် လျင်မြန်စွာတိုးပွားလျက်ရှိရာ ၁၈၀၀ ပြည့်နှစ်တွင် သန်း ၁၀၀၀၊ ၁၉၃၀ ပြည့်နှစ်တွင် သန်း ၂၀၀၀၊ ၁၉၆၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ ရှိခဲ့သည်။ လာမည့် ခရစ်သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်တွင်မူ ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ အထိ တိုးပွားလာဖွယ်ရှိသည်ဟု လူဦးရေဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**ပိုမိုသာယာသော လောကကြီး**

ထိုသို့ သန်းပေါင်းများစွာ တိုးပွားလာသော လူသားတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ စိတ်ပျော်ရွှင်ရေးတို့ကို ဆောင်ရွက်နိုင်မှ ပိုမိုသာယာသောမိသားစုဘဝများကို ပိုင်ဆိုင်မည်ဖြစ်သည်။ လူတစ်ဦးချင်း၏ဘဝသာယာမှ မိသားစုဘဝသာယာမည်။ မိသားစုဘဝများ သာယာမှလည်း ပိုမိုသာယာသောလောကကြီးကို ဖန်တီးနိုင်မည်ဖြစ်သည်။

နှစ်စဉ်တိုးပွားနေသော လူဦးရေအတွက် စားနပ်ရိက္ခာဖြည့်တင်းရေး၊ အိုးအိမ်နေရာချထားရေး၊ ဆေးဝါးကုသရေး စသည့် စားဝတ်နေရေးတို့ကို ဆောင်ရွက်ရန် ပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေရာ၏။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် လူသားတို့၏ တာဝန်လည်းဖြစ်သည်။ လူဦးရေဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်ယှက်နွယ်နေသော ပတ်ဝန်းကျင်မပျက်စီးမဆုံးရှုံးရေးသည် လူသတ္တဝါများ အသက်ရှင်ရပ်တည်ရေးအတွက် အဓိကအရေးကြီးပေသည်။

ဩကာသလောကရှိ သဘာဝသယံဇာတများ၊ ပင်လယ်သမုဒ္ဒရာများ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ စိုက်ပျိုးခင်းများနှင့် တောတောင်စိမ့်စမ်းများသည် သုံးစွဲသူများအပေါ် မူတည်၍ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့ ရှိကြသည်။ ထင်းအတွက် တောခုတ်ခြင်းကြောင့် သဘာဝသစ်ပင်ကြီးငယ်တို့ ကုန်ဆုံးရသည်။ တောအုပ်များပြုန်းတီးလျှင် ရာသီဥတုကို ဖောက်ပြန်သွားစေနိုင်သည်။ ကမ္ဘာ့အခြေအနေများကို သုံးသပ်လျှင် အိုဇုန်းလွှာပေါက်မှုကြောင့် ကမ္ဘာကြီးပူနွေးလာကာ စိမ်းလန်းစိုပြည်မှုများကို ထိခိုက်လာလျက်ရှိသည်။

**မြန်မာနိုင်ငံ၏ သဘာဝတောတောင်များ**

မြန်မာနိုင်ငံ၏ သဘာဝတောများသည် ရာသီဥတုကို ညီညွတ်မျှတစေသည့်အပြင် သဘာဝဘေးဒဏ်များဖြစ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခြင်း စသည်တို့မှလည်း အကာအကွယ်ပေးပါသည်။ လူနှင့်သက်ရှိများအား အကျိုးပြုနေသည့် သစ်တောများတွင် ဒီရေတောများလည်း အပါအဝင်ဖြစ်သည်။ ဒီရေတောများသည် ပင်လယ်နှင့် ကုန်းမြေကြားတွင်ပေါက်ရောက်သည့် သစ်တောအမျိုးအစားဖြစ်သည်။ လယ်မြေ ယာမြေများအတွင်းသို့ ဆားငန်ရေဝင်ရောက်မှုကို တားဆီးပေးသည့်အပြင် လေပြင်းမုန်တိုင်း ဝင်ရောက်မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။

လူများ စည်းကမ်းမဲ့ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်အားနည်းမှုတို့ကြောင့် မြန်မာနိုင်ငံအစိုးရက 'သစ်တစ်ပင်ခုတ် ထောင်သုံးနှစ်' ဟု သတိပေးစာတန်းများ ချိတ်ဆွဲပညာပေးခဲ့သည်။ 'သက်ရှိလောက တည်မြဲဖို့ သဘာဝတောတောင် ထိန်းသိမ်းစို့'၊ 'ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့' စသော ဆောင်ပုဒ်များဖြင့်လည်း သဘာဝပတ်ဝန်းကျင်ကို မည်မျှအလေးအနက်ထားကြောင်း ပေါ်လွင်စေသည်။ သဘာဝသစ်တောကြီးများကို ကြိုးဝိုင်းများကန့်သတ်ခြင်းဖြင့်လည်း ရှားပါးတိရစ္ဆာန်များ မျိုးမတုံးစေရန် ကာကွယ်ပေးခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာနှင့်အညီ ပတ်ဝန်းကျင်စိမ်းလန်းရေးတွင် အားကြိုးမာန်တက် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ကမ္ဘာကြီးနှင့် လူသားတို့ အပြန်အလှန်ဆက်စပ်မှု**

အနာဂတ်တွင် တိုးပွားလာမည့် လူဦးရေများအတွက် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် လူသားတို့ ကျန်းမာရေးနှင့် ဘဝလုံခြုံပျော်ရွှင်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ပိုမိုသာယာလှပသော လောကကြီးကို ဖန်တီးရေးသည် လောကလူသားများ၏ တာဝန်ပင်ဖြစ်သည်။

ကမ္ဘာကြီးနှင့် လူသားတို့သည် အပြန်အလှန်ဆက်စပ်မှုရှိကြသည်။ ကမ္ဘာမြေကြီးသည် လူသားတို့ အသက်ရှင်ရန် လိုအပ်သော လေ၊ ရေနှင့် ရိက္ခာများကို ဖြည့်ဆည်းပေးနေသည်။ တစ်နေရာရာတွင် ထိုအခြေအနေများ အပြောင်းအလဲတစ်ခုခုဖြစ်ခြင်းသည် တစ်ကမ္ဘာလုံးကို ထိခိုက်စေမည်ဖြစ်သည်။ ဥပမာ မြစ်ချောင်းများတွင် ရေညစ်ညမ်းမှုများဖြစ်ပွားပါက အခြားနေရာများကိုပါ ကျန်းမာရေး၊ စိုက်ပျိုးရေးတို့တွင် ထိခိုက်စေမည်ဖြစ်သည်။

လူသားတို့ မှီတင်းနေထိုင်ကြသော ပတ်ဝန်းကျင်အခြေအနေမကောင်းပါက ကမ္ဘာသူ ကမ္ဘာသားများသည် ပိုမိုဆင်းရဲနွမ်းပါးလာကြမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့လူသားများစွာသည် သဘာဝသယံဇာတများကို ပိုမိုလျင်မြန်စွာ သုံးစွဲနေသည်။ ချမ်းသာသောနိုင်ငံများဆိုလျှင် ပို၍ အလျှံပယ်သုံးစွဲနေကြသည်။ လူတိုင်းလူတိုင်း သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးစွာ ထိန်းသိမ်းပါမှ သာယာလှပသော လူမှုဘဝများ တည်ဆောက်နိုင်ပေမည်။

**အမျိုးသမီးများနှင့် ပိုမိုလှပသောပတ်ဝန်းကျင်**

ကမ္ဘာကြီးကို လှပတင့်တယ်စေသော အကြောင်းအရာများတွင် 'အမျိုးသမီးများနှင့် ပိုမိုလှပသောပတ်ဝန်းကျင်' သည်လည်း အဓိကအရေးပါသော အကြောင်းတစ်ခု ဖြစ်သည်။ အမျိုးသမီးများ၏ အဆင့်အတန်းကို မြှင့်တင်ပေးခြင်းသည် ပတ်ဝန်းကျင်ကိုကာကွယ်ရာတွင် အထောက်အကူပြုနေပေသည်။ လူဦးရေတိုးပွားမှုကိုလည်း နှေးကွေးသွားစေပါသည်။ နိုင်ငံအများအပြားတွင် အမျိုးသမီးငယ်များအပါအဝင် အမျိုးသမီးများသည် ထင်းခွေသူများ၊ ရေခပ်သူများ၊ စိုက်ပျိုးသူများဖြစ်ကြ၍ ကမ္ဘာမြေပြင်နှင့်အနီးကပ်ဆုံး အလုပ်လုပ်သူများဖြစ်ကြသည်။ ပတ်ဝန်းကျင်အခြေအနေ ယိုယွင်းလာလျှင် အမျိုးသမီးများသည် ပိုမိုပင်ပန်းစွာလုပ်ကိုင်ကြရပေမည်။

ထို့ကြောင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်၍ အမျိုးသမီးငယ်များအပါအဝင် အမျိုးသမီးများအား ပညာရည်မြင့်မားရေး၊ ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ကျန်းမာရေးသင်တန်းများ ပို့ချရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသော လယ်မြေများတွင် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူရည်တူအလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုအတွက်ရော၊ သဘာဝပတ်ဝန်းကျင်အတွက်ပါ အဆင်ပြေ ကောင်းမွန်လာမည်ဖြစ်သည်။

နှစ်စဉ်တိုးပွားလာသော ကမ္ဘာ့လူဦးရေတွင် အမျိုးသမီးဦးရေမှာ ၅၀ ရာခိုင်နှုန်းကျော် ပါဝင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသော မြန်မာအမျိုးသမီး အင်အားစုသည် ကြီးမားသောနိုင်ငံ့အင်အားဖြစ်သည်။ မြန်မာအမျိုးသမီးများသည် အခြားနိုင်ငံမှ အမျိုးသမီးများနှင့်မတူဘဲ ရှေးအစဉ်အဆက်ကတည်းက ဥပဒေအရ၊ ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးစံအရ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရှိပြီးဖြစ်သည်။

**အမျိုးသမီး စွမ်းအားစုကြီး**

အမျိုးသမီးများ၏ ဗဟုသုတနှင့် အတွေးအမြင်ပိုင်း ဖွံ့ဖြိုးတိုးတက်မှ အမျိုးသမီးစွမ်းအားစုကြီးသည် နိုင်ငံတော်တည်ဆောက်ရေးတွင် ထိရောက်စွာပါဝင်နိုင်မည်ကို နိုင်ငံတော်အကြီးအကဲများက သိရှိ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ဇူလိုင် ၃ ရက်က ဖွဲ့စည်းပေးခဲ့သည်။ ထိုနေ့ကိုပင် အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး ၁၉၉၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ခဲ့သည်။ ၁၉၉၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီကို ဆက်လက်ဖွဲ့စည်းပြီး ပညာရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့၊ စီးပွားရေးအဖွဲ့၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ စသည်များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

**အမျိုးသမီးများအတွက် အသိပညာပေးမှုများ**

မြန်မာနိုင်ငံတွင် နှစ်စဉ် လူဦးရေတိုးတက်လျက်ရှိရာ ၂၀၀၂ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၅၂ ဒသမ ၁၇ သန်းရှိနေပြီးဖြစ်သည်။ ယင်းတွင် အမျိုးသားဦးရေ ၂၅ သန်းကျော်ရှိပြီး အမျိုးသမီး ၂၆ သန်းရှိသည်ဟု ပညာရှင်များက ဖော်ပြသည်။ တစ်နိုင်ငံလုံး၏ ၅၀ ဒသမ ၂၈ ရာခိုင်နှုန်းရှိသော အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အမျိုးသမီးငယ်များ၏ အပျိုဘော်ဝင်စ ကျန်းမာရေး၊ မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးများကို ကျေးရွာအရောက် အသိပညာဖြန့်ဖြူးခြင်းများ ဆောင်ရွက်နေသည်။

မိခင်တိုင်း ကျန်းမာရေးဗဟုသုတရှိမှ မီးတွင်းမိခင် သေဆုံးမှုနှုန်းနှင့် မွေးကင်းစ တစ်လအတွင်း ကလေးသေဆုံးမှုနှုန်း ကျဆင်းမည်ဖြစ်ကြောင်းလည်း ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက လမ်းညွှန်ဟောပြောကြသည်။ မိခင်သည် အခြေခံကျန်းမာရေး ဗဟုသုတနည်းလျှင် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းပါးပြီး မိမိအခြေအနေကို မခန့်မှန်းတတ်သဖြင့် ဆေးရုံအရောက် နောက်ကျတတ်သည်။ အခြေခံကျန်းမာရေးဗဟုသုတသည် လူ့အသက်ကို ကယ်တင်နိုင်ပုံကို ဟောပြောပို့ချချက်များကြောင့် ထင်ရှားခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ဤသို့ နှစ်စဉ်ကျင်းပခဲ့ခြင်းသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက် လုပ်ငန်းစဉ်အပေါ် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ အလေးထားပါဝင်နေမှု ပေါ်လွင်နေသည်။ ယခုနှစ်တွင်လည်း ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကျင်းပခြင်းနှင့်အတူ ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်ဖြစ်သော 'လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်းဖော်ဆောင်စို့' ဟူသော ဆောင်ပုဒ်နှင့်အညီ လိုက်နာကျင့်သုံးပါက ကမ္ဘာ့မိသားစုဘဝများ သာယာလှပလာမည်မှာ မုချပင်ဖြစ်ပါတော့သည်။ ။

## သထုံမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရေး ပညာပေးဟောပြော

**သထုံ ဇူလိုင် ၁၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်၏ ညွှန်ကြားမှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း အနီးကပ်ကြီးကြပ်ပြီး သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းနှင့် မှုခင်းပညာပေးခြင်း အသိပညာပေးဟောပြောပွဲများကို သထုံခရိုင်အတွင်း မြို့ပေါ်နှင့် ကျေးရွာများ၌ ကျင်းပလျက်ရှိရာ သထုံမြို့နယ် ကျုံပါကျေးရွာတွင် ဇူလိုင် ၁၀ ရက်က ပညာပေးဟောပြောခဲ့သည်။



ကျုံပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည့် ဟောပြောပွဲတွင် သထုံမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်မင်းထွန်းက သက်ငယ်မုဒိမ်းမှုများအကြောင်းနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရန်အတွက် သတိပြုရမည့် အချက်များ၊ သထုံမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်က မှုခင်းကျဆင်းရေးဆိုင်ရာ သိကောင်းစရာများ၊ ရဲအုပ်မြင့်ခိုင်က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ထွန်းလင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်ပြီး အုပ်ထိန်းသူမိဘများနှင့် ကလေးများ လိုက်နာရန် အချက်များပါဝင်သော လက်ကမ်းစာစောင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြသည်။ (၁၃၈)

## သာယာဝတီခရိုင်အဆင့် ကလေးစာပေပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေး

**သာယာဝတီ ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး ခရိုင်အဆင့် ကျင်းပမည့် ကလေးစာပေပွဲတော်ကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၀ ရက်က ခရိုင်ပညာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် ခရိုင်/မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ ပညာရေးဌာနမှ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးများ၊ ဆရာဆရာမများ တက်ရောက်၍ ညှိနှိုင်းဆွေးနွေးကြပြီးနောက် ဒုတိယညွှန်ကြားရေးမှူးနှင့် ပြန်/ဆက်ဝန်ထမ်းများသည် ပညာရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကလေးစာပေပွဲတော်ကျင်းပမည့် သာယာဝတီ အထက(၁)ကျောင်း၌ ပွဲတော်ကျင်းပရန် စီစဉ်ထားသည့် အခန်းများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဆောမြို့နယ် ကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**ဆော ဇူလိုင် ၁၀**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၏ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျန်းမာရေး ပညာပေးဟောပြောပွဲများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဌာနမှ ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်း၍ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၉ ရက် နံနက်က အကြည်ကတင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တင့်က အမှာစကားပြောကြားပြီး ကျန်းမာရေးဆရာမ ဒေါ်ကြူကြူဝင်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ကျန်းမာရေးကြီးကြပ် (၂)ဦးသီဟာက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ သားဖွားဆရာမ ဒေါ်သန်းသန်းထွေးက လက်ဆေးခြင်း၊ အစာစားပြီးလျှင် သွားတိုက်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာများကို ရှင်းလင်းဟောပြောကြကာ ကျောင်းသား ကျောင်းသူ ၅၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။



ဆောမြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် အလားတူ ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဇူလိုင် ၄ ရက်က အညာကတင်းကျေးရွာ အလကကျောင်းတွင်လည်းကောင်း၊ ဇူလိုင် ၆ ရက်က ပေါက်တောကျေးရွာ အမကတွင်လည်းကောင်း သွားရောက်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ (၁၀၁)

# သံတောင်ကြီးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးက ရွေ့လျားဝန်ဆောင်မှုများ ဆောင်ရွက်ပေး

**သံတောင်ကြီး ဇူလိုင် ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး၏ စီစဉ်ဆောင်ရွက်မှုဖြင့် သံတောင်ကြီးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး(OSS)မှ မိုဘိုင်းအဖွဲ့က ဇူလိုင် ၁၀ ရက်တွင် ရှင်ဂျော့ဂျက်ဘုရားကျောင်းခန်းမအတွင်း ကွင်းဆင်း၍ သံတောင်ကြီးမြို့ အမှတ်(၃)ရပ်ကွက်မှ ပြည်သူများအတွက် ရွေ့လျားဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဝန်ဆောင်မှုများ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အမှတ်(၃) ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ မွေးဖွားသေဆုံးမှုများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ၏ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ပျက်မှုများကိုလည်းကောင်း၊ MPT မှ ဝန်ထမ်းများက တယ်လီဖုန်းလိုင်းဆွဲအားကို 3G မှ 4G ရအောင် ဆောင်ရွက်ပေးခြင်းများကိုလည်းကောင်း ပြုလုပ်ပေးခဲ့ကြသည်။

ထိုသို့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေသွေးနှင့် ထွေ/အုပ် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးစာရေးများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တောင်ကျရေစီးဆင်းမှုကြောင့် ပျက်စီးခဲ့သည့် အိမ်နှစ်လုံးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မြဝတီ ဇူလိုင် ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ရေပူကျေးရွာတွင် ဇူလိုင် ၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းခဲ့ကာ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်နှစ်လုံး မျောပါပျက်စီးခဲ့ပြီး အဆိုပါနေအိမ်များမှ လူရှစ်ဦး ရေဘေးဒဏ် ခံစားခဲ့ရကြောင်းသိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်ဝေနှင့် တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အမှတ်(၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရေပူကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၉ ရက်က တွေ့ဆုံပြီး တစ်အိမ်ထောင်လျှင် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ်နှစ်သိန်းစီနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပလတ်စတစ်ပုံး တစ်ပုံးစီကို ထောက်ပံ့ပေးခဲ့သလို လူရှစ်ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ကျပ် ၁၆၈၀၀ ကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ခင်ဦးမြို့၌ စားသုံးရန်မသင့်သည့် အစားအသောက်များကို မီးရှို့ဖျက်ဆီး

**ခင်ဦး ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြို့မဈေးအတွင်းနှင့် အခြားလက်ကားရောင်းချနေသော ဈေးဆိုင်များမှ သိမ်းဆည်းခဲ့သည့် စားသုံးရန်မသင့်ကြောင်း ကြေညာထားသော အစားအသောက်များကို ဇူလိုင် ၉ ရက်က မြို့မဈေးအနီးတွင် မီးရှို့ဖျက်ဆီးခဲ့သည်။

စားသုံးရန်မသင့်ကြောင်း FDAက ထုတ်ပြန်ကြေညာထားသည့် အစားအသောက်များနှင့် သက်တမ်းလွန်အစားအသောက်များကို ဈေးဆိုင်များ၌ ရောင်းချနေသည်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးဌေးတင့်၊ ဒုရဲမှူးဝင်းနိုင်၊ ကျန်းမာရေးမှူး(မြို့မ) ဦးလွင်မိုးဇော်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူခတို့ ပါဝင်သည့်အဖွဲ့က လိုက်လံစစ်ဆေးသိမ်းဆည်းခဲ့ကာ အဆိုပါအစားအသောက်များကို ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ထံ တင်ပြပြီးနောက် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ဆီဆိုင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို လူထုစစ်ဆေး

**ဆီဆိုင် ဇူလိုင် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)အရ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများ ဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲများကို ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။

ဆီဆိုင်မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းခွဲပေါင်း ၁၆၁ ခုကို ဇူလိုင်လကုန်တွင် ရာနှုန်းပြည့်ပြီးစီးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်အထိ ရာနှုန်းပြည့်ပြီးစီးသော လုပ်ငန်းခွဲများဖြစ်သည့် တဘက်ကျေးရွာအုပ်စု ဆမ်ဆိုင်ကျေးရွာမှ ဆရာ ဆရာမများ နားနေဆောင်ပြုပြင်ခြင်းလုပ်ငန်းနှင့် လွယ်ပွတ်ကျေးရွာအုပ်စု ထီလုံးဆူကျေးရွာ၌ ဘက်စုံသုံး ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း၊ နှစ်ခန်းတွဲ ရေလောင်းအိမ်သာနှင့် ဂါလန် ၁၅၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ ဖွင့်လှစ်ကာ လုပ်ငန်းအရည်အသွေးကို ကျေးရွာလူထုက စစ်ဆေးခဲ့ခြင်းဖြစ်သည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံခြား ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၉၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၄ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၃ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၉ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၃၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၇ ・ ၅၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・ ၂၈၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မျက်လုံးတစ်ဝင့်၊ မျက်နှာတစ်ခြမ်းနှင့် နှုတ်ခမ်းတစ်ကွေး သရုပ်ဆောင်မှုက ပို၍ပညာပါသည်ဟု ရန်အောင် ပြောကြား

**ဇာတ်မင်းသားကြီး ဦးချမ်းသာ၏ နာမည်ကြီး ပြဇာတ်တစ်ခုဖြစ်ခဲ့သည့် "လိပ်ပြာမှား" ပြဇာတ်ကို ဝိညာဉ်စိမ်းအမည်ဖြင့် ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးခဲ့ရာ ဘသိန်းမောင် (ခ) ကိုသိန်းနေရာတွင် ပါဝင်သရုပ်ဆောင်ထားသည့် ထပ်ဆင့်အကယ်ဒမီရန်အောင်က ရိုက်ကွင်းပေါ်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ဖြေကြားပေးထားသည်။**

**မေး ။ ။ လိပ်ပြာမှား ပြဇာတ်နဲ့ ဝိညာဉ်စိမ်းရုပ်ရှင် ဘယ်လို ကွာခြားမလဲ ကိုရန်အောင် ခင်ဗျ။**

ဖြေ ။ ။ ရုပ်ရှင်နဲ့ ပြဇာတ်က အစကတည်းကကို မတူတာပါ။ ပြဇာတ်က ပရိသတ်နဲ့ သရုပ်ဆောင်ကြား ဘာပိတ်သားမှ ကြားခံမထားဘူး။ တိုက်ရိုက်တင်ဆက်တယ်။ ရုပ်ရှင်ကတော့ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်အိမ်၊ ဇာတ်ဝင်ခန်းအားလုံးဟာ မကောင်းမချင်း၊ မကြိုက်မချင်း ပြန်ရိုက်ကြတာ။ ရသပိုင်းလည်းမတူဘူး။ ရုပ်သံအသုံးပြုပုံချင်းလည်း မတူလို့ ကွာတာတော့ အများကြီးပဲ။



**မေး ။ ။ ဒီဇာတ်ကားထဲက အဖေတစ်ယောက်ရဲ့ စိတ်ခံစားချက်အပေါ်မှာရောဘာပြောချင်ပါသလဲခင်ဗျာ။**

ဖြေ ။ ။ ကျွန်တော်တို့က အဲဒီထဲမှာတော့ ခံစားချက်လေးရှိတာပေါ့လေ။ ဒါပေမယ့် ကျွန်တော့်အဖေဆုံးတဲ့အချိန်မှာ အဲလိုခံစားချက်ရှိပါတယ်။ အဲဒါကိုတော့ ကျွန်တော် အများကြီး ပွားယူရတာပေါ့။ ဒီကားမှာတော့ ကောင်းမှုကုသိုလ်လေး ဘာမှ မလုပ်လိုက်ရဘဲ ဗြုန်းခနဲ သေသွားတဲ့ ဝိညာဉ်တစ်ခုက သူ့အတွက် ဘာကောင်းမှုကုသိုလ်မှ မရှိတဲ့ အပြင် သူ့အိမ်တောင်သူ ပြန်ဝင်လို့မရတဲ့ အခြေအနေမျိုးဖြစ်သွားတဲ့အခါမှာ ဒီဝိညာဉ်က မှီခိုရာမဲ့တယ်ပေါ့နော်။ အဲလိုအနေအထားမျိုးမှာ မသေခင်မှာ ဘာတွေလုပ်မလဲဆိုတဲ့ လူတိုင်းလူတိုင်းလည်း လုပ်သင့်တဲ့အချက်တစ်ခုတော့ ခေါင်းထဲကို ရောက်လာတယ်။ ပြီးတော့မှ အဲဒီအပေါ်မှာ မူတည်ပြီး သားသမီးအပေါ်ချစ်တဲ့စိတ်တွေ၊ ကောင်းမှုကုသိုလ် မလုပ်ခဲ့ရလို့ မချိတင်ကဲဖြစ်တဲ့ စိတ်တွေကို မွေးယူရပါတယ်။

**မေး ။ ။ အကယ်ဒမီများရှင်တစ်ယောက်ဆိုတော့ ဒီကားမှာ ဘယ်လို သရုပ်ဆောင်မှုတွေ ထူးထူးခြားခြား လုပ်ဖြစ်ပါသလဲ။**

ဖြေ ။ ။ အခန်းတွေ အားလုံးကတော့ ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး။ ဟိုးအရင်တုန်းကဆိုရင်တော့ ခက်ခဲမှာပေါ့လေ။ ဒါပေမယ့် တစ်ခါတလေကျရင် ကျွန်တော်တို့ မျက်နှာတစ်ခြမ်းလေး လိုက်တင်လေး ထိရုံလောက် အိုက်တင် လုပ်ရတာတွေလည်း ရှိတယ်။ ပေါ်တဲ့နေရာလေးကို ပရိသတ်မြင်ရတဲ့ အနေအထားလေးတင် အိုက်တင်ကွက် လုပ်ရတာရှိတယ်။ အဲဒါကြောင့် လက်ကလေး သေးသေးလေးဝင်တာတောင် အိုက်တင်က အပြည့်လုပ်ရတာ။ ပြီးတော့ ရိုက်တာကလည်း ညချည်းပဲ ရိုက်ရတာလေ။ တော်တော်ပင်ပန်းတယ်။ အိပ်ရေးလည်း ပျက်တယ်။ မျက်လုံးတစ်ဝင့်၊ မျက်နှာတစ်ခြမ်း ဒါမှမဟုတ် နှုတ်ခမ်းတစ်ကွေး သရုပ်ဆောင်မှုက နည်းနည်းတော့ ခက်ခဲတယ်လို့ ပြောရင်ရပါတယ်။ သတိပိုထားရတာပေါ့။

**မေး ။ ။ ဒီဇာတ်ကားမှာ အမှတ်တရအဖြစ်ရဆုံး အရာက ဘာများဖြစ်မလဲ။**

ဖြေ ။ ။ ကိုကျော်သူနဲ့ ဒီကားမှာ အများကြီးတွေ့ဖြစ်တယ်။ ကျွန်တော်ဆိုရင် ည ၇ နာရီလောက်ရိုက်ဖို့အတွက် မိတ်ကပ်ကို သုံးနာရီလောက်ကတည်းက စလိမ်းရတယ်။ ကိုကျော်သူဆိုရင် ငါးနာရီလောက်ကို လိမ်းရတာ။ သူ့မိတ်ကပ်က တော်တော်လေးများတယ်။ ဆံပင်တွေတပ်၊ မျက်လုံးတုတွေတပ်၊ သံချောင်းတွေ၊ လက်သည်းတုတွေ အများကြီးပဲ။ သွားကလည်း အတုကြီး၊ နောက်ဆုံး အပေါ့အလေးသွားဖို့တောင် ခက်ခဲရရှာတယ်။ သူက ငုတ်တုပ်ထိုင်နေရတာဆိုတော့ ပိုပြီး အခက်အခဲရှိမယ်။ ကျွန်တော်က ပုဆိုးနဲ့ဆိုတော့ နည်းနည်းပိုလွယ်သေးတယ်။ ကျွန်တော်တို့ကသာ စိတ်အားထက်သန်နေကြတာ ရိုက်ကွင်းက ကလေးတွေဆိုရင် တော်တော်လေး ပင်ပန်းကြတယ်။ ကျွန်တော်တို့ကတော့ ကော်ဖီတွေ ဖျော်သောက်လိုက်၊ အချဉ်တွေထစားလိုက်နဲ့ အိပ်ချင်စိတ်ကိုဖျောက်ပြီး သရုပ်ဆောင်ခဲ့ရတာတော့ အမှတ်ရစရာပဲ။ ဒီကားမှာ ပင်ပန်းခဲ့တယ်ဆိုတာတော့ အသေအချာပဲ။

**မေး ။ ။ ဒီဇာတ်ကားနဲ့ပတ်သက်ပြီးတော့ရော ထူးထူးခြားခြားလေးတွေဖြစ်တာမျိုး ကြုံရလား။**

ဖြေ ။ ။ နေမျိုးအောင်က မှော်ဆရာကြီး၊ သူက ကျွန်တော့်ကိုလာပြီးတော့ ပိုက်ဆံတွေ ဘယ်မှာထားလဲ သိမ်းထားတာရှိရင်ပေးဆိုပြီး ကျွန်တော့် ဝိညာဉ်ကို လာမေးတော့ ကျွန်တော်က မရှိဘူး ..မရှိဘူးပြောပြီး သူက ဆောင့်တွန်းလိုက်မှ အနောက်ပက်လက်လန်သွားတာမျိုးတွေ လွတ်လွတ်သွားတာပေါ့လေ။ နောက်က သမံတလင်းပေါ်မှာ ကျွန်တော်က အပေါ်ကစီးရိုက်ရတာဆိုတော့ တံတောင်ဆစ်နဲ့ ပစ်ပစ်ကျတာ။ တံတောင်ဆစ် နှစ်ဖက်လုံးက ညိုမည်းပြီး သွေးတွေတောင် ထွက်တယ်။ ပွဲသွားတာ ကျွန်တော်မသိဘူး။ နောက်တစ်ခုက လက်က ကွေးလို့ ဆန့်လို့မရဘူး။ အင်္ကျီဝတ်တော့ အင်္ကျီမှာ သွေးတွေချည်းပဲ။ အလုပ်တစ်ခုမှာ ဇောကပ်နေတော့ အဲဒါလေးက အမှတ်တရပေါ့။ နောက်တစ်ခုက အသိမ်းမှာ လေတိုက်တာကြီးပေါ့။ ရာသီဥတုက အုံ့မှိုင်းနေပြီးတော့ လေတွေက တအားတိုက်တာ။ ဒါပေမယ့် အဲဒါလေးက အားရစရာကောင်းပါတယ်။ နောက် ကျော်ကျော်ဗို လုပ်ရမယ့် အိုက်တင်နဲ့ လုပ်ရမယ့် အကြောင်းအရာနဲ့ လေတွေနဲ့က တော်တော်ကို ကြည့်လို့ ကောင်းပါတယ်။

**မေး ။ ။ နောက်ဆုံးအခန်းမှာလေ ကိုရန်အောင် နာမည်များခေါ်တယ်လို့ ပရိသတ်က ပြောကြတယ်။**

ဖြေ ။ ။ အဲဒါက ကျွန်တော်တို့ အပြစ်လည်း ပါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအခန်းက ရန်ကုန်မှာ ရိုက်တာကိုး။ ရန်ကုန်မှာရိုက်တော့ ကျွန်တော်တို့က ညဘက်ကျမှ အားလို့ ရိုက်ကြတာဆိုတော့ ကားရိုက်တွေကလည်းရှိတော့ မိတ်ကပ်တွေလည်း ပြန်လိမ်း၊ ပြန်ရိုက်ကြတဲ့အခါ အခြားနာမည်တွေ ပါလာတာ။ မှားခေါ်မိရော။ တစ်ခါတလေ မေ့တတ်တာလည်း ပါပါတယ်။ အသက်ကလည်း ကြီးပြီဆိုတော့။ အဲဒါတွေကို ပြင်မှာပါ။ နားလည်ပေးပါဦးလို့ ပရိသတ်ကြီးကို ပြောချင်ပါတယ်။

*ကိုလင်း*

## ကလေးများအပေါ် မတရားမှုများအကြောင်းကြားမိတိုင်း ခံစားရလွန်းသဖြင့် ပညာပေးဇာတ်ကားများ ပိုမိုရိုက်ကူးဖြစ်နေ

ပြီးခဲ့သည့် သီတင်းပတ်က နိုင်ငံရပ်ခြားမှ တစ်ဦးတည်းသောသားလေး ပြန်အလာကို ဝမ်းသာမျက်ရည်အပြည့်ဖြင့် စောင့်ကြိုကာ ကလေးတစ်ဦးအဖြစ် သားရင်ခွင်တွင် ခိုဝင်ဖက်တွယ်သည့်အတွက် ပရိသတ် ဝမ်းသာဝမ်းနည်းမှုများ ရယူထားသည့် အကယ်ဒမီများရှင် မေသန်းနုက သက်ငယ်မုဒိမ်းမှုများ၊ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုများ၊ အမျိုးသမီးနှင့် ကလေးငယ်များအား စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရရှိအောင် ပြုလုပ်ကြသူများကို ရှုတ်ချလိုက်ပြီး ပညာပေး အစီအစဉ်များတွင်လည်း တတ်အားသမျှ ပါဝင်အားဖြည့်နေတတ်ကြောင်း ပြောသည်။

အနုပညာသက်တမ်း ၃၅ နှစ်တာ ခရီးကို အောင်မြင်အောင် ဖြတ်ကျော်နိုင်ခဲ့သည့် မေသန်းနုသည် မိဘမေတ္တာဘွဲ့ ဇာတ်ကားများနှင့် အိမ်ထောင်ရေး၊ ပညာပေးဇာတ်ကားများကို ပိုမိုရိုက်ကူးနေရကြောင်းသိရပြီး ယခုအခါ ထာဝရအမေ ရုပ်ရှင်ဇာတ်ကားကြီးမှာလည်း ပြီးဆုံးသွားခဲ့ပြီး ဟစ်တိုင်ဇာတ်ကားအတွက် အားထည့်ပြင်ဆင်နေကြောင်း မေသန်းနုက ပြောသည်။

"ဆင်ဖြူကျွန်းမှာ သွားရိုက်ရမှာ။ ကျွန်မက ကလေးသုံးယောက်မိခင်ပေါ့။ ချမ်းသာတယ်။ အတ္တကြီးတယ်။ သားသမီးကို ချစ်တဲ့ဇောကြီးတယ်။ အဆင့်အတန်းခွဲခြားပြီး ကျွန်မတို့ အဆင့်အတန်းနဲ့ ကွာခြားတဲ့ ကလေးမလေးနဲ့ သားကို သဘောမတူတဲ့ မိခင်နေရာကနေ သရုပ်ဆောင်ရမှာပါ။ ထူးခြားချက်ကတော့ ပြေသုန္ဒရီလေးလည်း ပါတယ်။ တကယ်ကို လူတိုင်း၊ မိဘတိုင်းကြည့်သင့်တဲ့ဇာတ်ကားလို့ ထင်ပါတယ်။ ဒီခေတ်မှာ အင်မတန် စိုးရိမ်စရာတွေ ပြည့်နှက်နေတယ်။ ပညာပေးဖို့ဆိုတာ ကျွန်မတို့အနုပညာသမားတွေကတော့ အနုပညာရှုထောင့်ကနေ တင်ဆက်ပြီး မကောင်းတာကို ကူညီဖယ်ရှားပေးရမယ့် တာဝန်ရှိပါတယ်။ ဒါကြောင့်လည်း ရိုက်ကူးဖြစ်တာပါ" ဟု မေသန်းနုက ဆိုသည်။



## ပရိသတ်အကြိုက်လိုက်ရင်း မြန်မာ့ဇာတ်သဘင်ပျက်စီးလာရသည်ဟု တင်မောင်ဆန်းမင်းဝင်းက ပြောကြား

သစ္စာ၊ မေတ္တာ အလင်္ကာကျော်စွာ ရွှေမန်း တင်မောင် မြေး၊ ဇာတ်မင်းသားကြီး ဆန်းဝင်း သား တင်မောင်ဆန်းမင်းဝင်း၏ (၄)ကြိမ်မြောက် မိုးရာသီ အထူးကပြဖျော်ဖြေပွဲကို ယခု ဇူလိုင် ၂၁ ရက်မှ စတင်၍ ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်းတွင် "ကိုတင်မောင် ပြန်လာပြီ" အမည်ဖြင့် ဖျော်ဖြေသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ ဇာတ်သဘင်ဟာ အခုဆို အဘက်ဘက်ကနေပြီး အားအင်ချို့တဲ့နေပါတယ်၊ အဲဒီလို ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့တစ်တွေ မနည်းကို ရုန်းကန်နေရပါတယ်။ ပရိသတ်အကြိုက်ကို လိုက်ရင်းလိုက်ရင်းနဲ့ တကယ့် ဇာတ်သဘင်စစ်စစ်ဆိုတာကို မေ့သွားခဲ့တယ်၊ အမှန်အတိုင်းဝန်ခံခြင်းဖြစ်ပါတယ်၊ ခေတ်နဲ့ လိုက်ဖက်မှုရှိအောင် လုပ်နေရတယ်လို့ ပြောရမယ်။ ဇာတ်ကြီးကလည်းကွာဆိုပြီး လာကြည့်တဲ့ ပရိသတ်တွေ မပျင်းအောင် ၊ ကျွန်တော် ခေတ်ကိုလည်းမလွန်၊ အလယ်၊ အလတ်



လောက်နဲ့ အနုပညာကို ဖန်တီးထားပါတယ်၊ ကျွန်တော် မိုးရာသီရောက်တိုင်း အခုလို ကပြဖျော်ဖြေမှုလေး အမြဲလိုလို လုပ်ဖြစ်ခဲ့ပါတယ်။ အဓိက ကတော့ ကျွန်တော့်ဇာတ်ထဲက မျိုးဆက်သစ်မင်းသားလေးတွေအတွက်ဆိုလည်း မမှားဘူး။ ဒီပွဲက သဘင်အတွက် အထောက်အကူဖြစ်စေမယ့် ပွဲတစ်ခုလို့ပြောရင် ရပါတယ်။ နှစ်ပါးသွားခွင်ကိုလည်း တစ်နာရီကျော် စာလုပ်ရတာဆိုတော့ အခက်အခဲတော့ ဖြစ်ရတာပေါ့။ နောက်ပိုင်းကဏ္ဍကိုလည်း နှစ်နာရီစာ လုပ်ရမှာ ဖြစ်ပါတယ်၊ ကိုယ့်ကြိုးစားမှုကို ပြရမယ့်အချိန်ပါပဲ၊ "ဇာတ်ထုပ်" ကို သေချာဖျော်ဖြေရမှာ ပါ။ ဆို ၊ ငို ၊ပြောကို အကောင်းဆုံး လုပ်သွားမှာပါ။ ဇာတ်ထုပ်ဆိုတာက လည်း နှစ်နာရီစာ ထက်ကျော်တော့၊ နှစ်ပါးသွားကို ဖြုတ်လိုက်ရင်လည်း ပရိသတ်အတွက် ရော ၊ ကျွန်တော်တို့အတွက်ပါ နှစ်နာစရာတွေ ဖြစ်နိုင်ပါတယ်၊ တစ်နှစ်မှာ မိုးတွင်း သုံးလလုံးလုံး စနေ၊ တနင်္ဂနွေ ရက်တွေမှာ ကပြလာခဲ့တာ အခုဆို လေးနှစ်ပြည့်မြောက်ခဲ့ပါပြီ" ဟု ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း ကပြောသည်။

မိုးရာသီသည် ဇာတ်သဘင်သားများအဖို့ အနားယူခြင်း၊ အဆိုအကတိုက်ခြင်းများနှင့်သာ အချိန်ကုန်ပြီး ပွင့်လင်းကာလပွဲရာသီကို မျှော်ကြရသည့် အချိန်ဖြစ်သည်။ ဇာတ်သမားများအဖို့ မိုးတွင်းစားဝတ်နေရေးအတွက် ကြိုတင်စုဆောင်းထားမှသာ၊ ဇာတ်ဝင်ငွေ တိုးပွားထားမှသာ ခံနိုင်ရည်ရှိကြပြီး အများစုသည် အခက်တွေ့လျက်ရှိ ကြသည်။ ထို့ကြောင့် တင်မောင်ဆန်းမင်းဝင်းက ဦးစီးကာ မိုးရာသီဇာတ်သဘင်ကို ကြိုးစားတင်ဆက်ခြင်းဖြင့် အဆင်ပြေရန် စဉ်းစားရခြင်းဖြစ်ကြောင်း သိရသည်။ လက်မှတ်များမှာ ငွေကျပ်တစ်သောင်း၊ ငါးထောင်နှင့် ခုနစ်ထောင်တန် လက်မှတ်များအဖြစ် ရောင်းချမည်ဖြစ်ပြီး ရုပ်သံလိုင်းများမှလည်း တိုက်ရိုက်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

## ဟစ်တိုင်ဇာတ်ကားတွင် လှမျိုးသဉ္ဇာနွယ်က လိမ်ညာလှည့်ဖြားသူကို ကလဲ့စားချေသူအဖြစ် သရုပ်ဆောင်ထား

ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးပြီး သရုပ်ဆောင် အိန္ဒြာကျော်ဇင်၊ မေသန်းနု၊ စိုးဝဏ္ဏနှင့် လှမျိုးသဉ္ဇာနွယ်တို့ ပါဝင်သရုပ်ဆောင်ထားသည့် ဟစ်တိုင်ဇာတ်ကားအတွက် အနုပညာသရုပ်ဆောင်မှုကို အားရကျေနပ်မှုရှိကြောင်း သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က ပြောသည်။

"ဒီဇာတ်ကားမှ ထာ တူမလေးကို ချစ်သူအဖြစ်တွဲပြီး လက်မထပ်တဲ့အတွက် ပြဿနာရှာတဲ့ ဇာတ်ကောင်မျိုးပါ။ ဘယ်ကိစ္စမဆို အတင်းအကျပ်လုပ်တာမျိုးဆိုတာ လုံးဝမဖြစ်သင့်ပါဘူး။ ဗိုက်ပြည့်နေတဲ့ အချိန်မှာ ဘယ်လောက်ကောင်းတဲ့အစားပဲဖြစ်ဖြစ် ဘယ်သူမှ မစားနိုင်ကြသလို လောကမှာလည်း ဘယ်အရာမဆို မတရားသဖြင့် လုပ်လို့ မရတာကို ပြောချင်တဲ့ ဇာတ်ကားလေးပါ။ သက်ငယ်မုဒိမ်းလို ကိစ္စရပ်တွေဟာ လောကမှာ လုံးဝမရှိသင့်တဲ့ မတရားမှုပဲလို့ ကျွန်မကတော့ ခံယူပါတယ်။ ကိုယ်တိုင်လည်း မိခင်တစ်ယောက် ဖြစ်တဲ့အတွက် ဒီလိုကိစ္စရပ်တွေကို မုန်းတီးမိတယ်။ လုံးဝပျောက်ကွယ်သွားဖို့ လက်တွေ့မှာလည်း လုပ်ဆောင်ပါတယ်။ ဒီဇာတ်ကားလေးဟာ ပညာပေးဇာတ်အိမ်လေးလည်းဖြစ်ပြီး ပရိသတ်အတွက် အသိပညာတစ်ခုခုပေးနိုင်မယ်လို့လည်း ကျွန်မ ယုံကြည်ပါတယ်" ဟု လှမျိုးသဉ္ဇာနွယ်က ပြောသည်။



အဆိုပါဇာတ်ကားသည် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် အနုပညာရှင်များစုစည်းကာ စိတ်ရောကိုယ်ပါ နှစ်မြှုပ် သရုပ်ဆောင်ထားသည့် ဇာတ်ကားတစ်ခုဖြစ်ပြီး ပညာပေးအနေဖြင့်သာ သဘောထား စေလိုကြောင်း၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်း နေကြချိန်တွင် သတိပြုစေရန် ရည်ရွယ်ပေးသည့် ဇာတ်ကားသာဖြစ်ကြောင်း၊ ယနေ့ ခေတ်တွင် လူမှုကွန်ရက်မှတစ်ဆင့် မတရားမှုများကို မကြာခဏတွေ့မြင်ရခြင်းကြောင့် မိဘ၊ ဆရာသမားများကလည်း ပိုမိုသတိထားဆင်ခြင်သင့်ကြောင်း လှမျိုးသဉ္ဇာနွယ်က ပြောသည်။

"ဇာတ်ကားထဲမှာ ပြစ်မှုကျူးလွန်သူတွေအကြောင်းပါနေတော့ အချို့က ရှေ့ကနေ လုပ်ပြတယ်ဆိုပြီး ဝေဖန်ကြတာလည်း ရှိနိုင်ပါတယ်။ ဒါကတော့ ခံယူတဲ့သူအပေါ်မှာလည်း အများကြီးဆိုင်တယ်လေ။ တစ်ယောက်ချင်းစီရဲ့ ခံယူချက်မှာ စိတ်ဓာတ်အားနည်းတဲ့သူတွေဆိုရင် ပိုပြီးကွာခြားသွားပါလိမ့်မယ်။ ကောင်းတဲ့သင်ခန်းစာကို ယူသွားရင် ပေးချင်တဲ့အသိပညာကို အတိအကျရနိုင်မှာပေါ့။ မကောင်းတဲ့၊ ဆိုးတဲ့ သင်ခန်းစာကို ရှောင်ရှားရမယ့်အစား လက်ခံရင်တော့ ဆိုးကျိုးကို ခံစားရမယ်ဆိုတာ အသိပညာလည်း ပေးထားပါတယ်" ဟု ၎င်းက ဆိုသည်။ **ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# Wonder Woman ဝတ်စုံနဲ့ ဆေးရုံကို သွားရောက်ခဲ့တဲ့ ရုပ်ရှင်မင်းသမီး ဂဲလ်ဂါဒေါ့

Wonder Woman ဇာတ်ကောင် ရုပ်ရှင်မင်းသမီး ဂဲလ်ဂါဒေါ့ဟာ ဝါရှင်တန်အနီးမှာရှိတဲ့ ကလေးဆေးရုံကို သွားရောက်ပြီး ကလေးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုသွားတဲ့အခါ ရုပ်ရှင်ထဲကအတိုင်း စူပါဟီးရိုးဝတ်စုံကိုဝတ်ဆင်ပြီးတော့ ဆေးရုံတက်နေရတဲ့ ကလေးတွေကို သွားရောက်တွေ့ဆုံခဲ့တာလည်း ဖြစ်ပါတယ်။

ဂါဒေါ့ဟာ အစ္စရေးလူမျိုးသရုပ်ဆောင်တစ်ဦးဖြစ်ပြီး ဆေးရုံကို ရုပ်ရှင်ထဲက ဇာတ်ကောင်ဝတ်စုံအတိုင်း သွားရောက်တာကတော့ ဂါဒေါ့တစ်ယောက်တည်း မဟုတ်ပါဘူး။ ရောဘတ်ဒေါင်နေဂျူနီယာနဲ့ ဂျွန်နီဒပ်တို့ဟာလည်း သူ့လိုမျိုး သွားရောက်လည်ပတ်ဖူးပါတယ်။ ဂါဒေါ့ရဲ့ အသစ်ရိုက်ကူးထားတဲ့ Wonder Woman ဇာတ်လမ်းနောက်ဆက်တွဲဟာ ၂၀၁၉ နိုဝင်ဘာမှာ ရုံတင်မှာဖြစ်ပါတယ်။ ရုပ်ရှင်ရိုက်ကူးပြီးခေတ္တရပ်နားစဉ်မှာ ဆေးရုံကို သွားရောက်ခဲ့တာဖြစ်ပြီး အင်နိုဗာကလေးဆေးရုံကသွေးကင်ဆာဝေဒနာရှင် ကလေးငယ်တွေ၊ ဆေးရုံဝန်ထမ်းတွေနဲ့အတူ အမှတ်တရဓာတ်ပုံရိုက်ထားပြီး အဲဒီဓာတ်ပုံကို Wonder Woman ဇာတ်ကားရဲ့ တွစ်တာအကောင့်မှာ တင်ထားတာကို တွေ့ရပါတယ်။

ဂါဒေါလိုပါပဲ ဂျွန်နီဒပ်ဟာလည်း Pirates of the Caribbean ဇာတ်ကားထဲကဝတ်စုံအတိုင်း ဝတ်ဆင်ပြီး လန်ဒန်မှာရှိတဲ့ ဆေးရုံကို သွားရောက်ခဲ့ပါတယ်။ အဲဒီဆေးရုံဟာ ဂျွန်နီဒပ်ရဲ့သမီး လီလီရိုစ်တက်ခဲ့တဲ့ ဆေးရုံဖြစ်ပါတယ်။ နောက်ထပ် ဟောလိဝုဒ်ကြယ်ပွင့်ဖြစ်တဲ့ ရောဘတ်ဒေါင်နေဂျူနီယာဟာလည်း ဆေးရုံကို ရုတ်တရက်သွားရောက်ပြီး ဆေးရုံကလူနာတွေကို အားပေးခဲ့ဖူးပါတယ်။

**ဘီဘီစီ**



# Ra.One ဇာတ်ကားနောက်ဆက်တွဲရိုက်ကူးဖို့ ရှာရွတ်ခန်း စိတ်ဝင်စားလျက်ရှိ

လွန်ခဲ့တဲ့နှစ်အနည်းငယ်တုန်းက ဘောလိဝုဒ်စူပါစတား ရှာရွတ်ခန်းနဲ့ အင်နူးဘာ့ဆင်းဟာ တို့ဟာ စိတ်ကူးယဉ်သိပ္ပံရုပ်ရှင်ဇာတ်လမ်းဖြစ်တဲ့ Ra. One ဇာတ်ကားနောက်ဆက်တွဲကို ဆက်လက်ရိုက်ကူးဖို့ စိတ်ဝင်စားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ဆက်လက်ရိုက်ကူးဖို့တော့ ဘာမှအကောင်အထည် ပေါ်မလာခဲ့ပါဘူး။

မကြာသေးခင်ကမှ ဒါရိုက်တာ အင်နူးဘာ့ဆင်းဟာကို ဒီဇာတ်ကားဆက်ရိုက်ဖို့ ရှိ မရှိ မေးမြန်းကြရာမှာတော့ သူနဲ့ရှာရွတ်ခန်းဟာ ဒီဇာတ်ကားအကြောင်း ဟိုအရင်ကတည်းက ဆွေးနွေးဖြစ်ကြကြောင်း၊ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတစ်ကား ရိုက်ကူးရတာ မလွယ်ကူကြောင်း၊ ဒါပေမယ့် သူရောရှာရွတ်ခန်းပါ ဒီဇာတ်ကားကို ဆက်လက်ရိုက်ဖို့ စိတ်ကူးရှိသေးကြောင်း ပြောခဲ့ပါတယ်။ Ra.One ဇာတ်ကားမှာပါဝင်ကြတဲ့ ကရီနာကပူးလ်နဲ့ ရှာရွတ်ခန်းဟာ ဘောလိဝုဒ်ရုပ်ရှင်ကြေးအမြင့်ဆုံး သရုပ်ဆောင်တွေထဲမှာ ပါပါတယ်။ လက်ရှိမှာတော့ ရှာရွတ်ခန်းဟာ မိသားစုနဲ့အတူ ဥရောပကို အလည်အပတ်ထွက်နေပြီး သူလက်ရှိမှာ ရိုက်ကူးနေတဲ့ Zero ဇာတ်ကားဟာ ၂၀၁၈ ဒီဇင်ဘာ ၂၁ ရက်မှာ ရုံတင်မှာပဲဖြစ်ပါတယ်။




**အီးတိုင်းမ်**

**မြူး**

---

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၉)

# ကြိုတင်ဝေဖန်ပြောဆိုရေးသားခြင်း

**ဦးဟန်ညွန့် (ဥပဒေ)**



**သတင်းထောက်တစ်ဦး**

"ကျွန်တော် သတင်းတစ်ပုဒ်ရေးထားတယ်။ နောက်လထဲမှာ ဒီအမှုကို တရားသူကြီးက စီရင်ချက်ချတော့မှာ။ တရားခံက ထောင်ကျမှာသေချာနေပြီ။ ဒါ့ကြောင့်ထောင်ချတော့မည့် တရားခံအကြောင်း ဝေဝေဆာဆာ သတင်းရေးထားတာ။ အများစိတ်ဝင်စားမှာမို့ ဒီသတင်းကို ဂျာနယ်မှာ ထည့်ဖြစ်အောင်ထည့်မယ်။ ဓာတ်ပုံတွေပါ ရောင်စုံနဲ့ ရိုက်ပြီးသား။ ဆရာစိစစ်ပေးပါဦး" ဟု လူငယ်သတင်းထောက်တစ်ဦးက ကျွန်တော့်အား တင်ပြ၊ အကူအညီတောင်းခံလာပါသည်။ သူရေးထားသည့် သတင်း(မူကြမ်း)ထဲက တရားခံကလည်း နာမည်ကြီးတရားခံပေပဲ။ အများစိတ်ဝင်စားသည့် မှုခင်းသတင်းဖြစ်သည်ကတော့ အသေအချာပါ။ သို့သော်ငြား ထည့်သင့်၊ မထည့်သင့်။ ရေးသင့်၊ မရေးသင့်ကို လူငယ်သတင်းထောက်အား ရှင်းပြရတော့မည်။

**သတင်းမီဒီယာဥပဒေ**



တာဝန်နှင့် ကျင့်ဝတ်အကြောင်းက နိဒါန်းစရမည်ဖြစ်သည်။ သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းပြီးသားပါ။ ၂၀၁၄၊ မတ်လ ၁၄ ရက် ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂/၂၀၀၄ ဖြစ်ပါသည်။ အခန်း(၄)တွင် သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များခေါင်းစဉ် ဖော်ပြပါရှိပါသည်။ ပုဒ်မ(၉)ဖြစ်ပါသည်။ တိတိကျကျရေးပြရလျှင် ပုဒ်မ(၉)(ဂ) ဖြစ်ပါသည်။

ဖော်ပြပြဋ္ဌာန်းချက်မှာ- တရားရုံးတွင် စစ်ဆေးဆဲအမှုများနှင့် စပ်လျဉ်း၍ သတင်းဖော်ပြရာတွင် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း မပြုသမျှ ကာလပတ်လုံး တရားစွဲဆိုခံရသူအား အပြစ်ကင်းစင်သူအဖြစ်မှတ်ယူခြင်းနှင့် တရားရုံးအား မထီမဲ့မြင်ပြုရာရောက်သော သတင်းဝေဖန်ချက်မျိုးကို ဖော်ပြခြင်းမှာ ရှောင်ကြဉ်ခြင်းဟူ၍ ဖြစ်ပါသည်။

**စီရင်ချက်မချရသေး**

အထက်ပါ လူငယ်သတင်းထောက်ရေးမည့် သတင်း(မူကြမ်း)မှာ တရားရုံးသတင်းတစ်ပုဒ်ဖြစ်ပါသည်။ အဆိုပါသတင်းတွင် ပါရှိသော အမှုမှာ တရားသူကြီးက မဆုံးဖြတ်ရသေးပါ။ စီရင်ချက် မချရသေးပါ။ တရားသူကြီးက စီရင်ချက်မချရသေးပါဘဲလျက် သတင်းထောက်က ဘာကြောင့် ကြိုတင်ဆုံးဖြတ်ချက် ချနေရပါသလဲ။ ကိုယ်က(သတင်းထောက်က) တရားသူကြီးမဟုတ်။ အမှုစစ်ဆေးသူ မဟုတ်။ အမှုစစ်ဆေးသော တရားသူကြီးက ဘာမှမပြော။ ဘာမှစီရင်ချက်မချသေးဘဲ စကားဦးသမ်းပြီး ဒီအမှုက တရားခံထောင်ကျမယ်၊ လွတ်မယ်စသည်ဖြင့် ကြိုတင်ခန့်မှန်းမပြောရ။ မဝေဖန်ရ။ မရေးသားရ။ ရေးလျှင် တာဝန်ကြီးသည်။ ဥပဒေအရ အပြစ်ရှိသည်။ သတင်းထောက်မျှသာမက မည်သူမဆို (တရားသူကြီးကလွဲ၍) ဝေဖန်ရေးသားပြောဆိုခွင့်မရှိ။

> **"လူသတ်မှုစစ်ဆေးနေစဉ် ပြစ်မှုမဂ္ဂဇင်း၌ ဖြစ်ရပ်မှန်ဇာတ်လမ်း ဓာတ်ပုံဆောင်းပါး ထည့်သွင်းခြင်းဖြစ်သည်။ မကောင်းသော စေတနာမရှိဟု မဆိုနိုင်စေကာမူ အမှုကို ကြိုတင်ဆုံးဖြတ်ချက်ချသည့် သဘော သက်ရောက်၍ တရားစီရင်ရေးလမ်းကြောင်း တိမ်းစောင်းနိုင်ဖွယ်ရာရှိ"**

**တရားရုံးများကို မထီမဲ့မြင်ပြုမှု**

တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေရှိပေသည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇/၂၀၁၃ ဖြင့် ၂၉-၇-၂၀၁၃ ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပေသည်။

The contempt of courts Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းခဲ့ခြင်းဖြစ်ပါသည်။

**အဓိပ္ပာယ်**

တရားရုံးများကို မထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကို ဆိုသည်။

တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီဂရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သော ဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကို ဆိုသည်။

**ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုဆိုသည်မှာ**

အောက်ပါအပြုအမူတစ်ခုခုအတွက် အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းဖြင့်ဖြစ်စေ၊ တမင်ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်-

(၁) တရားရုံး၏ ဥပဒေအရအပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း၊ သို့မဟုတ် သေးသိမ်ရန် ဖြစ်တန်စေခြင်း

(၂) တရားစီရင်သော မှုခင်းကိစ္စတွင် ဖြောင့်မှန်စွာဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း

(၃) မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်ကိုးစားမှု လျော့နည်းစေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း

(၄) တရားရုံးက ဆုံးဖြတ်ရန်ရှိသော အချက်များကို တစ်စုံတစ်ရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။

**တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေ ပုဒ်မ ၂(ခ)(ဂ)(ဃ)**

**ပြစ်မှုနည်းပြစ်ဒဏ်များ**

မည်သူမဆိုတရားရုံးကို ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၁၀**

မည်သူမဆိုတရားရုံးကို တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံမျှဖြင့် လုံလောက်မှုမရှိဟု ထင်မြင်ပါက သုံးလထက်မပိုသော တရားမထောင်ဒဏ်ကို ချမှတ်နိုင်သည်။

**(ပုဒ်မ ၁၁)**

**စီရင်ထုံးအနှစ်သာရများ**

တရားရုံးများကို မထီမဲ့မြင်ပြုမှုအတွက် စီရင်ထုံးအနှစ်သာရများ (အစဉ်အဆက်ဆုံးဖြတ်ချက်များ) လေ့လာနိုင်ပါသည်။

**အများပြည်သူ** ။ ။ တရားရုံးကို မထီမဲ့မြင် ပြောဆိုရေးသားခြင်းအတွက် ပြစ်ဒဏ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်အရ နောက်ထပ်ကျူးလွန်ခြင်း မပြုအောင်ဖြစ်သည်။ တရားရုံးနှင့် တရားသူကြီးကို ကာကွယ်ရန်မဟုတ်။ အများပြည်သူကို ကာကွယ်ရန်ဖြစ်သည်။ အထူးသဖြင့် တရားစီရင်ခြင်းခံရမည့် အမှုသည်များ၏ အကျိုးဖျက်ဆီးမှုကို ကာကွယ်ရန်ဖြစ်သည်။

**အယ်ဒီတာပါ** ။ ။ ရုံးတော်ကို မထီမဲ့မြင်ပြုရာရောက်သည်။ မကြုံစဖူး အပြောအဆိုအရေးအသားကို သတင်းစာထဲ ထည့်သွင်းလျှင် ထည့်သွင်းသည့် သတင်းထောက်သာမက သတင်းစာအယ်ဒီတာနှင့် ထုတ်ဝေသူတို့လည်း အပြစ်မကင်းချေ။ သဘောရိုးဖြင့် အမှန်ထင်၍ အမှတ်တမဲ့ထည့်မိပါသည်ဟု ထုချေသော်လည်း အပြစ်ဒဏ်မှ မလွတ်ကင်း။

**ကြိုတင်စိစစ်ရန်လို** ။ ။ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းစေရန် သို့မဟုတ် ရုံး၏ဂုဏ်သိက္ခာသြဇာအာဏာကို ယုတ်လျော့စေသည်ဟု တွက်ဆနိုင်သော ပုံနှိပ်ထုတ်ဝေခြင်းသည် ရုံးကို မထီလေးစားပြုရာရောက်သည်။ အယ်ဒီတာနှင့် ထုတ်ဝေသူက ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ မတရားတိုက်ခိုက်ဝေဖန်ခြင်း ဟုတ်၊ မဟုတ် ကြိုတင်စိစစ်ရန် လိုသည်။

**မိမိသာမှန်ကြောင်း** ။ ။ တရားရုံးစစ်ဆေးကြားနာနေစဉ်အတွင်း မိမိသာမှန်ကန်ကြောင်း စာရွက်စာတမ်းရိုက်နှိပ်ဝေငှခြင်းသည် တရားစီရင်ရေးလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေသည်။

**ဆောင်းပါးထည့်သွင်းခြင်း။** ။ လူသတ်မှုစစ်ဆေးနေစဉ် ပြစ်မှုမဂ္ဂဇင်း၌ ဖြစ်ရပ်မှန်ဇာတ်လမ်းဓာတ်ပုံ ဆောင်းပါးထည့်သွင်းခြင်းဖြစ်သည်။ မကောင်းသော စေတနာမရှိဟု မဆိုနိုင်စေကာမူ အမှုကို ကြိုတင်ဆုံးဖြတ်ချက်ချသည့်သဘော သက်ရောက်၍ တရားစီရင်ရေးလမ်းကြောင်း တိမ်းစောင်းနိုင်ဖွယ်ရာရှိသည်။

အထက်ပါစီရင်ထုံး(အချို့)၏ အနှစ်သာရများအပြင် အခြားစီရင်ထုံးများကိုပါ လေ့လာရှာဖွေသတိပြုစေလိုပါသည်။

**စေတနာ**

တရားသူကြီးနှင့် တရားရုံးများအပေါ် မထီမဲ့မြင်ပြုမှုများ မပေါ်ပေါက်ရေး၊ မှန်ကန်လွတ်လပ်စွာ တရားစီရင်နိုင်ရေးအတွက် ကြိုတင်ဝေဖန်ပြောဆိုရေးသားခြင်း မပြုအပ်။ မပြုသင့်ကြောင်း စဉ်းစားတွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ . . .။ ။

# ကမ္ဘာ့ပထမဆုံး ဆယ်မာအူးလ်ဂွန်ဂို(ကျေးရွာသစ်ငွေတိုက်)သင်တန်းကို မြန်မာနိုင်ငံတွင်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၀**

တစ်ကမ္ဘာလုံးအနေနှင့် ပထမဆုံးဖွင့်လှစ်သည့် ဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာသစ်ငွေတိုက်) သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဆယ်မာအူးလ် အွန်ဒုန် စီမံကိန်းအရ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇူလိုင် ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆယ်မာအူးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း အနေဖြင့် အောင်မြင်မှုများစွာ ရရှိနေပြီဖြစ်သော်လည်း ကျေးရွာသူ၊ ကျေးရွာသားများအတွက် ဝင်ငွေကို ကြီးမားစွာမြှင့်တင်နိုင်ရန် အထူးလိုအပ်နေကြောင်း၊ ယခုသင်တန်း၌ ဆယ်မာအူးလ်ဂွန်ဂို(ကျေးရွာသစ်ငွေတိုက်)၏ ငွေစုခြင်း သဘာဝတရားများ၊ ကျေးရွာသစ်ငွေတိုက် လည်ပတ်ဆောင်ရွက်မှု နည်းစနစ်များကို သင်ကြားပြီး သင်တန်းပြီးသည့်နောက် မိမိတို့ကျေးရွာများသို့ရောက်လျှင် ကျေးရွာသစ်ငွေတိုက် တည်ထောင်ရေးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲကြရန် တိုက်တွန်းကြောင်း စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး မစ္စတာ ဂျောင်ဂပ်ဂျင်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။



စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုကလည်း ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း၏ ဝင်ငွေတိုးပွားရေးလုပ်ငန်းကဏ္ဍမှ ကျေးရွာရန်ပုံငွေအဖြစ် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်းပေါင်း ၇၀၀ ကျော် မှ ၄၀၀ အတွင်း ပိုင်ဆိုင်လျက်ရှိကြောင်း၊ ၎င်းငွေများကို ဆက်လက်ထိန်းသိမ်းထားပြီး နောင်အနာဂတ်တွင် ကျေးရွာများအနေဖြင့် ဘဏ်ပိုင်များဖြစ်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ ယခုသင်တန်းမှ ကျေးရွာသစ်ငွေတိုက်တည်ထောင်ခြင်း နည်းလမ်းများကို လေ့လာ သင်ယူပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ကျေးရွာသစ်ငွေတိုက်သည် အကျိုးအမြတ်ကို အဓိကမထားဘဲ ငွေချေးယူရန် အခက်အခဲရှိသည့် ကျေးရွာသူ ကျေးရွာသားများအတွက် အလွယ်တကူ ချေးယူ နိုင်ရန် ငွေတိုက်အဖြစ် ရပ်တည်ပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာသစ်ငွေတိုက် ဖွံ့ဖြိုးတိုးတက်လာလျှင် ကျေးရွာသူ ကျေးရွာသားများအားလုံး၏ ဝင်ငွေတိုးလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆယ်မာအူးလ်ဂွန်ဂို ဗဟိုဌာန အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ညွှန်ကြားရေးမှူး မစ္စတာဘန်ဆောင်းဟိုက ပြောကြားသည်။

သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်ကလည်း သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများ ဖွဲ့စည်းပြီး ကျေးရွာသူ ကျေးရွာသားများ အလွယ်တကူ ငွေချေးနိုင်အောင် စီစဉ်ပေးလျက်ရှိကြောင်း၊ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းမှလည်း ဝင်ငွေတိုးပွားရေးကဏ္ဍအနေဖြင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မည့်သူများကို ငွေချေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် ကျေးရွာသစ်ငွေတိုက်သင်တန်းသည်လည်း ကျေးရွာသစ်ငွေတိုက်များ တည်ထောင်ပြီး ကျေးရွာသူ ကျေးရွာသားများကို ငွေချေးရန်အတွက် စီစဉ်နေခြင်းဖြစ်ကာ အားလုံး အတူတကွ လက်တွဲဆောင်ရွက်ရန်လိုကြောင်း ပြောသည်။

သင်တန်းသို့ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ကျေးရွာပေါင်း ၁၉ ရွာမှ သင်တန်းသား သင်တန်းသူ ၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# လွတ်လပ်ငြိမ်းချမ်း ပန်းရဲ့လမ်း ဦးရဲလွင် (မဇ္ဈိမလှိုင်း) ကွယ်လွန်

**"လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း" ဂီတဖျော်ဖြေရေးအဖွဲ့ကို တည်ထောင်ခဲ့သူ ဦးရဲလွင် (မဇ္ဈိမလှိုင်း) အသက် ၇၁ နှစ်သည် ယနေ့ညနေ ၄ နာရီ ၁၀ မိနစ်က ခုတင် ၅၀၀ ဆံ့ ရန်ကုန်ဆေးရုံသစ်ကြီးတွင် အသည်းရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။**



ဂီတသမားကြီးဦးရဲလွင်ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလတွင် ပေါင်းတည်မြို့၌ အဖ ဦးမောင်မောင်(စက်ရှင်တရားသူကြီး) - အမိ ဒေါ်ကြိုင်တို့မှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ မွေးချင်းမောင်နှမ ၁၀ ယောက်ရှိသည့်အနက် ၈ ယောက်မြောက်သား တစ်ဦးဖြစ်သည်။

ဂီတပညာကို ငယ်စဉ်ကတည်းကပင် ခုံမင်ခဲ့သူဖြစ်သည်။ ဘုရားရှိခိုးကျောင်းများနှင့် ခရစ္စမတ်ရက်များတွင် အပေါင်းအသင်းများဖြင့် လိုက်လံသီဆိုခဲ့သူဖြစ်သည်။ ၁၀ တန်းအောင်မြင်ပြီးနောက် ရန်ကုန်စက်မှုတက္ကသိုလ် (RIT) တွင် အီလက်ထရွန်နစ်အထူးပြုဘာသာရပ်ဖြင့် တက်ရောက်ခဲ့သည်။ တက္ကသိုလ်ပညာသင်ကြားနေစဉ် ၁၉၇၄ ခုနှစ်၌ E-Machine တေးဂီတဝိုင်း၌ Bass ဂီတာတီးသူအဖြစ် ပါဝင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် မဇ္ဈိမလှိုင်း ဂီတသင်တန်းကို ဦးမောင်မောင် (အဥ္စလီ)၊ ဦးရဲလွင် (Bass) ဖြင့် ဖွင့်လှစ်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် မဇ္ဈိမလှိုင်းတေးဂီတအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေးအတွက် ဂီတဖြင့် နေရာအနှံ့ စည်းရုံးရေးဆင်းခဲ့သူဖြစ်သည်။ ကချင်ပြည်နယ်စစ်ဘေးဒုက္ခသည်များအတွက် ထောက်ပံ့ကူညီနိုင်ရန် "လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း" တေးဂီတအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွက် သူတတ်ကျွမ်းသော ဂီတပညာဖြင့် ကျန်းမာရေးကောင်းစဉ်တစ်လျှောက် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဒုက္ခသည်များအတွက် သူတတ်ကျွမ်းသော ဂီတပညာဖြင့် အစဉ်ကူညီပေးနေမှုကြောင့် ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားရောက် မြန်မာတိုင်းရင်းသားများက စတုတ္ထမြောက် ပြည်သူ့ဂုဏ်ရည်ဆုကို ပေးအပ်ခဲ့သည်။

တေးရေး၊ တေးဆို Bass ဂီတပညာရှင်ကြီး ဦးရဲလွင်(မဇ္ဈိမလှိုင်း)မှာ အသည်းရောဂါကြောင့် ဆေးရုံတက်ကုသနေရာမှ ယနေ့တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ရုပ်ကလာပ်ကို ဇူလိုင် ၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ကြောင်းသိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မတ္တရာမြို့နယ်တွင် မဲပေးခွင့်ရှိသူစာရင်း ကြေညာ

**မတ္တရာ ဇူလိုင် ၁၀**

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် နေရာအတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်က ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကို ဇူလိုင် ၉ ရက်မှစ၍ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားကြောင်း သိရသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို မတ္တရာမြို့နယ်မှ ရှမ်းတိုင်းရင်းသားများနေထိုင်သည့် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ ရေနံ့သာ၊ စလေ၊ လက္ကောင်းကြီး၊ ရေကြည်၊ ဘေးမဲ့၊ သရက်တော၊ ပိုဝနှင့် ရွှေဘောင်ကျေးရွာအုပ်စုများရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြေညာထားပြီးဖြစ်ကာ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းများကို လာရောက်ကြည့်ရှုပြီး မဲစာရင်းတွင် မိမိအမည် မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည် စာရင်းထည့်သွင်းရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန် လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် အခမဲ့ထုတ်ယူနိုင်ပြီး ပုံစံများကို ဇူလိုင် ၂၂ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

မတ္တရာမြို့နယ်တွင် ယခုထုတ်ပြန်ကြေညာသည့် စာရင်းအရ ရှမ်းတိုင်းရင်းသားများနေထိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်စု ၁၂ ခု၌ မဲပေးခွင့်ရှိသူ ၂၁၇ ဦးရှိပြီး ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ပြီးစီးပါက အောက်တိုဘာလတွင် အတည်ပြုသည့်စာရင်းကို နောက်ဆုံးအကြိမ် ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ချပ်သင်းဘေးမဲ့တောနှင့် မြန်မာ့ရွှေသမင်များ ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေး

**ကန့်ဘလူ ဇူလိုင် ၁၀**

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မြန်မာ့ရွှေသမင်များ ရေရှည်တည်တံ့ရေးအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ဆက်စပ်ပတ်သက်သူများ၏ အကြံဉာဏ်ရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်စုပေါင်းရုံး ရွှေဆည်မြိုင်ခန်းမ၌ ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တောရိုင်းတိရစ္ဆာန်မိတ်ဆွေများအသင်း (Friends Of Wildlife - FOW)နှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီ(NEA)တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ကျွန်းလှမြို့နယ်မှ ဌာနဆိုင်ရာများ၊ ချပ်သင်းဘေးမဲ့တော အနီးဝန်းကျင်ရှိ ကျေးရွာ ၃၀ ကျော်တို့မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ခဲ့သည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက "အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ချပ်သင်းဘေးမဲ့တောနဲ့ မြန်မာ့ရွှေသမင်များထိန်းသိမ်းရေးလုပ်ငန်းမှာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲရာမှာ ထည့်သွင်းစဉ်းစား ပြင်ဆင်နိုင်ဖို့အတွက် လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲ ပြဿနာပေါင်းစုံကို ဝိုင်းဝန်းဖော်ထုတ်ပေးနိုင်ဖို့၊ ချပ်သင်းဘေးမဲ့တောနဲ့ မြန်မာ့ရွှေသမင်တွေကို ထိရောက်စွာ လုံခြုံမှုပေးနိုင်မယ့် ထိန်းသိမ်းရေးစီမံချက်တစ်ခု ရေးဆွဲရာမှာ အထောက်အကူဖြစ်စေမယ့် အချက်အလက်တွေ ရရှိနိုင်ဖို့၊ ချပ်သင်းဘေးမဲ့တောနဲ့ ရွှေသမင်များ ထိန်းသိမ်းရာမှာ ဒေသခံပြည်သူများအကြား ထိန်းသိမ်းမှု အသိအမြင်တွေ တိုးတက်မြင့်မားလာစေပြီး ဝိုင်းဝန်းပူးပေါင်းလာစေဖို့ ဖြစ်ပါတယ်"ဟု ပြောသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၁ ခုနှစ် ဇွန် ၁၉ ရက်တွင် အမိန့်ကြေညာစာအမှတ် ၁၇၇ ဖြင့် ကာကွယ်တောဧရိယာသတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်ဖွဲ့စည်းစဉ်က ဧက ၆၆၅၆၀ ကျယ်ဝန်းခဲ့ပြီး ဘေးမဲ့တောအတွင်း နှစ်ကာလ အတန်ကြာနေထိုင်ခဲ့သော ကျေးရွာသုံးရွာဖြစ်သည့် ဆင်ခေါင်းကျေးရွာ၊ ဆပ်သွားချောင်းကျေးရွာနှင့် ကျေးအင်းကျေးရွာများ၏ လယ်မြေ၊ ရွာမြေများနှင့် သာသနာ့မြေများ ၂၂၉၅ ဒသမ ၅၈ ဧကကို ဘေးမဲ့တောမြေအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ပေးခဲ့ရာ ယခုအခါ ၆၄၂၆၄ ဒသမ ၄၂ ဧက ကျန်ရှိပြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်နှင့် ကသာခရိုင် ကောလင်းမြို့နယ်တို့အတွင်း တည်ရှိနေသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ မြန်မာ့ရွှေသမင်များသည် ၂၀၀၀ ပြည့်နှစ်ခန့်က ကောင်ရေ ၃၀၀၀ ကျော်ခန့်ရှိခဲ့သော်လည်း ယခုအခါတွင် ၈၉၉ ကောင်ခန့်သာ ကျန်ရှိတော့ရာ မြန်မာ့ရွှေသမင်များမှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိသည်။ မြန်မာ့ရွှေသမင်များမှာ မြန်မာနိုင်ငံအတွင်းရှိ ချပ်သင်းနှင့် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင်သာ ရှိသည့် သတ္တဝါများဖြစ်သဖြင့် ယင်းတို့ မှီတင်းနေထိုင်လျက်ရှိသည့် မှီခိုတောများ ရေရှည်တည်တံ့ရေးအတွက် ဘေးမဲ့တောအဖြစ် သတ်မှတ်၍ စီမံအုပ်ချုပ်ထိန်းသိမ်းလာခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ချပ်သင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ပြောကြားသည်။



မျိုးသုဉ်းတော့မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသော မြန်မာ့ရွှေသမင်တစ်ကောင်။

ကမ္ဘာတွင် မြန်မာနိုင်ငံ၌သာရှိပြီး မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော မြန်မာ့ရွှေသမင်များနှင့် ယင်းတို့ မှီခိုရာတောများကို ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝပတ်ဝန်းကျင် ရေမြေ အပါအဝင် အခြားဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် အင်တိုင်းတော ဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းသွားရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဌာနတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်သွားရန်နှင့် ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး ဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# နတ်တလင်းမြို့၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

**နတ်တလင်း ဇူလိုင် ၁၀-** မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားခြင်း မရှိစေရေးအတွက် ပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ရှိ အောင်သူကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇူလိုင် ၉ ရက်က ကျင်းပခဲ့ပြီး တာပွန်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းလင်းဦး၊ ဒုရဲအုပ်ကျော်မောင်မောင်ဇင်နှင့် ဖလံကုန်းရဲကင်းမှူး ဒုရဲအုပ်အောင်စိုးမင်းတို့က သက်ငယ်မုဒိမ်းမှုများဖြစ်ပွားခြင်း မရှိစေရန် အုပ်ထိန်းသူများနှင့် ကလေးများကိုယ်တိုင် သတိပြုသင့်သည့်အချက်များကို ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ အလယ်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ ဝ၆၂



ရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုအဖြစ် ဇူလိုင် ၈ ရက်က ခန္တီးမြို့ ပေါမိုင်းရပ်ကွက်အတွင်း မြေနိမ့်ပိုင်းရှိ တောင်ကျရေနှင့် အင်းရေများ ဝင်ရောက်လျက်ရှိသော လူနေအိမ်များနှင့် မူလတန်းလွန်ကျောင်း၌ လက်တွေ့လေ့ကျင့်စဉ်။

ချန်လော (ခန္တီး)

# မဒေးကျွန်းပေါ်ရှိ ကျေးရွာသုံးရွာ ၂၄ နာရီလျှပ်စစ်မီးရရှိ

**ကျောက်ဖြူ ဇူလိုင် ၁၀**

ကျောက်ဖြူမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မဟာဓာတ်အားလိုင်းမှ မဒေးကျွန်းပေါ်ရှိ 66/11 kv, 40 MVA ဓာတ်အားခွဲစက်ရုံအတွင်းသို့ ဇူလိုင် ၇ ရက်က ဓာတ်အားလက်ခံရရှိခဲ့ပြီး ဇူလိုင် ၈ ရက်မှ စတင်ကာ မဒေးကျွန်းပေါ်ရှိ ကျေးရွာများဖြစ်သော ရွာမကျေးရွာ၊ ကျောက်တန်းကျေးရွာ၊ ပြိန်ကျေးရွာတို့ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ထို့အပြင် အထက်ပါကျေးရွာသုံးရွာရှိ အိမ်ထောင်စုပေါင်း ၆၅၇ စုအား ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးထား၍ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဗညားအောင်ဆန်းလင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်တို့က လျှပ်စစ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူလူထုများနှင့် တွေ့ဆုံကာ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လျှပ်စစ်ဆိုင်ရာ ဗဟုသုတများကို ရှင်းလင်း ပြောကြားခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။ ၁၅၇

# ထန်တလန်မြို့နယ် သီကီရ်ဆည်အတွင်း ငါးသားပေါက်မျိုးစိုက်ထည့်

**ထန်တလန် ဇူလိုင် ၁၀**

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် ထန်တလန်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်တို့၏ ဦးဆောင်မှုဖြင့် ထန်တလန်မြို့နယ်ရှိ သီကီရ်ဆည်အတွင်း ငါးသားပေါက်များကို ဇူလိုင် ၉ ရက်က မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သီကီရ်ဆည်အတွင်း ငါးသယံဇာတ တိုးပွားလာစေရေးအတွက် ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်းဖြစ်ပြီး ငါးသားပေါက်မျိုးစိုက်ထည့်ရာတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သီကီရ်ကျေးရွာရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သီကီရ်ဆည်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ကျေးလက်နေပြည်သူများ အင်အား ၃၇ ဦးခန့် ပူးပေါင်းပါဝင်ကာ ရွှေဝါငါးကြင်း၊ ငါးခုံးမ၊ မြက်စားငါးနှင့် ငါးမြစ်ချင်း စသည်ဖြင့် ငါးမျိုးစိတ်များ စုစုပေါင်း ငါးသားပေါက် ကောင်ရေ တစ်သိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ဖခင်အမည်မှန်

ဦးမောင်ငယ်၏သမီး သံဖြူဇရပ်မြို့နယ်၊ ဝဲကလီကျေးရွာအထက၊ တက္ကသိုလ်ဝင်တန်းမှ မနန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်း ၁၀/သဖရ(နိုင်)၁၁၅၁၉၁ ဖြစ်ပါကြောင်း။ **ဦးအောင်မင်း**

## ဖခင်အမည်မှန်

ဦးမောင်ညွန့်၏သမီး သံဖြူဇရပ်မြို့နယ်၊ ဝဲကလီကျေးရွာအထက၊ တက္ကသိုလ် ဝင်တန်းမှ မနှင်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးညွန့် ၁၀/သဖရ(နိုင်)၀၂၈၃၃၄ ဖြစ်ပါကြောင်း။ **ဦးညွန့်**

## ဖခင်အမည်မှန်

ဦးမျိုးမင်းဦး၏သမီး သံဖြူဇရပ်မြို့နယ်၊ ဝဲကလီကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်းမှ မဆည်းဆာ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဦး ၃/ကဆက(နိုင်)၁၀၈၀၂၉ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်ဦး**




## ပျောက်ဆုံးကြောင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မန္တလေး၊ ပြည်သူ့ဆိုင်အမှတ် (၇၂၅၈၉၇) မှုရင်းစာရွက်စာတမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးစိန်မောင်ထွန်း**
**ဖုန်း-၀၉-၇၈၇၅၃၀၅၉၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5517 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6731 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ မင်္ဂလာရာမလမ်း၊ အမှတ် ၁၂၃၉နေ မထက်ထက်ထွန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဒေါ်သီရိထက် ၅/ငဇန(နိုင်)၀၆၁၄၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်သီရိထက်သည် လူမှုကွန်ရက်စာမျက်နှာ Facebookတွင် Daw Thiri အမည်ဖြင့် Htet Htet Htun အမည် အသုံးပြုသည့် မထက်ထက်ထွန်းနှင့် ခင်မင်ရင်းနှီးခဲ့ပါသည်။ ထိုသို့ခင်မင်ရင်းနှီးခဲ့ရာမှ မထက်ထက်ထွန်းက ဒေါ်သီရိထက်ထံမှငွေကျပ် ၃၅ သိန်းပေးချေရသည့် လေလံစုကြေးမဲကို အမြတ်ငွေကျပ် ၁၅ သိန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း(၅၀)ပြန်လည်ရရှိမည့် စုကြေးအားဝယ်ယူခဲ့ပါသည်။ ဒေါ်သီရိထက်အနေဖြင့် ငွေကြေးများစွာ လိမ်လည်ခံရခြင်း၊ စုမဲအသင်းသားများမှ စုကြေးများထုတ်ယူပြီး ထပ်မံထည့်ဝင်မှုမရှိတော့ခြင်းတို့ကြောင့် မထက်ထက်ထွန်းအား ပေးရန်ငွေများကို ပေးဆပ်ရန် အခက်အခဲဖြစ်ပေါ်ခဲ့ပါသည်။ သို့ပါသော်လည်း အဆိုပါစုမဲအားအမြတ် ငွေကျပ် ၁၈၂၀၀၀၀/-ထပ်မံပေါင်းထည့်ပြီး ငွေကျပ် ၆၈၂၀၀၀၀/-ကို ဒေါ်သီရိထက်အား မထက်ထက်ထွန်းမှ ငွေယုံကြည်အပ်နှံထားကြောင်း စာချုပ်ချုပ်ဆို လက်မှတ်ထိုးစေခဲ့သည်ကို ဒေါ်သီရိထက်၏ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အရင်းအမြတ်ပေါင်းထည့်ပြီး ငွေယုံကြည်အပ်နှံကြောင်း ဟန်ဆောင်လက်မှတ်ထိုးထားခြင်းမှာ တည်ဆဲဥပဒေများနှင့် သွေဖည် ချုပ်ဆိုထားကြောင်း မထက်ထက်ထွန်းကိုယ်တိုင် သိရှိမည်ဖြစ်ပါသောကြောင့် အဆိုပါစာချုပ်အား အခြေပြုကာ ဒေါ်သီရိထက်အား ခြိမ်းခြောက်ခြင်း၊ တရားစွဲဆိုခြင်းများပြုလုပ်ပါက ဒေါ်သီရိထက်အနေဖြင့် မလွှဲမရှောင်သာ တရားတထုံး ပြန်လည်စွဲဆိုသွားမည်ဖြစ်ကြောင်း မထက်ထက်ထွန်းအား ဤကြေညာချက်ဖြင့် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးနေစည်သူဇော်**
**(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)**
**အမှတ်(၃၁၀/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

## ကျောက်တော်မြို့နယ်အသင်း(ရန်ကုန်) (၃၄)ကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲ

ကျောက်တော်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရှိကျောက်တော်မြို့နယ်သားအားလုံး(အသင်းဝင်ဖြစ်စေ-မဖြစ်စေ) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကပ်လှူပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၉-၇-၂၀၁၈ရက် (ကြာသပတေးနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၈း၃၀နာရီ
**ကျင်းပမည့်နေရာ** - ဟံသာဝတီကျောင်းတိုက်၊ ကိုးထပ်ကြီးဘုရားဝင်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

## CLAIMS DAY NOTICE

**M .V LOTUS LEADER VOY:NO(30)**

Consignees of cargo carried by M.V LOTUS LEADER VOY:NO(30) are here by notified that the vessel will arrive on about 15-7-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ အထက တက္ကသိုလ်ဝင်တန်း(မြတ်လေးခန်း)မှ မယုယုလွင်(A-4312) ဖခင်အမည်မှန်မှာ ဦးမြဆိုင် ၈/စလန(နိုင်)၁၁၁၉၈၆ ဖြစ်ပါကြောင်း။ **ဦးမြဆိုင်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၅)ရှမ်းတဲ တက္ကသိုလ်ဝင်တန်း(C)မှ မောင်လင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၉/မထလ(နိုင်)၀၄၅၉၉၃ ဖြစ်ပါသည်။ **ဦးနေဝင်း**

## ဖခင်အမည်မှန်

ဦးထွန်းကြိုင်၏သမီး သံဖြူဇရပ်မြို့၊ ဝဲကလီကျေးရွာ အထက နဝမတန်းမှ မခိုင်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးကြိုင် ၁၀/သဖရ(နိုင်)၀၈၅၅၀၅ ဖြစ်ပါကြောင်း။ **ဦးကြိုင်**

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ဦးခင်ချို ၁၂/ဥကတ(နိုင်)၀၂၃၉၅၁နှင့်ဒေါ်အေးအေးမော် ၁၂/ဥကတ(နိုင်)၀၀၅၆၆၅ တို့၏သား မောင်ဝေဖြိုးအောင်(ခ)ကိုသက် ၁၂/ဥကတ(နိုင်)၁၇၅၁၈၂သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏စိတ်ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးခင်ချို-ဒေါ်အေးအေးမော်**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ ပျဉ်းမချောင်းကျေးရွာနေ ဦးမြင့်သောင်း၏သား မောင်ဘိုဘိုဟန်နှင့် မောင်ဘိုဘို ၁၄/ဟသတ(နိုင်)၃၃၉၁၀၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁၁-၁၉၉၄ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5511၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ခနာကျေးရွာအုပ်စု ခနာကျေးရွာနေ ဦးအောင်၏သား ဦးလှဌေး ၇/ကဝန(နိုင်)၀၀၂၂၆၀ ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်ဌေး ဖြစ်ပါကြောင်း။ **ဦးမောင်ဌေး**

## အမည်ပြောင်း

အိမ်မဲမြို့နယ်၊ ထိန်ငူအုပ်စု၊ ကျင်သက်ကျေးရွာနေ ဦးစိုးမြင့်၏သား အထက(၂) အိမ်မဲတက္ကသိုလ်ဝင်တန်း(A)မှ မောင်ကြယ်စင်မိုးထက်လျှံဝေဖြိုး ၁၄/အမန(နိုင်)၁၉၀၈၅၇အား မောင်အာကာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အာကာဖြိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့နယ်၊ စအင်းရွာဟောင်းကျေးရွာနေ ဦးဆန်းလှကျော်၏သား မောင်ဉာဏ်ထက်မြတ်နှင့် မောင်ဉာဏ်ထက်ချေတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အိမ်မဲမြို့၊ အထက(၁) နဝမတန်း(ဃ)မှ မောင်ကိုကိုနိုင် (ကျောင်းဝင်အမှတ်-၂၂၃၈၂)၏ ဖခင်အမည်မှန်မှာ ဦးမြင့်အေး ၁၄/အမန(နိုင်)၀၇၁၄၇၅ဖြစ်ပါကြောင်း။ **ဦးမြင့်အေး**

## အမည်ပြောင်း

ဦးမြင့်မောင် ၉/မထလ(နိုင်)၀၆၁၁၈၉၏သမီး အထက(၂) လသာ တက္ကသိုလ်ဝင်တန်း(C)မှ မထက်အလင်္ကာအား ယနေ့မှစ၍ မဆုရွှေရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုရွှေရည်**

## ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မလှလှဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ထွန်း ၇/ရတရ(နိုင်)၀၈၇၀၇၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/4870 Hyundai Starex Mini Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဝင်းထွန်း ၁၂/ရကန(နိုင်) ၀၄၅၅၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/1578 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/9922 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/3669 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/9043 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ခြင်းမင်္ဂလာ

## ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်-ပြည်လမ်း၊ ရှမ်းစုရပ်ကွက် မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီ ကျောင်းတော်ကြီး၏ ဦးစီးပဓာန နာယက၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ အမှူးပြုသော ကျောင်းတော်ကြီးအတွင်း၌ ဝါဆိုဝါကပ်တော်မူကြကုန်သော စာချ၊ စာသင် သံဃာတော်အရှင်သူမြတ်(၁၃၆)ပါးနှင့် ပင့်သံဃာတော်အရှင်သူမြတ်အပါး(၃၀)တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း သာမဏေကျော်ပွဲ၏ သာသနာ့အာဇာနည် အရှင်အဂ္ဂသာမီလင်္ကာရ၊ အရှင်အဂ္ဂဝံသာလင်္ကာရ၊ ရှင်အာလောကာလင်္ကာရ အရှင်သူမြတ်(၃)ပါးနှင့် စာအောင်သံဃာတော် အရှင်သူမြတ်(၅၁)ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်လှူဒါန်းခြင်း ကုသိုလ်ကောင်းမှုမင်္ဂလာပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ကျောင်းဒါယကာကြီး(ဦးထွဋ်လတ်)-ကျောင်းဒါယိကာမကြီး သုဓမ္မသီဂီ ဒေါ်မြရွှေ (မိုးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု) မိသားတစ်စုတို့က သာသနာတော်နှစ် ၂၅၆၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆို လဆန်း ၃ရက်၊ ၁၅-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် လှူဒါန်းပူဇော် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေများလည်း ကျွန်တော်၊ ကျွန်မတို့နှင့်အတူ သာဓုအနုမောဒနာတရား နာယူကြည်ညိုပူဇော်နိုင်ပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**(ဦးထွဋ်လတ်)-သုဓမ္မသီဂီဒေါ်မြရွှေ**
**(မိုးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု)**
**မိသားစု**

## (အနောက်) စွန်းလွန်းဂူဝိပဿနာကျောင်း အင်းတကော်မြို့ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

အင်းတကော်မြို့(အနောက်) စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်အတွင်း ဝါဆို၊ ဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ(ဆရာတော် ဦးမဟာနာမ်) အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား (၁၃၈၀ပြည့်နှစ် ဝါဆိုလပြည့်နေ့) ၂၇-၇-၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀နာရီတွင် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ပါသဖြင့် လှူဒါန်းလိုသူများ၊ အလှူရှင်များ၊ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

### အမည်မှန်နှင့်ဖခင်အမည်မှန်

ခိုလမ်မြို့၊ အထက တက္ကသိုလ်ဝင်တန်း (Eco)မှ နန်းခမ်းယုံ၏ အမည်မှန်မှာ နန်းလင်းခမ်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးနန္ဒ ၁၃/ကသန (နိုင်)၀၀၂၇၁၀ ဖြစ်ပါကြောင်း။
**ဦးနန္ဒ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဆန်း ၁၃/ဖခန(နိုင်)၀၂၇၇၂၄ ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၇)၊ စတုတ္ထတန်း(က)မှ နန်းဇူလိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးကြည်ဝင်း ၁၃/တကန(နိုင်)၀၇၀၆၂၉ ဖြစ်ပါကြောင်း။
**ဦးကြည်ဝင်း**

### အမည်မှန်နှင့်ဖခင်အမည်မှန်

ပင်းတယမြို့၊ မဲနယ်တောင်၊ အထက(ခွဲ) နဝမတန်းမှ မမြသစ်၏ အမည်မှန်မှာ မသူဇာအောင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဘသိန်း ၁၃/ပတယ(နိုင်)၀၄၂၉၀၅ ဖြစ်ပါကြောင်း။
**မသူဇာအောင်၊ ဦးဘသိန်း**

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းထွေး၏ ဖခင်အမည်မှန်မှာ ဦးဟန်စိန် ၁၃/တကန(နိုင်)၀၆၇၅၇၅ ဖြစ်ပါကြောင်း။
**ဦးဟန်စိန်**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၀)၊ တက္ကသိုလ်ဝင်တန်း(က)မှ နန်းခမ်းလေ၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်ပွန် ၁၃/ဆဆန(နိုင်)၀၁၉၁၀၂ ဖြစ်ပါကြောင်း။
**ဦးခွန်မောင်ပွန်**

### အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ ဘန့်ကွေးကျေးရွာ၊ ကုန်းညွန့်အလက၊ တတိယတန်းမှ မဆုသိန်းပြည့်အား ယနေ့မှစ၍ မနန်းဆိုင်မွန်းဟုပြောင်းလဲခေါ်ပါရန်။
**မနန်းဆိုင်မွန်း**

### မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ အဌမတန်း(က)မှ မောင်အောင်သူဟိဏ်း၏ မိဘအမည်မှန်မှာ ဦးခင်မောင်အေး ၉/ပမန(နိုင်)၁၈၃၄၄၆ နှင့် ဒေါ်နှင်းနှင်းသော် ၁၃/တကန(နိုင်)၂၁၀၈၆၈ ဖြစ်ပါကြောင်း။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | မောင်သီဟမောင်လွင်(၁)နှစ်ပြည့် မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၂။ | နှစ်ဖက်သော ဘိုးဘွားမိဘညီအစ်ကိုမောင်နှမများနှင့် ဇနီး ဒေါ်ခင်ဝင်းတို့အားရည်စူး၍ ကိုသက်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃။ | သမီးလေးသဲဆုဖြူအောင်ကြီး(၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကောင်းမှု | ၁၀၀၀၀၀ |
| ၄။ | ဒေါက်တာမြတ်လေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅။ | ဦးကောသလ္လ၊ တပ်တွင်းပရိယတ္တိစာသင်တိုက်၊ (၆)ရပ်ကွက် | ၁၀၀၀၀၀ |
| ၆။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်အဲအီအားရည်စူး၍ သမီးကြီးဒေါ်ရင်ကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇။ | မိခင်ကြီး ဒေါ်အေး(စွန်းလွန်း၊ မြင်းခြံ) ကွယ်လွန်ခြင်း(၁၀)နှစ်ပြည့်အား ရည်စူး၍ သားဖွားမီးယပ် ဆရာဝန်ကြီး(ဒေါက်တာဦးထွန်းကြည်)-ဒေါ်ခင်မြင့်မိသားစုကောင်းမှု | ၁၁၁၁၀၀ |
| ၈။ | ဦးစိုးမြ-ဒေါ်စိုးညွန့်တို့အားရည်စူး၍ ဦးရဲစိုး-ဒေါ်တင်တင်ဝင်း သားသမီးမြေးများကောင်းမှု | ၃၀၀၀၀၀ |
| ၉။ | နှစ်ဖက်သောမိဘများကို အမှူးထား၍ ဗိုလ်ကြီးမျိုးမြင့်ခိုင်(ငြိမ်း)-ဇနီးဒေါ်နှင်းနှင်းဥ သားများ မောင်ခန့်ခိုင်မျိုးနှင့် မောင်ပြည့်ပိုင်မျိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀။ | ဦးအောင်ဝင်း-ဒေါ်ညွန့်ညွန့်တင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၁။ | ဒေါ်ရီရီရွှေ မွေးနေ့အလှူနှင့် သားသမီးမြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၁၂။ | ဦးသန်းမြင့် (ညောင်ဦးမြို့) (၇၆)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၂၀၀၀၀ |
| ၁၃။ | ဒေါ်မြရီ အသက်(၈၈)နှစ်ပြည့် မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ |
| ၁၄။ | ဦးစောမြ-ဒေါ်စိန်နု မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၅။ | ဦးကျော်ထွဏ်း-ဒေါ်စန်းမြင့်နှင့် သားသမီးမြေးများကောင်းမှု အင်းစိန်မြို့နယ် | ၁၀၀၀၀၀ |
| | **စုစုပေါင်း** | ၂၁၃၁၁၀၀/- |

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အထက(၄)မှ (ဘ)ဦးခင်မောင်ထွန်း၏သမီး မမေသဇင်ဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၈-၂၀၀၆ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၂၂၃၂ TARBO 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စုစုအောင် ၅/စကန(နိုင်)၁၉၃၀၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## ဇလွန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲအမှတ်(၉၆)ဓမ္မရိပ်သာကြီးတွင် (၉၇)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး(၄၅)ရက် တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလကွယ်နေ့) ၁၁-၈-၂၀၁၈ရက်မှ တော်သလင်းလပြည့်နေ့၊ ၂၄-၉-၂၀၁၈ရက်အထိ (၉၇)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး (၄၅)ရက် တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ(၄၅)ရက်တရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယ အင်းမမြို့ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးသာဂရ အရှင်သူမြတ် ဇလွန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၉၆)ဆရာတော် ဦးသြဘ အရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်တို့မှ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် နေရာမလပ် ရှုပွားနည်း သင်ကြားပြသမည် ဖြစ်ပါသောကြောင့် တရားဝင်ရောက်အားထုတ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်မှ လိုက်ပါလိုသော ယောဂီများသည် ဆရာကြီးဦးကျော်စိန် ဖုန်း-၀၉-၂၅၇၈၆၆၇၈၄၊ ၀၉-၂၅၀၀၂၇၅၁၈၊ ၀၉-၇၈၂၇၁၄၃၄၆ ထံသို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ**
**အမှတ်(၉၆)၊ ဇလွန်မြို့**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဝေယျာဝစ္စအတွက် ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | ဦးရဲထွန်းလှ(၅၀)နှစ်ပြည့်နှင့် ဒေါ်မိုးသူဇာဦး (၄၇)နှစ်ပြည့်မွေးနေ့ရှင်များကောင်းမှု | ၃၈၅၀၀၀ |
| ၂။ | သမီးလေးသဲဆုဖြူအောင်ကြီး၏ (၄)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ |
| ၃။ | ဒေါ်ခင်သီတာရီမွေးနေ့ကောင်းမှု | ၁၅၀၀၀၀ |
| ၄။ | ဖရားဖွန်မွန်ခွန် အဂ္ဂမဟာပဏ္ဍိတသီရိမင်္ဂလာကျန် (အာ-ကျန်-တောင်) ဝိပဿနာဆိုင်ရာ သံဃာဂိုဏ်း၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ | ၂၂၀၀၀၀ |
| ၅။ | ကွယ်လွန်သူ ဖခင်ကြီးဦးမြင့်စိုး (၄)နှစ်ပြည့်အားရည်စူး၍ ဇနီးဒေါ်ကြည်ကြည်နှင့် သားသမီးမြေးတစ်စုကောင်းမှု | ၃၂၀၀၀၀ |
| ၆။ | ဦးမောင်မောင်စိုး-ဒေါ်တင်တင်ကြည်တို့၏ (၃၁)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်ကောင်းမှု | ၄၈၀၀၀၀ |
| ၇။ | ကွယ်လွန်သူဒေါ်အဲအီ ရက်လည်ဆွမ်းဆက်ကပ်ခြင်း | ၁၀၀၀၀၀ |
| ၈။ | (ဦးရန်အောင်မြင်)-ဒေါ်မိမိအောင်၊ သမီးဒေါက်တာငြိမ်းထက်ရန်၊ ဒေါက်တာသဲသုသုရန် မိသားစုကောင်းမှု၊ စမ်းချောင်းမြို့နယ် | ၁၄၀၀၀၀ |
| ၉။ | ဦးဝင်းမော်ငြိမ်း-ဒေါ်ခင်ခင်ရီမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀။ | ဦးစိုးမြ-ဒေါ်စိုးညွန့်တို့အားရည်စူး၍ ဦးရဲစိုး-ဒေါ်တင်တင်ဝင်းသားသမီးမြေးများကောင်းမှု | ၂၀၀၀၀၀ |
| ၁၁။ | မန္တလေးတိုင်း၊ တံတားဦးဆရာတော် ဘဒ္ဒန္တဝါယာမ (ဝိနည်းမိုရ်ဆရာတော်)ကောင်းမှု | ၂၀၀၀၀၀ |
| ၁၂။ | မနီစစ်အောင်မွေးနေ့ကောင်းမှု | ၁၅၀၀၀၀ |
| ၁၃။ | သရေစည်သူရွှေနေချုပ် ဦးအေးမောင်(ငြိမ်း)-ဒေါ်ခင်မြမြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၄။ | ဦးအေးသန်း-ဒေါ်မြင့်မြင့်အုန်းမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၅။ | (ဦးသန်းရွှေ)-ဒေါ်နီ၊ သမီး မနုနုဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၆။ | ကွယ်လွန်သူ ဒေါ်ယဉ်ယဉ်မြင့်အားရည်စူး၍ ခင်ပွန်းဦးယုကြည်နှင့်မိသားစုကောင်းမှု | ၂၆၅၀၀၀ |
| ၁၇။ | ဒေါက်တာဉာဏ်ထွဋ်-(ဒေါက်တာခင်မာလာဝင်း) မိသားစုကောင်းမှု | ၃၂၀၀၀၀ |
| ၁၈။ | ဦးမျိုးမင်းကြွယ်-ဒေါ်ခင်ချောစုလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၉။ | ကွယ်လွန်သူနှစ်ဖက်မိဘများဖြစ်ကြသော ဦးသန်းဖေ-ဒေါ်မြရီ၊ ဦးမောင်ကြည်-ဒေါ်ရင်ကြည်တို့အားရည်စူး၍ ဗိုလ်ချုပ်ဖေယျကျော်ထင်ဝင်းသန်း(ငြိမ်း)-ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း)၊ သားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ |
| ၂၀။ | ကွယ်လွန်သူ မိခင်ကြီးဒေါ်မာကွယ်လွန်ခြင်း (၅)နှစ်ပြည့်အားရည်စူး၍ သမီး ဒေါ်မာမာခိုင်မိသားစုကောင်းမှု | ၂၄၀၀၀၀ |
| ၂၁။ | ဦးထွန်းထွန်းဦး-ဒေါ်မိမိဇော်မိသားစု၊ ဦးထွန်းထွန်းဦး၏ (၅၉)နှစ်ပြည့် မွေးနေ့ကောင်းမှု | ၁၅၀၀၀၀ |
| ၂၂။ | ဦးကျော်ထွဏ်း-ဒေါ်စန်းမြင့်နှင့် သားသမီးမြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၂၃။ | ဗိုလ်မှူးကြီးမြတ်သူ(ငြိမ်း) ဒု-ညွှန်ချုပ်၊သသန(ငြိမ်း)-ဒေါ်မေပုလဲဖံတို့၏ (၃၈)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ကောင်းမှု | ၂၀၀၀၀၀ |
| ၂၄။ | ဦးလှမြင့်ဆွေ-ဒေါ်ဆွေဆွေရှိန်မိသားစု၊ ဒေါ်ဆွေဆွေရှိန်၏(၇၀)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၄၇၀၀၀၀ |
| ၂၅။ | ဖခင်ဗိုလ်မှူးလှရင်နှင့်တကွ ဆွေမျိုးများအားရည်စူး၍ ဒေါ်ခင်စု (ဆန်းဝင်းရွှေဆိုင်)မိသားစုကောင်းမှု | ၂၅၀၀၀၀ |
| | | ၅၆၉၀၀၀၀/- |

**ဖုန်း-၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၉၄**

**ဖခင် အမည်မှန်**
လားရှိုးမြို့၊ အထက(၃)၊ နဝမတန်း(ဃ)မှ မဖြူဖြူသဇင်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မှုရင်းအရ ဦးအောင်ဆွေဦး ၁၃/လရန(နိုင်)၁၀၈၈၆၉ ဖြစ်ပါသည်။ **ဖုန်း-၀၉-၄၀၃၇၁၈၉၇၁**

### ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ အထက ဆိပ်ခွန် တက္ကသိုလ်ဝင်တန်း(က)မှ မခင်မွန်မွန်သော်၏ ဖခင်အမည်မှန်မှာ ဦးညိုအေး ၅/ရဘန(နိုင်)၁၁၃၀၁၂ ဖြစ်ပါကြောင်း။
**ဦးညိုအေး**

### ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ အထက၊ ဆိပ်ခွန်၊ နဝမတန်း(ခ)မှ မောင်သက်ထက်စံ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ဖြစ်ပါကြောင်း။
**ဦးသန်းဝင်း**

### ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ လက်ပန်ရွာ၊ အထက(ခွဲ)၊ ကျောင်းဝင်အမှတ် (က-၀၈၄) ပဥ္စမတန်း(B)မှ မောင်မျိုးမြင့်ကို၏ ဖခင်အမည်မှန်မှာ ဦးဒါမှတ်လီ ၉/ကဆန(နိုင်)၁၇၀၁၈၇ ဖြစ်ပါကြောင်း။
**ဦးဒါမှတ်လီ**

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ တတိယတန်း(A)မှ မောင်စိုင်းအောင်ညွန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၁၃/သပန(နိုင်)၀၇၁၆၆၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

နမ္မတီး၊ သကြားစက်၊ အလက (စက်ဝင်း)၊ သတ္တမတန်း(B)မှ မရှင်းသန့်ဦး၏ ဖခင်အမည်မှန်မှာ ဦးရန်နောင်ထွန်း ၉/မထလ(နိုင်)၀၀၆၆၈၈ ဖြစ်ပါသည်။

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဆိုင်းခေါန် ၁/မကန(နိုင်)၀၉၈၇၄၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၇၈၄၃**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မဇူးဇူးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းလှိုင် ၇/နတလ(နိုင်)၁၁၀၄၆၆ ဖြစ်ပါကြောင်း။
**ဦးတင်ဝင်းလှိုင်**
**၇/နတလ(နိုင်)၁၁၀၄၆၆**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မစုမေကျော်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုဝင်း ၇/နတလ(နိုင်)၀၇၇၀၄၁ဖြစ်ပါကြောင်း။ **ဦးကိုကိုဝင်း**

### ဖခင်အမည်မှန်

အထက(၁)၊ ကွမ်းခြံကုန်း တက္ကသိုလ်ဝင်တန်း(D)မှ မစုစုဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလတ် ၁၂/ကခက(နိုင်)၀၆၆၁၂၁ ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းလတ်**

### ဖခင်အမည်မှန်

သန်လျင်မြို့နယ်၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ကျော်နိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်စာရင်းအရ ဦးရာမစ် ၁၂/သလန(နိုင်)၀၇၅၃၃၀ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၁)၊ အဌမတန်းမှ မောင်အောင်ခန့်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးချို ၉/မထလ(နိုင်)၁၆၈၆၃၄ဖြစ်ပါကြောင်း။

### ကန့်ကွက်ရန်ကြော်ငြာ

သာကေတမြို့နယ်၊ ရတနာလမ်း သစ်အိမ်ရာ၊ တိုက်အမှတ် ၁၂၊ အခန်းအမှတ် ၂၀၂ကို ပိုင်ဆိုင်သူ ဗိုလ်မှူးကြီးမြင့်စိုး (ကြည်း-၁၉၃၆၄)ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဗိုလ်မှူးစိုးအောင်ကျော်(ငြိမ်း) ၁၂/မဂဒ(နိုင်)၀၈၄၈၈၉မှ ပိုင်ရှင်အမည်ပြောင်း လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဖခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ) လောပိတ-ရှမ်းရွာ၊ တတိယတန်းမှ မစုမြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၁၃/ကတန(နိုင်)၀၂၅၁၉၃ ဖြစ်ပါကြောင်း။ **ဦးမြင့်စိုး**

**ဖခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်စိုးမင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ဝင်းခိုင် ၂/လကန(နိုင်) ၀၆၃၆၈၀ ဖြစ်ပါကြောင်း။ **ဦးလှိုင်ဝင်းခိုင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

လှိုင်ကော်မြို့၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် မငြိမ်းသူဇာ၏ မိခင် ဒေါ်မာလာ(ခ)သီတာဝင်း(ခ)ဒေါ်နော်မာလာ ၁၃/ဖခန(နိုင်)၀၁၉၅၉၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မာလာ(ခ)သီတာဝင်း(ခ)ဒေါ်နော်မာလာ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၀ယ/၇၇၇၉ Yunde 110 MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမွန်ကျော် ၁၄/မမက(နိုင်)၁၆၀၉၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁ယ/၁၂၅၉၁ Honda C 90 Custom CMS ယာဉ်အမည်ပေါက်သူ ဦးကျော်မောင်း ၁၂/လမန(နိုင်)၀၆၄၇၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

VICTORIA UNIVERSITY COLLEGE

ENJOY SUCCESS

ISO 9001: 2015 CERTIFIED

# VICTORIA UNIVERSITY COLLEGE

ENJOY LEARNING • ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။

နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

ဖွင့်လှတန်းခွဲများတွင် ကန့်သတ် ကျောင်းသားဦးရေ ပြည့်မီသွားပြီဖြစ်ပါသဖြင့် တန်းခွဲအသစ်ကို ဇူလိုင်လ တတိယအပတ်တွင် ဆက်လက် ဖွင့်လှစ်ပေးပါမည်။

အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန

ရန်ကုန် - အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး - အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၈)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။

## ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်. . . . .

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တက်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြစို့ !







METRO
IT & Japanese Language Centre

2018 July 20 ရက်တွင်ဖွင့်လှစ်မည့် IT Course တန်းခွဲသစ်အတွက်

**ကျောင်းအပ်လက်ခံနေပါပြီ**

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး

IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏

IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့်

*" Only One School in Myanmar "*

**09-976334160, 09-262007900**

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်**

# THE LAST CHANCE SEMINAR

**14th July 2018 ( Saturday ) 1:00 pm ~ 3:00 pm**

စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။ ကျောင်းသားကျောင်းသူများအတွက် Free Trial Lecture များကို တက်ရောက်သင်ယူနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်းဒါယကာကြီး**
## ဦးတင်မောင်ဆွေ (ခရမ်းမြို့)
**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)**
**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမက(၁၀)ကျောင်းလမ်း၊ (၆)မိုင်ခွဲ၊ အမှတ်(၃၁/ဒီ)နေ ဒေါ်ခင်သန်းနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်စိုးမီမီအောင်၊ ဦးသက်ဆွေ (အထွေထွေမန်နေဂျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်နီလာထွန်းတို့၏ချစ်လှစွာသောဖခင်ကြီး ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီရီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်းဒါယကာကြီး**
## ဦးတင်မောင်ဆွေ (ခရမ်းမြို့)
**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)**
**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ အမက(၁၀)ကျောင်းလမ်း၊ အမှတ် ၃၁(ဒီ)နေ ဒေါ်ခင်သန်းနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်စိုးမီမီအောင်၊ဦးသက်ဆွေ(အထွေထွေမန်နေဂျာ၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်နီလာထွန်း၊ ဦးကြည်ဆွေ-ဒေါ်ဆွေဆွေလှ၊ ဗိုလ်မှူးဟန်ဆွေ-ဒေါ်စုမြတ်မွန်၊ ဦးသန်းဆွေ-ဒေါ်ဥမ္မာသီတို့၏ချစ်လှစွာသောဖခင် ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့သတင်းစဉ် စာတည်းမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

---

# ဝမ်းနည်းကြေကွဲခြင်း
# ဦးတင်မောင်ဆွေ (ခရမ်းမြို့)
## အသက်(၈၈)နှစ်

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသက်ဆွေ၏ဖခင် ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)**

---

## ဒုတိယဗိုလ်မှူးကြီးတင်အောင်မိုး
**မေ့ဆေးပါရဂူ/ဌာနမှူး**
**တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၁)**
**အသက်(၄၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ (၂)ရပ်ကွက်၊ သရဲသမိန်ကျေးရွာနေ ဦးမြလှိုင်-ဒေါ်သန်းသန်းဦးတို့၏သား၊ ဦးညီညီအောင်-ဒေါ်ယုယုခိုင်(ထ-၃၊ တာမွေ)တို့၏အစ်ကို၊ ခင်လပြည့်ဝန်း၏ဘကြီး၊ နေပြည်တော်၊ တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ၊ မေ့ဆေးဌာနနှင့်ခွဲစိတ်ခန်းမကြီးမှ ပါရဂူ/ဌာနမှူး ဒုတိယဗိုလ်မှူးကြီးတင်အောင်မိုးသည် ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် တပ်မတော်စစ်သင်္ချိုင်း(ကွေ့ကြီးသုသာန်)၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ငြိမ်းအေးဇရပ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒုတိယဗိုလ်မှူးကြီးတင်အောင်မိုး
**မေ့ဆေးပါရဂူ/ဌာနမှူး**
**တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၁)**
**အသက်(၄၄)နှစ်**

ဆရာများအတွက် တပည့်ကောင်း၊ တပည့်များအတွက် ဆရာကောင်း၊ လူနာများအတွက် သမားတော်ကောင်း၊ အမိန့်နာခံမှုကောင်းပြီး စိတ်ရင်းနှလုံးဖြူစင်ကောင်းမွန်သော လုပ်ဖော်ကိုင်ဖက်ကောင်းတစ်ဦး ကွယ်လွန်သွားခြင်းအတွက် နှမြောတသဖြစ်ရပြီး ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မှူးနှင့် တပ်မိသားစုများ**
**တပ်မတော် သားဖွားမီးယပ်နှင့်ကလေးဆေးရုံ၊ နေပြည်တော်**

---

# ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတက္ကသိုလ်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ပါဠိအကြိုသင်တန်း (သတ္တဗေဒ)မှ မတင်အိချို၏ ချစ်လှစွာသောဖခင် ဦးတင်သိန်းသည် ၈-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)နှင့် သတ္တဗေဒမိသားစုများ**
**မန္တလေးတက္ကသိုလ်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ ကျောင်းအလှူ ဒါယိကာမကြီး**
## ဒေါ်ခင်အေး အသက်(၉၃)နှစ်
**(စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးဘစော-ဒေါ်စောတင်)တို့၏သမီး၊ (ဦးထွန်းဇင်-ဒေါ်ညိမ်း)တို့၏သမီးချွေးမ၊ (ဦးဘမောင်၊ စိုက်ပျိုးရေးဝန်မင်း)၏ချစ်လှစွာသောဇနီး၊ ခေတ္တ ကနေဒါနိုင်ငံနေ ဒေါ်ခင်သန်းမြင့်[လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း]၊ ဒုတိယဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း)-ဒေါ်ခင်သန်းငွေ(ကျောင်းဆရာမ၊ ငြိမ်း)၊ ဦးချစ်ကိုကို(ဒုတိယဦးစီးမှူး၊ ငြိမ်း၊ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်အေးအေးမြင့်၊(ဒေါက်တာကျော်ဦး)-ဒေါက်တာကြည်ကြည်မာ (တာဝန်ခံဆရာဝန်၊ ငြိမ်း၊ လူမှုဖူလုံရေးဆေးခန်း)၊ ဦးစိုးမြင့်(လက်ထောက်မှတ်ပုံတင်အရာရှိချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)-ဒေါ်ရီရီမာ(ဦးစီးအရာရှိ-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဒုတိယဗိုလ်မှူးကြီးအောင်သန်းထူး(ငြိမ်း)-ဒေါ်သီသီမာ(မကွေးတိုင်းဒေသကြီး၊ဥပဒေအရာရှိ)တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့)ည ၁၁း၂၀နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊သီရိမင်္ဂလာလမ်း၊ အမှတ် ၅ နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါတောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မကွေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်သီသီမာ၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်အေး အသက်(၉၃)နှစ်သည် ၉-၇-၂၀၁၈ရက် ည ၁၁း၂၀နာရီတွင် ရန်ကုန်မြို့ အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့်**
**ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ၊**
**မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မကွေးမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

မကွေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်သီသီမာ၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်အေး အသက်(၉၃)နှစ်သည် ၉-၇-၂၀၁၈ရက် ည ၁၁း၂၀နာရီတွင် ရန်ကုန်မြို့ အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် ဥပဒေအရာရှိများ၊**
**ရုံးဝန်ထမ်းများ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းမြ
**(နိဗ္ဗာန်ကုန်ဆိုင် တောင်ဘက်မုခ်)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ အမှတ် ၄၃နေ ဒေါ်ခင်ပိုက်၏ညီမ၊ ဦးအောင်ကြိုင်-ဒေါ်နော်ထူးတို့၏အစ်မ၊ ဦးအုန်းသွင်-ဒေါ်ခင်အုန်း၊ ဦးရဲရှိန်စိုး-ဒေါ်ခင်ချိုဦး၊ ဦးတိုးမြတ်ဇော်-ဒေါ်စန်းစန်းဝင်း(တိုးနိဗ္ဗာန်ကုန်ဆိုင်)၊ (ဦးမြင့်ဦး)၊ ဦးအောင်စိုးမိုး-ဒေါ်ရွှေခင်ဝင်းတို့၏မိခင်၊ မြေးတစ်စုတို့၏အဘွားသည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးသန်း
**စိုက်ပျိုးရေးဦးစီးဌာန(ငြိမ်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက် ၅၊ အခန်းအမှတ် ၄၀၂နေ ဦးစိန်ထွန်း (လက်ရာမွန်မြန်မာမှု-မင်းဓမ္မ)၏ ဇနီး၊ မမျိုးမျိုးထွန်း (C.F.O Htoo Group of Companies) ၏မိခင်သည် ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးအောင်
**(B.Sc, H.G.P, R.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၅၀၃၆/၁၉၈၉)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့နေ (ဦးသန်းအောင်-ဒေါ်ခင်မြသန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဿဖယားလမ်း၊ အမှတ် ၅၉ (လေးလွှာ) နေ ဦးမျိုးရွှေ(အထက်တန်းရှေ့နေ)၏ဇနီး၊ မမြတ်နိုးမေ( Victoria University)၊ မမြတ်နိုးဝေတို့၏မိခင်သည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးအောင်
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့နေ [ဦးသန်းအောင် (ရေနံ့သာ)-ဒေါ်ခင်မြသန်း]တို့၏ သမီး၊ ဦးမြင့်အောင်(ခ)မောင်မောင်-ဒေါ်တင်မာဝင်း၊ (ဦးကျော်ဇော၊ တရားလွှတ်တော်ရှေ့နေ)-ဒေါ်စိမ်းစိမ်းရွှေ(ခ)မဝါ၊ (ဦးဓမ္မသာမိ)တို့၏ ညီမ၊ ဒေါ်စိုးစိုးအောင် (အထက်တန်းပြ၊ အထက-၄၊ မြောက်ဒဂုံ)-ဦးအောင်ထွန်းကျော်တို့၏အစ်မ၊ ဒေါက်တာခင်ဇာကျော်ဇော၊ ဦးမင်းရဲကျော်ဇော-ဒေါ်မျိုးမျိုးသန့်၊ ဒေါက်တာရီလွင်ကျော်ဇော၊ ဦးညီလွင်ကျော်ဇော၊ ဦးကျော်ကိုကိုကျော်ဇော-ဒေါ်ယုသဲခိုင်၊ ဒေါ်နီနီအောင်-(ဦးကျော်မြင့်ဦး)၊ ဦးသီဟအောင်-ဒေါ်နိုးနိုးဝေ၊ ဒေါ်မီမီမောင်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဗဟန်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေမေသစ်
**အငယ်တန်းလက်ထောက်**
**မြန်မာ့သစ်လုပ်ငန်း**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀-ဘီ)နေ ဦးတင်မောင် (၃) (အကောက်ခွန်၊ လက်ထောက်ညွှန်မှူး၊ ငြိမ်း)-(ဒေါ်စန်းမြင့်)တို့၏သမီး၊ ဦးသက်နိုင်၊ ဒေါ်ဝင်းစန္ဒာတို့၏ညီမ၊ဒေါက်တာသန်းနွဲ့(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၏အစ်မသည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**သထုံမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်မေမေသစ်
**အငယ်တန်းလက်ထောက်**
**မြန်မာ့သစ်လုပ်ငန်း**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀-ဘီ)နေ အသင်းဝင်အမှတ်(၁၂၆၃) ဦးတင်မောင် (၃) (အကောက်ခွန်၊ လက်ထောက်ညွှန်မှူး၊ ငြိမ်း)-ဒေါ်စန်းမြင့်တို့၏သမီးသည် ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**မြေပုံမြို့နယ်အသင်း(ရန်ကုန်)**
## ဦးအေးကျော်
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၁လမ်း၊ အမှတ် ၅၇နေ ဒေါ်ရည်မေ(အသင်းဝင်)၏ခင်ပွန်း၊ မမိုးမိုးထက်ကျော်၏ဖခင်၊ [ဦးလှထွန်းဦး (ဥက္ကဋ္ဌဟောင်း) - ဒေါ်သိန်းရှင်]တို့၏ သားသမက်သည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးစောငြိမ်း
**အသက်(၅၃)နှစ်**

မော်လိုက်မြို့နယ်၊ ဖက္ကဇတ်ကျေးရွာနေ (ဦးမြမောင်-ဒေါ်သန်းကြည်)တို့၏သား၊ ကိုခင်မောင်အေး၊ မနုနုဝင်း၊ မပေါက်တို့၏အစ်ကို၊ ဦးစောနိုင်-ဒေါ်ပြုံးကြည်တို့၏သား၊ ဒေါ်မြင့်မြင့်ကြွေ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးသူကျော်-မသဲသဲတို့၏ဖခင်သည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးဘိလီနေဝင်း
**(လက်ထောက်သုတေသနအရာရှိ)**
**အသက်(၄၅)နှစ်**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သစ်တော သုတေသနဌာနဝင်းအတွင်းနေ (ဦးနေဝင်း)-ဒေါ်နော်ဒေါလီတို့၏သား၊ ဒေါ်လီလီနေဝင်း၊ ဒေါ်လူစီနေဝင်း၊ ဒေါ်ချယ်ရီနေဝင်း၊ ဒေါ်ခရစ္စတီနေဝင်းတို့၏မောင်၊ ဒေါက်တာရိစီနေဝင်း၏အစ်ကို၊ ဒေါ်လုမိုင်၏ သားသမက်၊ ဒေါ်နော်လှလှအေး၏ချစ်လှစွာသောခင်ပွန်း၊ စောဟင်နရီနေဝင်း၏ချစ်လှစွာသောဖခင်သည် ၉-၇-၂၀၁၈ရက် မွန်းလွဲ ၁၂း၁၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးရဲလွင်
**(မစ္ဆိမလှိုင်း/ပန်းရဲ့လမ်း)**
**အသက်(၇၁)နှစ်**

(ဦးမောင်မောင်-ဒေါ်ကြိုင်)တို့၏သားငယ်၊ (ဒေါ်ရှုမေ-ဦးဝင်းဖေ)၊ (ဒေါ်ဝင်းမြ-Rev.ဦးမြင့်လှ)၊ ဒေါ်တင့်ချို-ဦးအောင်သန်း၊ (Dr.ဒေါ်မေကြည်-ဦးတင်လတ်)၊ ဒေါ်ယဉ်ယဉ်မေ-(ဦးတင်မောင်)၊ ဒေါ်ခင်လေးမြင့်-(ဗိုလ်မှူးခင်မောင်မြင့်)၊ ဦးအေးဇော်-ဒေါ်လှဝင်းမေတို့၏ညီ/မောင်၊ ဒေါ်တင်တင်ထွေး-ဦးတင်မောင်ငွေ၊ Dr.ဒေါ်မေမေပြုံးတို့၏အစ်ကိုသည် ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်၊ မင်းကြီးလမ်း၊ အမှတ်(၂၇၈ A)နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျင်ဟုတ် (ဒေးဒရဲ)
**အသက်(၈၅)နှစ်**

ဒေးဒရဲမြို့နေ (ဦးမောင်ခင်-ဒေါ်အေးမယ်)တို့၏သား၊ (ဦးစိန်ကျန်-ဒေါ်စွမ်တီ)တို့၏သားသမက်၊ (ဦးစု-ဒေါ်ကျင်ခိုင်)၊ (ဦးခင်စိန်-ဒေါ်ကျင်ရုံ)တို့၏မောင်၊ ဦးကျင်သန်း-ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၁၁၄ (မြေညီထပ်)နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဒေါက်တာဝင်းချစ်-ဒေါက်တာမိုးမိုးခိုင်(USA)၊ ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝင်းရီ(USA)၊ ဦးခင်မောင်ဦး-ဒေါ်ဝင်းဝင်းမော်(USA)တို့၏ဖခင်၊ မြေးခြောက်ယောက်၊မြစ်သုံးယောက်တို့၏အဘိုးသည် ၁၀-၇-၂၀၁၈ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ချိုဦး (ကျောက်တန်း)
**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်ချမ်းမြေ့သာယာ၊ ခတ္တာလမ်း၊ အမှတ် ၁၁၄၁နေ (ဦးခင်မောင်ချို)၏ဇနီး၊ မောင်ဇော်မင်း၊ မောင်ရန်အောင်တို့၏မိခင်သည် ၁၀-၇-၂၀၁၈ရက် နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးအေးကြည် (LL.B, D.B.L)
**တရားလွှတ်တော်ရှေ့နေ**
**ဥပဒေအရာရှိ(ငြိမ်း)**
**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်းဝင်**
**အသက်(၆၅)နှစ်**

၉-၇-၂၀၁၈ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်းဝင်များ**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးအေးကြည် (LL.B, D.B.L)
**တရားလွှတ်တော်ရှေ့နေ**
**ဥပဒေအရာရှိ(ငြိမ်း)**
**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်းဝင်**
**အသက်(၆၅)နှစ်**

၉-၇-၂၀၁၈ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ(၇၁)ကျောင်းဆင်းဥပဒေအရာရှိသူငယ်ချင်းများ**

---

## ဗိုလ်ကြီးမြသာဒွန်း(ငြိမ်း)
**ကြည်း-၆၉၂၁၈**
**(အပတ်စဉ်-၅၊ အင်ဂျင်နီယာ-ဗအတ)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၃၈၀နေ (ဦးထွန်းရှိန်-ဒေါ်အုံးကြည်)တို့၏သား၊ ဒေါ်နန်းပုတ်ခမ်း၏ခင်ပွန်း၊ ဒေါက်တာအောင်မျိုးပိုင်-ဒေါက်တာဆုလဲ့ယဉ်၊ ဗိုလ်ကြီးဖြိုးလင်းအောင်၊ ဒေါက်တာနန်းမေနတို့၏ဖခင်၊ မောင်အောင်ကောင်းမြတ်ပိုင်၊ မနန်းဆုဆုပိုင်တို့၏အဘိုးသည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မင်္ဂလာဒုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအေးကျော်
**(ရွှေပြည်တန်အထည်ဆိုင်)**
**မင်္ဂလာဈေး**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးရွှေမြိုင်)-ဒေါ်သိန်းမြတို့၏ သား၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးလှထွန်းဦး)-ဒေါ်သိန်းရှင်တို့၏သားသမက်၊ ဦးမင်းအောင်ဆွေ-(ဒေါ်စမ်းစမ်းအေး)တို့၏မောင်၊ ဗိုလ်မှူးစိုးဝင်းအောင်-ဒေါ်စမ်းစမ်းမွှေးတို့၏အစ်ကို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၁လမ်း၊ အမှတ် ၅၇ (သုံးလွှာ)နေ ဒေါ်ရည်မေ၏ချစ်လှစွာသောခင်ပွန်း၊ မမိုးမိုးထက်ကျော်၏ ချစ်လှစွာသောဖခင်သည် ၉-၇-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယအကြိမ်အစည်းအဝေး

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၀**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးအောင်ကိုမြင့်၊ ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဆိုင်ရာ ဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်

စာမျက်နှာ ၅ ကော်လံ ၁ ❐

## မြန်မာ ယူ- ၁၉ အသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်

**ရန်ကုန် ဇူလိုင် ၁၀**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအုပ်စု (ခ) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း အုပ်စု ဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် နောက်ဆုံးပွဲတွင် မလေးရှားအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တီမောအသင်းမှာ ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားကို သရေကျရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်ပြီး တစ်ချိန်တည်းယှဉ်ပြိုင်ကစားသည့်အခြားပွဲတွင် တီမောအသင်း ရှုံးနိမ့်ခဲ့၍သာ

စာမျက်နှာ ၇ ကော်လံ ၃ ◆

## (၂၁)ရာစုပင်လုံ (တတိယအစည်းအဝေး) တက်ရောက်ရန် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့နှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ (တတိယအစည်းအဝေး)တက်ရောက်ရန် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၁၀ ဖွဲ့နှင့် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဇူလိုင် ၉ ရက် နှင့် ၁၀ ရက်တို့တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(ယာပုံ)**

ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဖြစ်ကြသည့် UWSA၊ KIO၊ AA၊ TNLA နှင့် MNDAA တို့မှ ကိုယ်စားလှယ်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်ကော့ရှန်နှင့်အတူ တရုတ်နိုင်ငံ ကူမင်းမြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❖



DECO-TBSP

ထိုင်းနိုင်ငံ၏ ထိပ်တန်း လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းနည်းပညာဖြင့်
မြန်မာနိုင်ငံ၏ ပထမဦးဆုံးနိုင်ငံတကာအဆင့် လုံခြုံရေးနည်းပညာပုံနှိပ်လုပ်ငန်း

"All Your Security Solutions"

The First International Security Printing Company in Myanmar

ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ လုံခြုံရေးအမှတ်အသားပါ စာရွက်စာတမ်းများအတွက်

DECO-TBSP Products

Security Documents
- Business form / Continuous form
- Certificate
- Cheque / Passbook
- Gift Voucher / Postage stamp
- Pin Mailer
- ATM/POS rolls
- Thermal rolls / paper rolls
- Other security documents

Cards
- Bank card / Payment card
- Member card
- Transportation card
- Paper card
- Other Smart card

Solutions
- Brand Protection Solutions
- Digital Document Solutions
- Document Solutions and Management Services (DSMS)
- Information Management Solutions
- Security Management Solutions



Contact us : Myanmar DECO-TBSP Special Products Company Limited
Hlaing Thar Yar Township, Yangon. Email: info@decotbsp.com
Tel: 09 4578 97700, 09 4296 13319, 09 7888 50503, 09 507 6715

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့

# တန်ဖိုးနည်းအိမ်ရာတိုက်ခန်းတွေ စတင်တည်ဆောက်နေတဲ့ ရန်ကုန်မြို့အနီးက Eco Green City

တစ်နိုင်ငံလုံးအနေနဲ့ နိုင်ငံတော်က အိမ်ရာကဏ္ဍမှာ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အိမ်ရာတိုက်ခန်းပေါင်း တစ်သန်းခန့် အကောင်အထည် ဖော်သွားဖို့ စီမံဆောင်ရွက်နေ

ဝေယံဦး



**ရန်ကုန်**မြို့အနီးဝန်းကျင်မှာ မြို့သစ်စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ ကြိုးစားနေချိန်မှာ ပထမဆုံးစတင်တည်ဆောက်နေတာကတော့ လှည်းကူးမြို့နယ်က Eco Green City စီမံကိန်းပဲ ဖြစ်ပါတယ်။ ဒီစီမံကိန်းမှာတော့ တန်ဖိုးနည်းအိမ်ရာတွေ စတင်တည်ဆောက်နေပြီဖြစ်တာမို့ မကြာမီကာလမှာ ရုပ်လုံးပေါ်လာဖို့ရှိနေပြီဖြစ်ပါတယ်။

Eco Green City စီမံကိန်းမှာတော့ ကနဦးအဆိုပြုလွှာအရ တန်ဖိုးနည်းအိမ်ရာ အခန်း ၄၀၀၀ ကို ကုမ္ပဏီဘက်ကနေပြီး ဆောက်လုပ်နေတာဖြစ်တာကြောင့် အခြေခံပြည်သူတွေအတွက် လက်လှမ်းမီနိုင်တဲ့စျေးနှုန်းနဲ့ အိမ်ရာအခန်းတွေအဖြစ် ထွက်ပေါ်လာဖို့ရှိနေပါတယ်။ ဒါ့အပြင် တန်ဖိုးမျှတအိမ်ရာတွေလည်း စတင်တည်ဆောက်နေတာကြောင့် အိမ်ရာလိုအပ်နေတဲ့ ပြည်သူတွေအတွက်တော့ မျှော်လင့်ချက်တစ်ခုပါပဲ။

ဒီစီမံကိန်းဟာ လှည်းကူးမြို့နယ် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် သုံးမိုင်၊ တစ်ဖာလုံနဲ့ ငါးမိုင်၊ နှစ်ဖာလုံအကြား လမ်းဘေးဝဲယာမှာရှိတဲ့ မြေဧက ၁၄၀၀ ကျော်ပေါ်မှာ တည်ဆောက်နေတာဖြစ်ပါတယ်။ Eco Green City စီမံကိန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့တာဖြစ်ပြီး ဒီစီမံကိန်းပြီးစီးမယ့် ကာလကတော့ ၁၀ နှစ် သတ်မှတ်ထားပါတယ်။

စီမံကိန်းရဲ့ပဏာမအဆင့်အနေနဲ့ ငါးနှစ်ဖြစ်ပြီး မြေဧက ၆၆၇ ဒသမ ၆၈ အကျယ်အဝန်းပေါ်မှာ တန်ဖိုးနည်း၊ တန်ဖိုးသင့် လူနေအိမ်ရာတွေ၊ အဝေးပြေးယာဥ်ရပ်နားစခန်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အားကစားကွင်း၊ ပန်းခြံ၊ လမ်းကွန်ရက်၊ ရေှ့ပင်းမော၊ အခြေခံအဆောက်အအုံ၊ ဈေး၊ စားသောက်ဆိုင် စတာတွေ ပါဝင်မှာဖြစ်တာမို့ မြို့သစ်စီမံကိန်းတစ်ခုအဖြစ် ပီပီပြင်ပြင် ထွက်ပေါ်လာဖို့ ရှိနေပါတယ်။

Eco Green City စီမံကိန်းရဲ့ ဒုတိယအဆင့်အနေနဲ့ မြေ ၇၈၅ ဒသမ ၃၂ ဧကပေါ်မှာ သီးသန့်လုံးချင်းအိမ်ရာ၊ နိုင်ငံတကာအဆင့်မီ ဆေးရုံနှင့်စာသင်ကျောင်း၊ အများပြည်သူ အပန်းဖြေရန်နေရာ၊ ဂေါက်ကွင်း၊ ဟိုတယ်ဇုန် စတာတွေ ပါဝင်မှာဖြစ်တာမို့ စီမံကိန်းအကောင်အထည်ဖော်ခဲ့ရင်တော့ ရန်ကုန်မြို့ရဲ့ ဝင်ပေါက်မှာရှိတဲ့ မြို့သစ်တစ်မြို့အဖြစ် ထွက်ရှိလာမှာဖြစ်ပါတယ်။

အခုစတင်တည်ဆောက်နေပြီဖြစ်တဲ့ အဲဒီမြို့သစ်စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ Allience Star Group တို့က အကျိုးတူပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျမှုကတော့ အမေရိကန်ဒေါ်လာ ၂၂၂၉ သန်းဖြစ်ပြီး ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ရန်ကုန် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေ အလိုက် နေရာအကျယ်အဝန်းနဲ့ ခန့်မှန်းတန်ဖိုးကို ကြည့်ရင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) စီမံကိန်း မြေဧရိယာအကျယ် ၄၉၇၉၉ ဧကပေါ်မှာ တည်ဆောက်မယ့် တွံ့တေးနဲ့ ဒလမြို့သစ်စီမံကိန်း၊ မြေဧက ၁၉၉၄၂ ပေါ်မှာ တည်ဆောက်မယ့် သန်လျင်မြို့သစ်စီမံကိန်း၊ မြေဧက ၂၆၉၂၄ ဧကကို ထန်းတပင်မြို့သစ်စီမံကိန်း၊ မြေဧက ၆၅၈၉ အကျယ်အဝန်းပေါ်မှာ တည်ဆောက်မယ့် မှော်ဘီမြို့သစ်စီမံကိန်း၊ မြေဧက ၆၈၀၁ ဧကပေါ်မှာ တည်ဆောက်မယ့် လှည်းကူးမြို့သစ်စီမံကိန်းတို့ပဲ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ မြို့ပြဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွေဖြစ်ပြီး လက်တွေ့အနေနဲ့ မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်အောင် သတ်မှတ်ကာလအတွင်း ကြိုးစားအကောင်အထည်ဖော်နိုင်ရင်တော့ ရန်ကုန်မြို့ပြရဲ့ လူနေကျပ်တည်းမှုကို လျော့နည်းကျဆင်းစေဖို့ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ပြရဲ့ လူနေထူထပ်မှုဟာ ကျေးလက်တွေက အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှု၊ စီးပွားရေးအခက်အခဲဖြစ်မှုစတဲ့ အချက်တွေကြောင့် ပြောင်းရွှေ့နေထိုင်လုပ်ကိုင်နေကြတာကစပြီး လူဦးရေသိပ်သည်းလာတာ ဖြစ်ပါတယ်။ ဒါကလည်း ရန်ကုန်မြို့တစ်မြို့တည်းမဟုတ်ဘဲ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံတိုင်းရဲ့မြို့ကြီးတွေကို ကြည့်ရင် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေရဲ့ ၁၀၀ ရာခိုင်နှုန်းဟာ မြို့ပြတွေမှာ ပြောင်းရွှေ့ နေထိုင်ကြလိမ့်မယ်လို့ ကုလသမဂ္ဂက ခန့်မှန်းထားပါတယ်။

ဒီလိုမြို့ပြကိုကျေးလက်က ပြောင်းရွှေ့နေထိုင်မှုလူဦးရေနဲ့ တွက်ကြည့်ရင် ၂၀၅၀ ပြည့်နှစ်မှာ လူဦးရေ ၂ ဒသမ ၅ ဘီလီယံ အထိ ရှိလာမှာဖြစ်တယ်လို့ ကုလသမဂ္ဂရဲ့စီးပွားရေးနှင့်လူမှုရေးရာဌာန (DESA) က ထုတ်ပြန်တဲ့ ၂၀၁၈ ခုနှစ် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီလိုမြို့ပြကို ပြောင်းရွှေ့နေထိုင်မှု လူဦးရေတိုးတက်များပြားလာတာနဲ့အမျှ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်စွာ စီမံခန့်ခွဲနိုင်ရေးအတွက်ကတော့ စိန်ခေါ်မှုအဖြစ် ရင်ဆိုင်ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ကို စတင်တည်ထောင်ခဲ့စဉ်က လူဦးရေသုံးသောင်းခန့်အတွက်သာ မြို့ပြအဆောက်အအုံလမ်းတွေ ဧရိယာအကျယ်အဝန်းတွေ တွက်ချက်ခဲ့ပေမယ့် အခုအချိန်မှာတော့ ရန်ကုန်မြို့လူဦးရေဟာ ခြောက်သန်းကျော် ရှိနေပြီဖြစ်ပါတယ်။ အဲဒီလူဦးရေထဲမှာ ၆၀ ရာခိုင်နှုန်းကျော်က အလုပ်သမားတွေဖြစ်ပြီး နေထိုင်ရေးအတွက် လိုအပ်ချက်ကြီးမားနေတဲ့ အနေအထား ရှိနေတာဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း ရန်ကုန်မြို့မှာရှိတဲ့ မြို့နယ်ပေါင်း ၃၇ မြို့နယ်မှာ ကျူးကျော်အိမ်ထောင်စုပေါင်း တစ်သိန်းခြောက်သောင်းကျော်ရှိနေတာမို့ မြို့သစ်စီမံကိန်းတွေနဲ့ အိမ်ရာစီမံကိန်းတွေကို နိုင်ငံတော်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေက မြို့ကို အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ အိမ်ရာတွေကို အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး နည်းလမ်းတွေနဲ့ ဝယ်ယူနိုင်အောင် ဆောင်ကြဉ်းပေးတဲ့အနေနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှာ အိမ်ရာစုဆောင်းငွေစာရင်းဖွင့်ပြီး ငွေကြေးစုဆောင်းကာ ကိုယ်ပိုင်တိုက်ခန်းတွေ

**အချပ်ပို (၈) သို့**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ဒေသခံများ မျှော်လင့်စောင့်စားနေသော မြန်မာ-ကိုရီးယားချစ်ကြည်ရေးတံတားကြီး မကြာမီလာမည်မျှော်

**စာရေးသူ** တို့ ငယ်ငယ်က ရုပ်ရှင်ရုံကြီးများတွင် ရုပ်ရှင်ဇာတ်လမ်းများ ကြည့်ရသည့်အခါတွင် ရုံတင်သည့်ဇာတ်ကားကြီး မပြသမီ ရှေ့ပိုင်း၌ နောက်တစ်ပတ်ပြသမည့် ဇာတ်ကားသစ်နမူနာကြော်ငြာအပိုင်းလေးများကို ထိုးပြလေ့ရှိသည်။ နောက်ဆုံး "မကြာမီ လာမည်မျှော်..." ဆိုသည့် အဆုံးသတ်ကြော်ငြာမှုလေးကို အလွန်သဘောကျမိခဲ့သည်။

ယခုလည်း အခက်အခဲအမျိုးမျိုးအကြား ဌာနဆိုင်ရာတို့၏ အပြန်ပြန်အလှန်လှန်၊ အကြိမ်ကြိမ်အခါခါ အလျှော့အတင်းများကြားမှ "မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကြီး မကြာမီ ပေါ်ထွန်းလာတော့မည်ကို အထက်ကဆိုသကဲ့သို့ 'မကြာမီလာမည်မျှော်'ဟု မုဒိတာပွားဖော်ပြလိုက်ရပါသည်။

ရန်ကုန်-ဒလမြစ်ကူးတံတားကြီး ပေါ်ပေါက်လာပါက ဝမ်းအသာဆုံးသောသူများကို ဖော်ပြရမည်ဆိုလျှင် စက်တပ်သမ္ဗန်ငယ်များဖြင့် မြစ်ပြင်ကို နေ့စဉ်ဖြတ်သန်း ကူးသန်းနေကြရသော ခရီးသည်များပင် ဖြစ်ပါသည်။ ဒလဘက်ကမ်းမှ ရန်ကုန်ဘက်ကမ်းဆီသို့ နေ့စဉ်ကူးသန်းမှု ခရီးသည်မှာ ဦးရေအားဖြင့် ၅၀၀၀၀ ကျော်သည်ဟု သိထားရသည်။

ဒလမြို့နယ်ဘက်အခြမ်းတွင် စက်တပ်သမ္ဗန်ဆိပ် ၁၁ ဆိပ်ရှိသည်ဟု ဆိုသည်။ နေ့စဉ်နေမထွက်မီကပင် နေဝင်မိုးချုပ်ညအထိ လူးလာတုံ့ပြန် ဖြတ်သန်းနေကြရခြင်းဖြစ်သည်။ သည်တွင် မမျှော်လင့်သော အန္တရာယ်ဆိုးတို့ကြောင့် အသက်များ ဆုံးရှုံးမှုနှစ်စဉ်လိုလို ကြုံတွေ့နေခဲ့ကြရသည်။

ရန်ကုန်-ဒလ မြန်မာ-ကိုရီးယားချစ်ကြည်ရေးတံတားကြီး တည်ဆောက်ရန် သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် စခဲ့ခြင်းဖြစ်သည်။ ကိုရီးယားနိုင်ငံ Exim Bank မှ ချေးငွေဖြင့် တည်ဆောက်မည်ဖြစ်သည်။ မြန်မာ-ကိုရီးယား နှစ်ဖက် အမေရိကန်ဒေါ်လာ ၁၆၈ သန်းခန့် အကုန်အကျခံ တည်ဆောက်သွားမည်ဟု သိရသည်။

မူလက လုပ်ငန်းစတင်ရန် ကာလကို ခန့်မှန်း၂၀၁၇ ခု မျှော်မှန်းခဲ့ပြီး လုပ်ငန်းပြီးစီးမှုကို ခန့်မှန်း ၂၀၂၂ ခုနှစ်ဟု မှတ်တမ်းများအရ သိရသည်။

မူလတံတားဒီဇိုင်းအရ တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတားခံနိုင်ဝန်ကို ၇၅ တန်ဟု ဖော်ပြထားသည်။ စုစုပေါင်း တံတားအရှည်မှာ ၁၈၇၂ ဒသမ ၅ မီတာ(ပေ ၆၁၄၄)၊ ပင်မတံတားအရှည်မှာ ၅၉၀ မီတာ (၁၉၃၆ ပေ) လေးလမ်းသွားဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၄၉ မီတာ (၁၆၀ ပေ)၊ ရေလမ်းကင်းလွတ်အကျယ်မှာ ၂၅၁ မီတာ (၈၂၄ ပေ) ရှိမည်ဖြစ်ပြီး တန်ချိန် ၁၅၀၀၀ ရှိ ကုန်တင်သင်္ဘောကြီးများဝင်ထွက်သွားလာနိုင်အောင် ဒီဇိုင်းအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။

သို့သော် ဆိပ်ကမ်းအာဏာပိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ရေလမ်းကင်းလွတ်အမြင့်နှင့် ရေလမ်းကင်းလွတ်အကျယ်အတွက် အပြန်ပြန်အလှန်လှန် ညှိနှိုင်းမှုများဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းစတင်နိုင်မှု ကြန့်ကြာနေခဲ့သည်ဟု သိရသည်။

ဤကိစ္စရပ်နှင့်ပတ်သက်၍ ဒလမြို့နယ်ဒေသခံ တာဝန်ရှိသူတစ်ဦးက "ဒီတံတားနဲ့ပတ်သက်လို့ မတ် ၂၈ ရက်က နိုင်ငံတော်သမ္မတရုံး စီးပွားရေးဌာနကနေ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံဘဏ္ဍာ အခွန်ဝန်ကြီးဌာနရယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ရဲ့သုံးသပ်ချက်တွေ တင်ခိုင်းပါတယ်။ ဒါက ရေလမ်းကင်းလွတ်အမြင့်ကိစ္စပါ။ နောက်ဆုံး ၄၉ မီတာ အမြင့်နဲ့ပဲ အတည်ဖြစ်သွားခဲ့ပါတယ်။ နောက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးကိုယ်တိုင်က လွှတ်တော်မှာ မေးခွန်းထုတ်ထားတာရှိပါတယ်။ အဲဒီအတွက် ၂၀၁၈ ခုနှစ် မေလမှာ တံတားပန္နက်ရိုက်ဖို့ ကတိကဝတ်ရထားပြီးလည်းဖြစ်ပါတယ်။ တကယ်လုပ်ငန်းစမယ်လည်းဆိုရော ရေလယ်တိုင်ကိစ္စက ပေါ်လာပါတယ်။ အတိုချုပ်ပြောရရင် ဆိပ်ကမ်းအဖွဲ့က ရေလမ်းအကျယ်ကို မီတာ ၄၀၀ တောင်းဆိုပါတယ်။ ဆောက်လုပ်ရေးဌာနက မီတာ ၅၀ တိုးပြီး မီတာ ၃၇၀ အထိ ချဲ့ပေးဖို့ အစီအစဉ်ရှိတယ်လို့ ကြားရပါတယ်။ ဒီကိစ္စကို နိုင်ငံတော်အတိုင်ပင်ခံရုံးမှာ မေ ၂၉ ရက်က ဝန်ကြီးဌာန နှစ်ခု ညှိပေးမယ့် မပြတ်ခဲ့ပါဘူး။ အဲဒီအတွက် ဇွန် ၁၇ ရက်က မြို့နယ်အတွင်းမှာ ဆန္ဒထုတ်ဖော်မှုဖြစ်လာခဲ့ပါတယ်။ အခုနောက်ဆုံး သိရတာက မီတာ ၃၇၀ နဲ့ပဲ ဆောက်မယ်ဆိုတာ၊ အဲဒါကိုလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဆီက သုံးသပ်ချက် ပြန်တင်ခိုင်းထားပါတယ်။ ဒါလည်း တင်ထားပြီးပြီလို့ ကြားရပါတယ်။ ပြန်ကျလာတာနဲ့ လုပ်ငန်းကို အမြန်ဆုံးပြန်စဖြစ်မှာပါ" ဟု အသေးစိတ်ရှင်းပြခဲ့သည်။



မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား ပုံစံငယ်။

> အတိုးအချဲ့တွေ ရှိလာတဲ့အတွက် တံတားဒီဇိုင်းက နောက်ထပ်အသစ် ထွက်လာမှပဲ သိရမှာပါ။ ရှိလာရင်လည်း နောက်ထပ်ကုန်ကျမှု အတွက်ကိုလည်း တာဝန်ရှိသူတွေက ညှိနှိုင်းနေတယ်လို့ သိရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တံတားကြီး တည်ဆောက်ဖို့ကတော့ အသေချာဆုံးပါပဲ။ အမြန်ဆုံး အကောင်အထည်ပေါ်လာတော့မှာပါ။ မကြာခင်ပေါ်လာတော့မှာမို့ အားလုံးစောင့်မျှော်ရကျိုးနပ်ကြမှာပါ

တံတားကြီးကို ဒလမြို့နယ်အတွင်း "ကမာကဆစ်" ကူးတို့ဆိပ် ဗိုလ်မင်းရောင်လမ်းတည့်တည့်မှသည် မြစ်ပြင်ကိုဖြတ်၍ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းဆိပ်အနီးသို့ ရောက်ရှိ တည်ဆောက်သွားမည်ဟု သိရသည်။

ယခုအခါ တံတားတည်ဆောက်ရန် ကမာကဆစ် သမ္ဗန်ဆိပ်ဟောင်းအတွက် အလှမ်းကွာသော နေရာအနီးတွင် ကျောက်တံတားဆိပ် တည်ဆောက်ပြီးစီးနေပြီကိုလည်း တွေ့ခဲ့ရသည်။ သမ္ဗန်ဆိပ်ဂိတ်အဆောက်အအုံတစ်ခု တည်ဆောက်ရန်လည်း မြေနေရာ လျာထားပြီးဖြစ်သည်ကို သိရသည်။

ထို့အပြင် တံတားထိုးမည့် ဗိုလ်မင်းရောင်လမ်းတစ်လျှောက်ရှိ အဆောက်အအုံမျက်နှာစာများကိုလည်း လျော်ကြေးပေးပြီးဖြစ်၍ နောက်ဆုတ်ကာရုံထားသည်ကိုပါ တွေ့မြင်နေရပြီဖြစ်သည်။

မြို့နယ်မှ တာဝန်ရှိသူကပင် "အတိုးအချဲ့တွေ ရှိလာတဲ့အတွက် တံတားဒီဇိုင်းက နောက်ထပ်အသစ်ထွက်လာမှပဲ သိရမှာပါ။ ရှိလာရင်လည်း နောက်ထပ်ကုန်ကျမှုအတွက်ကိုလည်း တာဝန်ရှိသူတွေက ညှိနှိုင်းနေတယ်လို့ သိရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တံတားကြီးတည်ဆောက်ဖို့ကတော့ အသေချာဆုံးပါပဲ။ အမြန်ဆုံးအကောင်အထည်ပေါ်လာတော့မှာပါ။ မကြာခင်ပေါ်လာတော့မှာမို့ အားလုံးစောင့်မျှော်ရကျိုးနပ်ကြမှာပါ" ဟု အဆုံးသတ်ခဲ့သည်။

တံတားကြီးတည်ဆောက်ပြီးသွားပါက အနီးစပ်ဆုံး ဒလမြို့နယ်နှင့် ရန်ကုန်တစ်ဖက်ကမ်းကို အလျင်အမြန် အချိန်တိုအတွင်း တစ်ဖြောင့်တည်း ကူးလူးသွားလာနိုင်ကြတော့မည်ဖြစ်ပေသည်။

ဒေသခံ ဒလမြို့နယ်မျှမက ဆက်စပ်နယ်မြေတစ်လျှောက်အပြင် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များကပါ ခရီးလမ်းချောမွေ့သွားကြတော့မည်ဖြစ်ပေသည်။

တစ်ဖန် အဓိက ကျန်းမာရေးအတွက် ရန်ကုန်ဆေးရုံကြီးဆီသို့ ခရီးမထောက် အချိန်တိုဖြင့် အရောက်သွားနိုင်မည့်အပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးမကျန် ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ အမှန်ပင်ဖြစ်ပေသည်။ ။

**စကားချပ်**

**(ဤသတင်းဆောင်းပါးရေးသားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသည့် ဒလမြို့နယ်သတင်းထောက် ဥက္ကဋ္ဌ ဦးထွန်းလှ၊ ဒလမြို့နယ်သတင်းထောက် မောင်ယဉ်ဦး(ဒလ) နှင့် ဒေသခံ ဦးတင်လှတို့အား အထူးပင် ကျေးဇူးဥပကာရတင်ရှိလျက်)** (စာရေးသူ)



ဒလဘက်ကမ်းမှ ရန်ကုန်ဘက်သို့ ခရီးသည်များကို နေ့စဉ်ပို့ဆောင်ပေးနေသည့် သမ္ဗန်များ။
ဓာတ်ပုံ-ယဉ်ဦး(ဒလ)

# ရန်ကုန်မြို့ပြနှင့် လိုက်ဖက်ညီသော ဆက်သွယ်ရေးကြိုးများ တပ်ဆင်ခြင်းဖြင့် မြို့ပြအလှ ဖော်ဆောင်ကြပါစို့

— သော်တာနမ့်စန် —



ရွှေတောင်ကြား အမှတ်(၁) ရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန မူကြိုကျောင်း ရှေ့ရှိ ဆက်သွယ်ရေးကြိုးများ။

ဓာတ်ပုံ-သစ္စာ

ရန်ကုန်မိုးသည် ဝါဆိုမိုးဖြစ်ကြောင်း သက်သေပြသည့်အနေဖြင့် နေ့လယ်ပိုင်းမှစ၍ ကောင်းကင်ယံမှာညို့မှိုင်းလျက် တသွင်သွင် ရွာသွန်းလျက်ရှိရာ တနင်္ဂနွေနေ့ရုံးပိတ်ရက်တွင် ရန်ကုန်မြို့၏ ကောင်းကင်ယံမှာ တိမ်ညိုတို့ရစ်သိုင်းလျက်ရှိနေသည်။ ဖွဲလိုက်သည်းလိုက်ဖြင့် မိုးကောင်းကင်အောက်တွင် ရန်ကုန်မြို့၏ ကားလမ်းပေါ်၌ ယာဉ်များသင့်တင့်စွာရှိရမည်ဖြစ်သော်လည်း ကားမှတ်တိုင်တွင် လူများပြည့်နေသည့်နည်းတူ ရွှေတိဂုံစေတီတော်၊ ဗန္ဓုလပန်းခြံ၊ ကန်တော်မင်ပန်းခြံ၊ အင်းလျားကန်နှင့် စူပါမားကတ်များ၊ရန်ကုန်မြို့လယ်၏ လမ်းမများတွင် ထီးကိုယ်စီဖြင့် စည်စည်ကားကား သွားလာနေကြလျက်ရှိသည်။

အထူးသဖြင့် မြို့ပြ၏ ရိုးရာပုံစံသဖွယ် ဖြစ်ပေါ်လာသော ရန်ကုန်မြို့တွင်း နှင့် မြို့နယ်အသီးသီးတို့ရှိ ကားလမ်းမတို့ပေါ်ဝယ် ယာဉ်များက စီစီရီရီပိတ်လျက်ရှိနေသည်။ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ အင်းစိန်လမ်းမကြီးနှင့် အောက်ကြည့်မြင်တိုင် ကမ်းနားလမ်းတို့တွင်လည်း ရုံးဖွင့်ရက်နှင့်မခြား မိုးဖွဲဖွဲအောက်တွင် ယာဉ်များ တလူပ်လူပ်ဖြင့် သွားလာနေကြလျက်ရှိရာ ရန်ကုန်မြို့နေပြည်သူတို့မှာ မြို့ပြမွန်းကျပ်မှုဒဏ်ကို မေ့လျော့ရန် ကြိုးစားနေကြဟန်ရှိသည်။

ယခုနှစ်အနည်းငယ်အတွင်း ရန်ကုန်မြို့ပြ၏ အဓိက ကားလမ်းမကြီးများ၊ မြို့နယ်အသီးသီးတို့ရှိ သွားလာမှုများသောကားလမ်းမများနှင့် ရပ်ကွက်အတွင်းလမ်းများတွင် တွေ့မြင်နေရသောအရာမှာ မြို့ပြအလှနှင့် လိုက်ဖက်ညီမှုမရှိသော ဆက်သွယ်ရေးကြိုးတန်းများ သွယ်တန်းထားခြင်းပင် ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံတို့တွင် ကားလမ်းနှင့် ဆက်သွယ်ရေးကြိုးများ သွယ်တန်းမှုကို ကျေးလက်၊ မြို့ပြနှင့် လိုက်ဖက်ညီစွာ အသုံးပြုတပ်ဆင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သော်လည်း မြန်မာပြည်၏ စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့ပေါ်တွင် ဆက်သွယ်ရေးကြိုးများကို ကားလမ်းဘေးတွင် တပ်ဆင်သွယ်တန်းထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ခေတ်မီစနစ်ဖြစ်သော မြေအောက်ဆက်သွယ်ရေးကြိုးစနစ် အသုံးမပြုနိုင်သည့်တိုင် ကမ်းလမ်းဘေးတိုင်များဖြင့် သွယ်တန်းရာတွင်လည်း သေသပ်စည်းစနစ်ကျစွာတပ်ဆင်ထားမည်ဆိုပါက အမြင်တင့်တယ်မှုရှိစေမည်ဖြစ်သည်။

မရမ်းကုန်းကျိုက်ဝိုင်းလမ်း၊ မင်းဓမ္မလမ်းနှင့် ပါရမီလမ်းတစ်လျှောက်တွင် တပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများမှာ ပင်လယ်ကမ်းခြေဝါးတိုင်တွင် ငါးဖမ်းပိုက်များ ထောင်ထားသကဲ့သို့ ဆက်သွယ်ရေးကြိုးမည်းများကို အစုလိုက် ချည်နှောင်ထားပြီး ပလက်ဖောင်းတွင် ဦးခေါင်းမလွတ်ဘဲ အိကျနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းမီးပွိုင့်ရှိ ဓာတ်ဆီဆိုင်ဘေးတွင် ချည်စောင်ကို ပစ်တင်ထားသည့်ပမာ တွေ့မြင်ရမည်ဖြစ်သည်။ မင်းဓမ္မလမ်းနှင့် ပါရမီမီးပွိုင့်အနီးရှိ တက္ကသိုလ်များ လှိုင်နယ်မြေဝင်ပေါက်ထိပ်နှင့် ကားလမ်းတစ်ဖက်ရှိ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သိပ္ပံပစ္စည်းအလုပ်ရုံရှေ့သို့ ဆက်သွယ်ထားသော ဆက်သွယ်ရေးကြိုးမှာ ကားလမ်းအလယ်တွင် ဝါးလုံးဖြင့်ထောက်ထားရပြီး မီးပွိုင့်အနီးနှင့် ပါရမီကားလမ်းတစ်လျှောက်တွင်လည်း ဆက်သွယ်ရေးကြိုးများ ရှုပ်ထွေးစွာ သွယ်တန်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ ကုက္ကိုပင်၊ ခရေပင်နှင့် ဇာဒံပင်များကြားမှ ဆက်သွယ်ထားသော ဆက်သွယ်ရေးကြိုးများကို တွေ့မြင်ရမည်ဖြစ်သည်။ ပါရမီလမ်းနှင့် ထိစပ်နေသည့် ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း ကားလမ်းဘေး တစ်လျှောက် ဆက်သွယ်ရေးကြိုးများကို မြို့ပြနှင့် လိုက်ဖက်ညီမှုမရှိဘဲ တပ်ဆင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းဆုံမီးပွိုင့်တွင်လည်း ကားလမ်းတစ်ဖက်နှင့် တစ်ဖက် ဆက်သွယ်ထားသော ဆက်သွယ်ရေးကြိုးမှာ ကွန်ကရစ်တင်သော အုန်းမွှေးလုံးယာဉ် လွတ်ရုံသာရှိပြီး ဆိပ်ကမ်းသာလမ်းမှ အရေးပေါ်သယ်ဆောင်သော ကွန်တိန်နာယာဉ်များ၊ အစိုးရသယ်ယူပို့ဆောင်ရေးယာဉ်များ ညပိုင်းဖြတ်သန်းခဲ့ပါက ရန်ကုန်မြို့တွင်းရှိ ဆက်သွယ်ရေးကြိုးများဖြင့် လွတ်ကင်းမည်မဟုတ်ချေ။ ဆင်မလိုက်မီးပွိုင့်တွင် လှိုင်မြစ်ကမ်းမှ တက်လာသော ကွန်တိန်နာယာဉ်အမိုးစွန်းနှင့် မီးပွိုင့်ရှိ ဆက်သွယ်ရေးကြိုးနှင့် ငြိမိပြီး ဓာတ်တိုင်ပါ လဲခဲ့ဖူးသည့်အပြင် မြို့နယ်အတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဝင်ရောက်သော ကွန်တိန်နာယာဉ်များမှာ ဆက်သွယ်ရေးကြိုးနှင့်မလွတ်၍ မကြာခဏ တိုးမိတိုက်မိပြီး ဆက်သွယ်ရေးတိုင်ပါ လဲကျသည်ကို တွေ့မြင်ရလျက်ရှိသည်။

ဆရာစံလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းဆုံ မီးပွိုင့်အနီးတွင် ပုလဲကွန်ဒိုတိုက်တန်းရှိပြီး ကွန်ဒိုရှေ့ကမ္ဘာအေးဘုရားလမ်းပေါ်တွင် ဆက်သွယ်ရေးကြိုးများကို တိုင်တွင်စုပြုံချည်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ကာ သစ်ပင်တွင် ချိတ်ဆွဲထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ထိုလမ်းမရှိ ပုလဲကွန်ဒိုဝင်ပေါက်ညောင်ပင်သစ်ကိုင်းကြားမှ ဆက်သွယ်ရေးကြိုးကို သွယ်တန်းထားပြီး ထိုညောင်ပင်အနီး ပုလဲကွန်ဒို (C) ၏ ရှေ့တွင်လည်း ဆက်သွယ်ရေးတိုင်မှ ကြိုးများကို သွယ်တန်းထားသည်မှာ မွေးနေ့ပွဲ မဏ္ဍပ်တွင် ပူဖောင်းများသွယ်တန်းရန် သွပ်ကြိုးများထီးကိုင်းများသဖွယ် သွယ်တန်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ ပုလဲကွန်ဒို၏ တောင်ဘက်ဆရာစံလမ်းမီးပွိုင့်တွင်လည်း ဆက်သွယ်ရေးကြိုးတန်းကို ကြခတ်ရုံကြားနှင့် ဆီအုန်းပင်များကြားမှ သွယ်တန်းထားသည်ကို တွေ့ရမည်ဖြစ် သည်။ ထိုလမ်းမကြီးသည် အဓိကလမ်းမကြီးတစ်ခုလည်းဖြစ်ရာ ကားလမ်းဘေး သွယ်တန်းထားသော ဆက်သွယ်ရေးကြိုးများ သည် စည်းစနစ်ကျစွာ သွယ်တန်းထားခြင်း မရှိသောကြောင့် မြို့ပြ၏အလှကို ထိခိုက်စေသည်မှာ အမှန်ပင်ဖြစ်သည်။ ဗဟန်းမြို့နယ်အတွင်း ဆက်သွယ်ထားသော ဆက်သွယ်ရေးကြိုးများမှာ ပလက်ဖောင်းတွင် သွားလာသောပြည်သူနှင့် ကားလမ်းပေါ်တွင် မောင်းနှင်နေသောယာဉ်များအတွက် အန္တရာယ်လည်း ရှိနေလျက်ရှိသည်။ ရွှေတောင်ကြား အမှတ်(၁)ရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်း အမှတ်(၁) (ရန်ကုန်)ရှေ့လမ်းမတစ်လျှောက် သွယ်တန်းထားသော ဆက်သွယ်ရေးကြိုးများမှာ အမြင်မတင့်တယ်ဖွယ်ဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ရွှေတောင်ကြားရှိ အင်းလျားမြိုင်လမ်းနှင့် ကမ္ဘောဇလမ်းတစ်လျှောက်တွင် သွယ်တန်းထားသော ဆက်သွယ်ရေးကြိုးများမှာ နေအိမ်ဝင်းတံခါးနှင့် မလွတ်သည်ကို တွေ့ရမည်ဖြစ်ပြီးတံခါးများမှာ အတွင်းဘက်သို့ ဖွင့်သော ခြံတံခါးများဖြစ်သောကြောင့် အပြင်ဘက်ရှိ ဆက်သွယ်ရေးကြိုးနှင့် မတိုက်မိခြင်းဖြစ်သည်။ ဆက်သွယ်ရေးကြိုးများနှင့် အိမ်တံခါးမှာ ထိစပ်လျက်ရှိနေသည်။

"ဟိုတလောက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှာ အစည်းအဝေးလုပ်တော့ ဆက်သွယ်ရေးကြိုးတင်မဟုတ်ဘူး။ လိုင်စင်မရှိတဲ့ ပုဂ္ဂလိကကြိုးတွေကို ဖြုတ်ပစ်ရတာရှိတယ်။ တစ်လကိုကျပ် နှစ်သောင်းနဲ့ တီဗွီ၊ အင်တာနက်ကြည့်ချင်ရင် ဖိုက်ဘာလိုင်း ထည့်ပေးတာရှိတယ်။ တိုက်တွေမှာ ပလပ်လေးထိုးလိုက်တာနဲ့ ကြည့်လို့ရအောင် လုပ်ထားတာရှိတယ်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုချက်မရဘဲ တပ်ဆင်ထားတဲ့ကြိုးတွေကို ဖြုတ်လိုက်တာရှိတယ်။ ကေဘယ်ကြိုးတွေ ရှုပ်နေတာ သူတို့မှာ စီမံချက်တော့ရှိမယ်။ တစ်သက်လုံးဖြစ်သလိုလုပ်ခဲ့တဲ့ကြိုးထုံးတွေကို ကြိုးတစ်ချောင်းတည်းနဲ့ ဘယ်လိုဆောင်ရွက်ကြမလဲ။ နိုင်ငံတကာမှာ ကြိုးဖုန်းတွေ မသုံးတော့ဘူး၊ မိုဘိုင်းဖုန်းပဲ သုံးတော့တာ။ တဖြည်းဖြည်းနဲ့ ကြိုးဖုန်းတွေမလျော့မီ ဒီကြိုးတွေကို ဘယ်လိုရှင်းမလဲ။ ကြိုးဖုန်းတွေဆိုရင် ပျက်နေတာကြာပြီ။ ရုံးဖုန်းဆို ပျက်နေတာ။ ကြိုးဖုန်းနဲ့ချိတ်ဆက်ပြီး တီဗွီပါကြည့်လို့ရအောင် စီစဉ်နေတယ်လို့တော့ သိရတယ်။ ဂျပန်မှာတော့ မြေအောက်ဖြစ်စေ၊ တိုက်ထဲမှာဖြစ်စေ မြှုပ်ပြီး ရှင်းရှင်းလင်းလင်းနဲ့ ဆောင်ရွက်တာများတယ်။ ကြိုးစနစ်တွေကို ပြောင်းလဲရမှာ။ နိုင်ငံတကာ နည်း ပညာနဲ့ ပြုပြင်လုပ်ဆောင်မှုနည်းခဲ့တယ်။ ဆက်သွယ်ရေး ကြိုးဆွဲတော့မယ်ဆိုရင် အုပ်ချုပ်ရေး၊ မီးသတ်၊ စည်ပင်သာယာ ပူးပေါင်းဆောင်ရွက်ရမှာ။ ဌာနအချင်းချင်းပူးပေါင်းပြီး ဘယ်နေရာ မှာ မြေအောက်ကေဘယ်ကြိုး တပ်ဆင်ထားတယ်ဆိုတာ သိဖို့လို တယ်"ဟု မြန်မာ့စာတိုက်လုပ်ငန်း၊ တိုင်းဒေသကြီး မန်နေဂျာရုံးမှ မန်နေဂျာ ဦးတင်ဝင်းဦးက ၎င်း၏အမြင်ကိုပြောသည်။

ရန်ကုန်မြို့သည် စက်မှုမြို့ဖြစ်သည်နှင့်အညီ စက်မှုဇုန်များတွင်လည်း ဆက်သွယ်ရေးကြိုးများကို လမ်းဘေးတွင် သွယ်တန်းတပ်ဆင်ထားလျက်ရှိရာ စက်မှုဇုန်တွင်း သွားလာသောယာဉ်များနှင့် စက်ရုံအလုပ်သမားများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုနှင့်အတူ ရပ်ကွက်များနှင့် အဓိက ကားလမ်းမကြီးဘေးတွင်လည်း ဆက်သွယ်ရေးကြိုးများ တပ်ဆင်မှု စနစ်တကျထားရှိရန် လိုအပ်လျက်ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ မြို့လယ်ပန်းခြံများ၊ ဘာသာရေးနေရာများ၊ အများပြည်သူအပန်းဖြေရာနေရာများနှင့် ဆိပ်ကမ်းများတစ်လျှောက်တွင် ရန်ကုန်မြို့ပြနေပြည်သူတို့ နေ့စဉ်သွားလာအပန်းဖြေလျက်ရှိသည့်နည်းတူ နိုင်ငံခြားခရီးသွားများလည်း သွားလာကြလျက်ရှိရာ ဆက်သွယ်ရေးကြိုးများနှင့် တိုင်များကို ရှင်းလင်းစွာ စီမံဆောင်ရွက်ခြင်းဖြင့် မြို့ပြအလှကို ပိုမိုပေါ်လွင်ထင်ရှားစေရန် ကြိုးပမ်းဖော်ဆောင်ရာရောက်စေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဝင်ပေါက်ဖြစ်သော လေဆိပ်၊ သင်္ဘောဆိပ်နှင့် ဆိပ်ကမ်းတို့၏ ခေတ်မီတိုးတက်မှုကိုကြည့်၍ ထိုနိုင်ငံ၏ ဖွံ့ဖြိုးမှုကို ဦးစွာခန့်မှန်းတတ်လေ့ရှိရာ မြို့ပြအဆောက်အအုံနှင့်အတူ လျှပ်စစ်မီး၊ ဆက်သွယ်ရေးကောင်းမွန်လျက် မြေပြင်တွင် ဓာတ်တိုင်၊ ဆက်သွယ်ရေးတိုင်များ စနစ်ကျစွာ တပ်ဆင်အသုံးပြုနိုင်ခြင်းဖြင့် မြို့ပြအလှ၏ဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးခြင်းဖြစ်ရာ ရန်ကုန်မြို့ပြနှင့် လိုက်ဖက်ညီသော ဆက်သွယ်ရေးကြိုးနှင့်တိုင်များ တပ်ဆင်အသုံးပြုခြင်းဖြင့် မြို့ပြအလှကို ဝိုင်းဝန်းဖော်ဆောင်ကြပါစို့ဟု ရေးသားလိုက်ရပါသည်။ ။

---

**အချုပ်ပို(က)မှ**

ဝယ်ယူနိုင်အောင် စီစဉ်ပေးနေခြင်းဖြစ်ပါတယ်။ အခုဆိုရင် အိမ်ရာဖွံ့ဖြိုးရေးဘက်မှာ အိမ်ရာစုဆောင်းငွေစာရင်းဖွင့်ထားသူဦးရေ တစ်သောင်းရှစ်ထောင်ခန့် ရှိနေပြီဖြစ်ပါတယ်။

တစ်နိုင်ငံလုံးအနေနဲ့ နိုင်ငံတော်က အိမ်ရာကဏ္ဍမှာ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အိမ်ရာတိုက်ခန်းပေါင်း တစ်သန်းခန့် အကောင်အထည်ဖော်သွားဖို့ စီမံဆောင်ရွက်နေပြီး အခုအစိုးရ ၂ နှစ်တာ ကာလအတွင်းမှာ အိမ်ရာတိုက်ခန်းပေါင်း ၁၀၉၂၄ ခန်း ဆောက်လုပ်နေရာမှာ အခန်းပေါင်း ၅၇၀၀ ကျော် ပြီးစီးနေပြီ။ ကျန်တဲ့တိုက်ခန်း ၅၀၀ ကျော်ကတော့ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ရာမှာ ၂၀၃၀ ပြည့်နှစ် စီမံကိန်းကို ၂၀၁၁ ခုနှစ်ကစပြီး ငါးနှစ်တစ်ပိုင်း သတ်မှတ်အကောင်အထည် ဖော်နေခြင်းဖြစ်ပါတယ်။

ဒီလိုရန်ကုန်မြို့ပြရဲ့ လူနေထိုင်မှုသိပ်သည်းခြင်းကို လျှော့ချတဲ့အနေနဲ့ ဗဟိုချွစနစ်ဖြစ်တဲ့ ရန်ကုန်မြို့ဆင်ခြေဖုံးမြို့နယ်တွေမှာ မြို့သစ်စီမံကိန်းတွေ၊ အိမ်ရာစီမံကိန်းတွေ ဖော်ထုတ်နေတာဖြစ်ပါတယ်။ အခုဆိုရင် လှည်းကူးမြို့နယ်ထဲမှာရှိတဲ့ Eco Green City စီမံကိန်းကတော့ တန်ဖိုးနည်းအိမ်ရာတွေ စတင်ဆောက်လုပ်ဖော်ဆောင်နေပြီဖြစ်တာမို့ မြို့ပြမွန်းကျပ်မှုကို လျှော့ချပေးမယ့် ဆောင်ရွက်မှုပဲဖြစ်ပါတယ်။ ။

# ကားဝယ်မည့်သူများ သတိထား၍ စိစစ်ပြီးမှဝယ်ကြသည့် ရန်ကုန်ကားဈေးကွက်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

**ယခုရာသီသည်မိုးရာသီဖြစ်ခြင်းကြောင့် ပုံမှန်အားဖြင့် ကားဈေးကွက်သည် အေးစက်သည့် ကာလတစ်ခုဖြစ်တတ်သည်။ သို့သော် မူဝါဒများ မကြာခဏ ထွက်ပေါ်နေခဲ့ခြင်းကြောင့် ကားဈေးကွက်သည် ပုံမှန်အရောင်းအဝယ်ကာလပင် မရှိတော့သလောက်ဖြစ်လာပြီး မူဝါဒအပြောင်းအလဲတစ်ခုခုနောက်သို့သာ လိုက်ပါဆောင်ရွက်ပြီး ရောင်းနေကြ၊ ဝယ်နေကြရသည်ကများသည်ဟု ရန်ကုန်ဈေးကွက်လောကသားများက ဆိုသည်။**

● မင်းသော်

ဇွန်လအတွင်းကပင် ထွက်ရှိမည်ဟု သတင်းကြီးနေသည့် မြို့ဝင်ကြေး ကောက်ခံမှုအပြောင်းအလဲရှိမည့် သတင်းစကားကြောင့် နယ်လိုင်စင်ကားများ ဈေးနှုန်း အနည်းငယ် ကျဆင်းလာသော်လည်း ယခုရက်အထိ ငြိမ်သက်နေခြင်းကြောင့် အရောင်းအဝယ်သမားများ စောင့်ကြည့်လျက်ရှိကြသည်။ သို့သော် ယခုရက်ပိုင်းအတွင်း နယ်လိုင်စင်ကားများ အရောင်းအဝယ်မှာ အလွန်နည်းပါးခဲ့ပြီး အများစုသည် ဈေးမတက်ဘဲတန့်နေကာ အပြောင်းအလဲ ပြောသံနည်းပါးသည့် ရန်ကုန်လိုင်စင် မော်တော်ကားများကိုသာ ရွေးချယ်ဝယ်ယူလာကြကြောင်း ကားလောကသား ကိုကျော်ဇေယျာဝင်းက ပြောကြားသည်။

"ဒီရက်ပိုင်းမှာ ကားဈေးကွက်ကတော့ ပုံမှန်ပဲလို့ ပြောလို့ရပါတယ်။ အများစုကတော့ ရန်ကုန်လိုင်စင်နံပါတ်ထွက်ထားတာတွေပေါ့။ ဒါကတော့ ရောင်းရ၊ ဝယ်ရတာလည်း အဆင်ပြေတယ်။ စီးသူလည်း စိတ်ကျေနပ်မှုရှိတယ်။ မူဝါဒဆိုရင်လည်း လက်ရှိမှာ ငြိမ်နေတော့ အရောင်းပုံမှန်ရှိတဲ့သဘောဖြစ်ပါတယ်။ စတိနံပါတ်ကားတွေကတော့ အရောင်းတော်တော်လေးပါးနေတယ်။ စတိကားထက်ပိုင်နိုင်တဲ့ လိုင်စင်ကားကို အဓိကထားဝယ်လာကြတယ်"ဟု ၎င်းက ရှင်းပြသည်။

YVQC စနစ်ကို စောင့်ကြည့်နေကြသူများတွင် ယမန်နှစ်က ညာမောင်းဖြင့် ဆက်လက်တင်သွင်းခွင့်ရရှိရန် အထောက်အထားရရှိထားကြသူများလည်းပါဝင်ပြီး လာမည့်နှစ်ကုန်နှင့် နှစ်ဆန်းကာလများအထိ ညာမောင်းကားများ အရောင်းအဝယ်မှာ ကျဆင်းသွားရန် လမ်းမမြင်နိုင်သေးဟု ကျွမ်းကျင်သူများကလည်း ဆိုထားရာ အများစုမှာ စတိထက် လိုင်စင်ထွက်ပြီးသား ညာမောင်းတစ်ပတ်ရစ်ကားများကို ဈေးကိုင်နေကြခြင်းဖြစ်သည်ဟု သိရှိရသည်။

"ဒီရက်ပိုင်းမှာ ထူးခြားတာတော့ လိုင်စင်မဲ့ ကားတွေကို စိစစ်တာတွေ၊ သာသနာနဲ့ပတ်သတ်တဲ့ကားတွေဆိုရင် အသိပညာပေးတာတွေ၊ လိုင်စင်ဝင်ဖို့ ပြောတာတွေ ရှိလာတယ်။ ဒီအပေါ်မှာ နောက်ပိုင်းဘယ်လိုဆက်ပြီး အရေးယူသွားမလဲ၊ ဖြေလျှော့သွားမလဲဆိုတာကိုလည်း စောင့်ကြည့်ကြသူများတယ်။ ဒီအကြောင်းအရာက ကားဈေးကွက်ကို တိုက်ရိုက်ထိခိုက်တာမျိုးတော့မရှိပါဘူး။ သူ့ဈေးနဲ့သူလည်းဖြစ်ပြီး ဘာမှလည်း မဆိုင်ပါဘူး။ ရန်ကုန်အထိ လိုင်စင်မဲ့ ကားတွေ ရောက်လာတယ်ဆိုတာက လည်း အခုမှ ရောက်တာမဟုတ်ဘူး။ ကြာနေပြီ။ ဒါကို ကိုင်တွယ်ဖြေရှင်းပေးရမှာ အစိုးရအလုပ်ပဲ။ ဒီလိုလုပ်ခြင်းအားဖြင့် တရားဝင်ကားတွေဖြစ်လာမယ်။ ဘယ်လောက် ဖြေလျှော့ပေးမလဲဆိုတာတော့ သေသေချာချာမသိရသေးဘူး။ အားလုံးကလည်း စောင့်ကြည့်နေကြ တယ်"ဟု ကားပွဲစား ကိုညဏက လိုင်စင်မဲ့ကားများနှင့်ပတ်သက်၍ ပြောပြသည်။

လက်ရှိစလစ်ဈေးမှာလည်း ငွေကျပ် ၁၂၅သိန်းအောက်လုံးဝကျဆင်းနိုင်ခြေမရှိသေးဘဲ ထပ်မံ၍ တက်မလာနိုင်ဖို့ပင် ဆုတောင်းကြရမည်ဖြစ်ကြောင်း၊ တိုက်ကြေကားများ ရှားပါးခြင်း၊ ယာဉ်အိုယာဉ်ဟောင်းလဲလှယ်မှုစနစ်အရ သက်တမ်းနှစ် ၂၀ ရှိ မော်တော်ကား စလစ်များ ဈေးကွက်အတွင်း နည်းပါးလာခြင်းတို့ကြောင့် မူဝါဒအနည်းငယ် ပြောင်းသော်လည်း ကျဆင်းမည်မဟုတ်ဟု ခန့်မှန်းကြသူများကိုလည်း မြင်တွေ့ရသည်။ ။



**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၀ |
| Kluger | 2002 | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၆၅ |
| Fit GE6 | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၈၀ |
| Insight | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၀ |
| Wish | 2012 | ရန်ကုန် | 1800cc | အပြင်ဈေး | ၅၀၀ |
| Vitz | 2010 | နယ် | 1300 cc | အပြင်ဈေး | ၁၈၅ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၄ |
| Mark X | 2004 | ရန်ကုန် | 3000 cc | အပြင်ဈေး | ၃၁၀ |
| Hijet | 2011 | ရန်ကုန် | 660cc | အပြင်ဈေး | ၁၃၀ |

# နိုင်ငံစီးပွားရေးစာမျက်နှာသစ် ဖွင့်လှစ်ပေးမည့် ရန်ကုန်တက္ကသိုလ်မှ ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်အကြောင်း တစေ့တစောင်း

ထင်ပေါ်ဝင်း

မြန်မာနိုင်ငံရှိ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များစွာကို မွေးထုတ်ပေးရာ ရန်ကုန်တက္ကသိုလ်သည် မကြာသေးမီနှစ်ပိုင်းများမှစ၍ ပြန်လည်သက်ဝင်လှုပ်ရှားလျက်ရှိသည်။ ယခုအခါ အသစ်တစ်ဖန်နိုးထခဲ့သော တက္ကသိုလ်ကြီးသည် အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များနှင့် ချိတ်ဆက်ကာ မြန်မာ့ပညာရေးကို အဆင့်မြှင့်ရန် ကြိုးစားနေပြီဖြစ်သည်။ ပြည်ပ ကျောင်းသား ကျောင်းသူများကို လက်ခံသင်ကြားပေးခြင်း၊ ပြည်တွင်းမှ ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများအား ပြည်ပသို့စေလွှတ်ပညာသင်ယူစေခြင်းများအပြင် တက္ကသိုလ်ရှိ ဘာသာရပ်များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

ထို့ကြောင့်ပင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်သင်ကြားပေးမည့် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်အကြောင်းကို သွားရောက်လေ့လာကြည့်မိခဲ့သည်။

မြန်မာနိုင်ငံ၏ ရေထွက်ကုန်ထုတ်လုပ်နိုင်မှုသည် စစ်တမ်းများအရ ကမ္ဘာ့အဆင့် ၁၂ နေရာတွင် ရပ်တည်လျက်ရှိပြီး ပြည်တွင်းစားနပ်ရိက္ခာကို ပံ့ပိုးနိုင်မှုအတွက် အရေးပါသည့် ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေထွက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် နည်းစနစ်ကျစွာ လမ်းညွှန်နိုင်သောပညာရှင်များနှင့် အကောင်အထည်ဖော်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိသည်။ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုပညာသင်နှစ်မှစ၍ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်သည် အသုံးချသိပ္ပံဘာသာရပ်တစ်ခုဖြစ်ပြီး ရေသတ္တဝါများ ရေရှည်ထိန်းသိမ်းရေးနှင့် ခေတ်မီသောရေသတ္တဝါမွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာတွေ့လက်တွေ့ သင်ခန်းစာများ သင်ကြားပေးခြင်း၊ သင်ယူခြင်းများ ပြုလုပ်နိုင်ရန် ပြည့်စုံစွာဖြည့်ဆည်းထားသော ဘာသာရပ်တစ်ခု ဖြစ်သည်။ ဘာသာရပ်၏ ပင်မကျောရိုးဖြစ်သော သင်ရိုးညွှန်းတမ်းကို ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနရှိ ပါမောက္ခ၊ ဆရာ ဆရာမများသာမက သတ္တဗေဒဘာသာရပ်ဖြင့် ပြီးစီးသွားသော ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှ အငြိမ်းစားယူသွားသော ပါမောက္ခများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြံပေးများ၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနနှင့် သုတေသနများ တွဲဖက်လုပ်ကိုင်လျက်ရှိသော University of Arizona, Tokyo University of Marine Science and Technology, The University of Tokyo, Wageningen University, Cantho University, MYSAP Project အစရှိသည့် ပြည်တွင်းပြည်ပ တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၏ အကြံပေးမှုများဖြင့် ဝိုင်းဝန်းရေးဆွဲထားသည့် နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းတစ်ခုဖြစ်သည်။



သင်ကြားရမည့် ဘာသာရပ်များအနေဖြင့် ပထမနှစ်တွင် ရန်ကုန်တက္ကသိုလ်ရှိ အခြားဘာသာရပ်များနည်းတူ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သတ္တဗေဒ၊ ဇီဝ၊ ဓာတုအစရှိသည့် အခြေခံပညာရပ်များနှင့်တွဲဖက်၍ အထူးပြုဘာသာများဖြစ်သော ရေလုပ်ငန်းဆိုင်ရာဘာသာရပ်နိဒါန်းနှင့် ရေနေသတ္တဝါဇီဝဗေဒ စသည်တို့ကို သင်ကြားရမည်ဖြစ်သည်။ ဒုတိယနှစ်မှ စတုတ္ထနှစ်တွင်မူ ငါးလုပ်ငန်းဆိုင်ရာ အထူးပြုဘာသာရပ်များဖြစ်သော ငါးနှင့်ရေသတ္တဝါရောဂါဗေဒ၊ ငါးလုပ်ငန်းဆိုင်ရာ စီမံကြီးကြပ်မှုဘာသာရပ်၊ ငါးမွေးမြူရေးနှင့် ရေရှည်ထုတ်လုပ်နိုင်သော ဘာသာရပ်၊ ငါး၊ ပုစွန်ဆေးထိုးသားဖောက်ခြင်းနှင့် ပြုစုခြင်းဘာသာရပ်၊ ငါး၊ ပုစွန်အစာအာဟာရဗေဒ၊ ရေသတ္တဝါများ ထုတ်လုပ်ခြင်းဆိုင်ရာဘာသာရပ်၊ အရည်အသွေးနှင့် အစာအာဟာရလုံခြုံမှုဆိုင်ရာ ဘာသာရပ် စသည့်အထူးပြုဘာသာရပ်များကို စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် ထူးခြားချက်အနေဖြင့် တတိယနှစ်မှစ၍ အလုပ်သင်ကျောင်းသားအစီအစဉ်ပါဝင်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိဝါသနာပါရာ ငါး၊ ပုစွန်မွေးမြူရေးကန်များ၊ ဓာတ်ခွဲခန်းများ၊ ငါးအစာစက်ရုံများ၊ ငါးတန်ဖိုးမြှင့်ထုတ်ကုန်စက်ရုံများ၊ ငါးသားဖောက်စခန်းများတွင် လက်တွေ့ကွင်းဆင်း၍ လေ့လာဆည်းပူးရမည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် လုပ်ငန်းခွင်မဝင်မီကပင် အလုပ်သဘောတရားနှင့် တွေ့ကြုံရမည့် အခက်အခဲများကို ပိုမိုနားလည်ပြီး စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်နိုင်မည်ဖြစ်သည်။

အဆိုပါ အလုပ်သင်ကျောင်းသားအစီအစဉ်နှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ရေနေသက်ရှိ သုတေသနဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကေလွင်ထွန်းက "ကျွန်မတို့အနေနဲ့ တတိယနှစ်မှာ ထူးခြားချက်အနေနဲ Internship ဆိုတဲ့ အလုပ်သင်ကျောင်းသားအစီအစဉ်ပါ ပါတယ်။ ဒီအလုပ်သင်ကျောင်းသားအစီအစဉ်က ကလေးတွေကို အမှတ်ပေးစည်းမျဉ်းထဲမှာလည်း အမှတ်ထည့်ပေးထားပါတယ်။ ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်က လက်တွေ့ပိုင်းဆိုင်ရာနဲ့ အများကြီးဆက်နွယ်ပြီး အသုံးချရတဲ့ဘာသာရပ်ဖြစ်တဲ့အတွက် တတိယနှစ်မှာ ကလေးတွေဟာ အလုပ်ခွင်မှာ Internship ကို နှစ်လဝင်ရမှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ငါးမွေးကန်၊ ဓာတ်ခွဲခန်း၊ ငါးအစာအာဟာရဆိုင်ရာဓာတ်ခွဲခန်း၊ ငါးရောဂါဆိုင်ရာ ဓာတ်ခွဲခန်း၊ ငါးစာထုတ်လုပ်တဲ့စက်ရုံ၊ အဆင့်မြင့်ငါးထုတ်ကုန်ပစ္စည်း ထုတ်လုပ်တဲ့စက်ရုံ၊ ပုစွန်မွေးမြူရေးဘက်တွေကို သူတို့နှစ်လသွားပြီး လက်တွေ့လုပ်ငန်းခွင်ဝင်ရမှာ ဖြစ်ပါတယ်။ လက်တွေ့လုပ်ငန်းခွင်မှာ ရရှိလာတဲ့ ပညာတွေ၊ အတွေ့အကြုံတွေ၊ သဘောထားမှတ်ချက်တွေကို ဒီနှစ်လတာပြီးလို့ရှိရင် အစီရင်ခံ ပြန်ပေးရမှာ ဖြစ်ပါတယ်။ နောက်ဒီကလေးတွေကို လက်ခံတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းခွင်ကလူတွေကလည်း ဒီကလေးတွေရဲ့ကြိုးစားမှုအပေါ် သုံးသပ်ပြီး အမှတ်ပြန်ပေးမှာ ဖြစ်ပါတယ်။ ကလေးတွေဟာ ကျောင်းမပြီးခင်ကတည်းက ကျောင်းပြီးသွားရင် လုပ်ရမယ့် လုပ်ငန်းခွင်အတွက်ရော၊ ဒီအလုပ်မှာ ဘာအခွင့်အရေးတွေ ရှိသလဲဆိုတာကို သိရှိပြီးသားဖြစ်သွားသလို အလုပ်ခန့်အပ်မယ့် လူတွေဘက်ကလည်း ဒီကလေးတွေရဲ့လိုအပ်ချက်တွေကို သူတို့ ဖြည့်စွက်ပေးပြီး ကလေးတွေ ပိုမိုတိုးတက်အောင် လုပ်ပေးနိုင်တဲ့အတွက် တကယ့်ကို လက်တွေ့အသုံးချဘာသာရပ်ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

သို့ဖြစ်ရာ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်သည် နိုင်ငံတော်၏ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေးကို တိုက်ရိုက်အကျိုးပြုနိုင်သည့် ဘာသာရပ်ဖြစ်သည့်အလျောက် ကျောင်းသား ကျောင်းသူတို့အတွက် များစွာသော အခွင့်အလမ်းတို့က စောင့်ကြိုလျက်ရှိသည်။ ငါးရောဂါဗေဒပညာရှင်အဖြစ် လည်းကောင်း၊ ငါးမွေးမြူရေးအကြံပေးအဖြစ် လည်းကောင်း၊ အရည်အသွေးထိန်းချုပ်ရေးဌာနများတွင် လည်းကောင်း၊ ငါးအစာအာဟာရဗေဒပညာရှင်များအဖြစ် လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ငါးသယံဇာတထိန်းသိမ်းရေး ပညာရှင်များအဖြစ် လည်းကောင်း တက္ကသိုလ်များ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် အလုပ်အကိုင်အခွင့်အလမ်းတို့က စောင့်ကြိုလျက်ရှိရာ အလုပ်အကိုင်ရှာဖွေရခက်ခဲသော ကျောင်းသား ကျောင်းသူများအတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ အသစ်မွေးဖွားပေးမည့် ဘာသာရပ်တစ်ခုဖြစ်သော ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်သည် အနာဂတ်မြန်မာနိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အထောက်အပံ့ဖြစ်စေမည့် ဘာသာရပ်တစ်ခုအဖြစ် ရပ်တည်နေမည်ဖြစ်ရာ နိုင်ငံစီးပွားရေးစာမျက်နှာသစ်ဖွင့်လှစ်ပေးမည့် ရန်ကုန်တက္ကသိုလ်မှ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်နှင့် ပတ်သက်၍ လေ့လာမိသမျှ ခြုံငုံတင်ပြလိုက်ရပါကြောင်း . . .။ ။